www.burmeseclassic.com

# ဝိတက်ကြွမှာ ဒသဝေဂျော်နွာ

စုန်းမဟု အစွပ်စွဲခံရသူ မိန်းမပျိုတစ်ယောက်၏
တုန်လှုပ်ဖွယ် ဇာတ်ကြောင်း

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com


**ပုံနှိပ်မှတ်တမ်း**

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၅၀၀၅၂၂၀၅၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၅၀၀၇၃၆၀၇၁၀ |
| ထုတ်ဝေသူ | - ဦးဝင်းသူရလွင်<br>(အိမ်မက်အသစ်စာပေ)<br>၃၈ (၃ လွှာ)၊ ၁၅၃-လမ်း<br>တာမွေမြို့နယ်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - ဦးဇော်မြင့်ဝင်း<br>(ကာလာဖုန်ပုံနှိပ်တိုက်)<br>၁၈၄ (ဘီ)၊ ၃၁ လမ်း (အထက်)<br>ပဲတန်းမြို့နယ်။ |
| မျက်နှာဖုံးဒီဇိုင်း | - D. [illegible]ha Giri |
| ပုံနှိပ်ခြင်း | - ပထမအကြိမ်<br>ဇူလိုင်လ၊ ၂၀၁၀ ခုနှစ်၊ |
| အုပ်ရေ | - ၁၀၀၀ |
| တန်ဖိုး | - ၁၆၀၀ ကျပ် |

၈၉၅ . ၈၃

ဒဿကျော်စွာ

ဝိဘတ်ကြမ္မာ / ဒဿကျော်စွာ ။ - ရန်ကုန် ၊

အိမ်မက်အသစ် ၊ ၂၀၁၀။

၁၄၄ - စာ၊ ၁၂ × ၁၈ . ၅ စင်တီမီတာ။

(၁) ဝိဘတ်ကြမ္မာ



၁။ [illegible]အခြားမော်ဒန်ဝတ္ထုတိုများ — သစ္စာနီ

၂။ [illegible] — ဝေမျှားသွင်

၃။ ဂလိုဘယ်လိုက်ဖေ့ရှင်း ရှေးဟောင်းလူဆိုးနဲ့... — မောင်စွမ်းစမ်း

၄။ ဂလက်စီမိစ္ဆာနှင့်သံမဏိမီးလျှံ — တာရာလင်းနွယ်

၅။ မိုးရာသီပတ်ပျိုး — တာရာမင်းဝေ၊ ဝေမျှားသွင်

၆။ ကမ်းဝေးလောင်အိမ် — သစ္စာနီ၊ မင်းခိုက်စိုးစန်

၇။ သူရဲကောင်းသြဲ့ခြေနင့်ရွေ့လျားနေသောရဲတိုက် — တာရာလင်းနွယ်

၈။ မှုကြီးတစ်ဦး၏ဖာလူဒါအရသာ — ဝေမျှားသွင်

၉။ ကြက်ခြေခတ်နှစ်ခု — တာရာမင်းဝေ၊ ဝေမျှားသွင်

၁၀။ မင်းလူ...ဝေမျှားသွင်...Lမင်းပြည့်မှန် — မင်းလူ၊ ဝေမျှားသွင်၊ Lမင်းပြည့်မှန်

၁၁။ ပြတင်းပေါက်ကလွတ်ကျသွားတဲ့အိပ်မက် — Lမင်းပြည့်မှန်

၁၂။ အိပ်မက်တစ်မက်စာ — ရွှေထိုက်

၁၃။ တစ်ဝက်တစ်ပျက်ည — မင်းခိုက်စိုးစန်၊ Lမင်းပြည့်မှန်

၁၄။ အနေ့သွားလွန်းပျံယာဉ် — ဝေမျှားသွင်

၁၅။ ဟိုး...ရှေးရှေးတုန်းက — ရွှေထိုက်

၁၆။ ငှက်ဆိုးတွန်ချိန် — သတိုးတေဇ

၁၇။ စောင့်နေသူ — သတိုးတေဇ

၁၈။ ညဦးနက်သန်းခေါင်ခွေးတစ်ကောင် — သတိုးတေဇ

၁၉။ ဂျစ်ပစီသင်ခန်းစာ — လင်းညို့သွေး

၂၀။ မိစ္ဆာမျက်ရည် — ဒေဝလကျော်

၂၁။ စွဲလမ်းခြင်းခရီးသည် — သတိုးတေဇ

၂၂။ မာယာကစားပွဲ — လင်းညို့သွေး

၂၃။ အပြာရောင်မှတ်ဉာဏ်အပိုင်းအစများ — ဝေမျှားသွင်

၂၄။ ချစ်သူ့ရွာ — လူနေ

၂၅။ အမှောင်ကြောက်သူ — သတိုးတေဇ၊ ဒေဝလကျော်

၂၆။ ညည်းတွားနိုက်တဲ့ပုံသ — သတိုးတေဇ

၂၇။ ဦးရှင်ကြီး — ဒိဗ္ဗကျော်[illegible]

၂၈။ ပန်းဝင်စား — ဝေမျှားသွင်

၂၉။ ခေးရယ် — လူနေ

၃၀။ ကလေးအတွေး Essay — မင်းခိုက်စိုးစန်

၃၁။ ကိန္နရာပြည်သို့ အလည်ရောက်သူ — ဒိဗ္ဗကျော်စွာ

၃၂။ ဘာဆိုလားပဲ — လူနေ

၃၃။ ခေါင်းညိတ်ပြတဲ့ အရိပ်ကလေး — ဝေမျှားသွင်

၃၄။ လိပ်ပြာခွဲတဲ့ည — ဒဿကျော်စွာ

၃၅။ စေည့ှန်ရာကြမ္မာဆိုး — သတိုးတေဇ

၃၆။ 25 — လူနေ

၃၇။ နှင်းဆီရောင်မှန်တိုင်း — ဝေမျှားသွင်

၃၈။ အလင်းအမှောင်ကကြိုး — ဝေမျှားသွင်

၃၉။ နိုနိုပိုလိ — လူနေ

၄၀။ ဆင်ဝင်စားတဲ့လူ — ဒဿကျော်စွာ

၄၁။ လမိုက်ညခေါ်သံ — ဒဿကျော်စွာ

၄၂။ သွေးနကြွတ်ရှင် — ဒဿကျော်စွာ

၄၃။ အချိုမြစ် — လူနေ

၄၄။ နတ်သမီးအဆောင် — လူနေ

၄၅။ ဝိဘတ်ကြမ္မာ — ဒဿကျော်စွာ

ဆက်လက်ထွက်ရှိမည့်စာအုပ်များ

၄၆။ ဘုတ်ကြိုး — လူနေ

www.burmeseclassic.com

Eainmakathit presents

Eainmakathit

38 (3rd-fl), 153rd Lane, Tamwe Ts, Yangon.

095112428, 551403

# ဝိဘတ်ကြမ္ဘာ

(အထူးထုတ်လုံးချင်းဝတ္ထု)

## ဒဿကျော်စွာ

www.burmeseclassic.com

www.burmeseclassic.com

လေးလမှ တစ်ကြိမ်ထုတ်တယ်။

ထွက်တိုင်းထူးခြားတယ်။

ဒါကြောင့် ...

ဒဿကျော်စွာရဲ့ ...

အုပ်တိုင်းဟာ အထူးထုတ်ဖြစ်တယ်။

သို့

လူကလေး ဒဿကျော်စွာ

ဒီစာအုပ် အတွက် ပုံတွေပါရိုက်တဲ့ ကိုယ့်မြင်မျက်လုံးကို

ကျေးဇူးပြုပြီး ဖတ်ကြည့်ပေးပါ။

အားအားရှိ ခုလို အလုပ်ရှုပ်တဲ့ကာလမှာ

ဒီအကြောင်းလေးကို လူသိအောင်ပြောပြခဲ့ပါတယ်

ဒါတွေဟာ ဖော်ပြလိုက်ပေမဲ့

အားအတော့ အပေါ်ပြောင်းမယ် မဟုတ်ဘူး

ဒီအမြင်တွေဟာ တကယ်လည်းစိတ်ဝင်စားဖို့ကောင်းတယ်လို့

အား အမှတ်အကျံမှာ တစ်ဂုဏ်တစ်ကျမ်း မေးခဲ့ပြော

နိုင်ခဲ့တဲ့ အကြောင်းရပ်တွေပါ။

www.burmeseclassic.com

www.burmeseclassic.com

ညူကလေး အတင်းသင်ပါလို့ အသုံးချဖို့
အကျဉ်းချုပ်သဘောကို ရေးပေးလိုက်ပါတယ်

ဒါတွေကို အဓိပ္ပါယ်ရှိပြီး ဇာတ်လမ်းဖွဲ့ပြီးရေးရင်
အင်မတန် ထူးခြားတဲ့ ဇာတ်လမ်းတစ်ပုဒ် ဖြစ်မှာပါ

အခုလတစ်ခုကြ ကျွန်မ ရှာရေးဆက် တစ်ယောက်ပါ
အကျိုးဆောင်ကတော့ ပုံချုပ်တာ အုပ်တာ
မဂ္ဂဇင်းစာမျက်နှာတွေသာ အဓိက ရေးခဲ့တာပါ

အပြင်ဘက်ဖြစ် အကျိုးမထိ နှစ်ကာလကြာရှည်
မှီသိပ်ခဲ့ရတဲ့ အဖြစ်တွေ မှင်အစွန်း ရှိကြရင်
အားပေးတော့ ကျေနပ်ဝမ်းမြောက် သွားပါပြီ

ညူကလေး ကျန်းမာရွှင်လန်းပါစေ။

## အခန်း (၁)

ခော်တော်ကားလေးသည် ရှမ်းတောင်တန်းကြီး၏ ခြေရင်းပိုင်း တောင်ကုန်း တောင်ပူစာများကြားမှ ဖြတ်သန်းမောင်းနှင်လာခဲ့သည်။ တန့်ယန်းမြို့ကလေးကို မိုင်အတော်များများ လွန်မြောက်လာခဲ့ပြီးနောက် တောင်ဆင်းမြေပြန့်တစ်ခုနားအံ့ရောက်တွင် မော်တော်ကားလေးမှာ ကျွံချဲ့ ထိုးရပ်သွား၏။

"နောင်ကြီးသွားချင်တဲ့ နမ့်စစ်ဆွမ်ရွာလေးကို ဟိုရှေ့က လမ်းချိုးလေးအတိုင်းသွားရင် ရောက်လိမ့်မယ်"

ကားဆရာက ပြောလာတော့ ရှေ့က လမ်းချိုးကို လှမ်းကြည့်မိသည်။ လူနှစ်ယောက်ရပ်နေသည့်ဆော်၌ လမ်းချိုးလေးတစ်ခု။

"ဟိုလူနှစ်ယောက်ရပ်နေတဲ့ ဆားက လမ်းချိုးလေးလား"

www.burmeseclassic.com



"ဟုတ်တယ် အဲဒီလမ်းချိုးပဲ၊ အဲဒီလူနှစ်ယောက်က နမ်စစ်ဆွမ်ကနဲ့ တူတယ်၊ တစ်ခါတစ်လေ ဒီကနေ ကားကြုံလိုက်တတ်တယ်လေ၊ နောင်ကြီး နမ်စစ်ဆွမ်ကို ဘယ်လိုသွားရမလဲဆိုတာ သူတို့ကို မေးကြည့်ပေတော့၊ ဒီကနေ နမ်စစ်ဆွမ်က တော်တော်ဝေးသေးတယ်ဗျ"

သဘောမနောကောင်းပုံရသော ကားဆရာက ကျွန်တော့်ကို သေသေချာချာ ရှင်းပြ၏။ သူက ကျွန်တော့်ကို တန့်ယန်းမြို့လေးမှ ကားကြုံခေါ်လာခဲ့ခြင်းဖြစ်သည်။ သူ့အပြောအရ သူက နယ်စပ်ရွာလေးတွေမှ ဆေးဖက်ဝင် သစ်မြစ်၊ သစ်ဖုတွေ လိုက်ဝယ်ပြီး တန့်ယန်းမြို့ပေါ်မှာ ပြန်လည်ရောင်းချတာတဲ့။ ပြီးတော့ မြို့ပေါ်က အိမ်အသုံးဆောင် ပစ္စည်းလေးတွေ အဝတ်အထည်တွေ စားစရာတွေ ပြန်ဝယ်ပြီး နယ်စပ်ရွာတွေမှာ ပြန်ရောင်းသည့် ကုန်ရောင်း ကုန်ဝယ်အလုပ်ကို လုပ်တာတဲ့လေ။

သူတို့လို လူမျိုးတွေရှိနေလို့လဲ မြို့နဲ့အဝေးပုံမှန်ကွာဝေးပြီး လူသူအရောက်အပေါက်နည်းလှတဲ့ ယောသည် အရပ်ဒေသတွေကို ကားကြုံစီး လိုက်လို့ရနေတာ။ နို့မို့ တန့်ယန်းကနေ ဒီအထိ ခရီးကနည်းနည်းနောနောလား။ ကားကြုံသာမလိုက်ရလျှင် လာဖို့မလွယ်ဘူးဟု ကျွန်တော်တွေးမိတော့ ကျွန်တော့်ကို တင်ခေါ်လာသည့် ကားဆရာကို အရမ်း ကျေးဇူးတင်သွားမိသည်။



"ကားကြုံလိုက်ခွင့်ရတာ ကျေးဇူးတင်လိုက်တာဗျာ၊ ဟိုဘယ်လိုမှ မအောက်မေ့ပါနဲ့နော်၊ ကားဆရာကြီးရဲ့ ကျေးဇူးကို ပြန်တုံ့ပြန်တဲ့သဘောပါ၊ တစ်ဦးမေတ္တာ တစ်ဦးစေတနာပေါ့ဗျာ"

အိတ်ထဲမှ ငွေစက္ကူအချို့ကို နှိုက်ထုတ်ကာ ကားဆရာအား လှမ်းပေးရင်းမှ ပြောလိုက်မိသည်။ ကားဆရာကြီးက သွားများဖေါ်အောင် ရယ်လိုက်ပြီးနောက် ပိုက်ဆံများကိုလှမ်းယူသည်။

"ဟုတ်ကဲ့ပါဗျာ နောက်လမ်းကြုံရင်လဲ ကျွန်တော့်ကားကို စီးနိုင်ပါတယ်၊ ကျွန်တော်က တစ်လကို နှစ်ခါလောက်တော့ မြို့ကို ပြန်တက်တယ်၊ လလယ်ရက် (၁၅)ရက်နေ့နဲ့ လကုန်ရက်တွေဆို ပုံမှန် မြို့တက်နေကျဗျ"

"ဪ... ဟုတ်လား ဒါဆို ဟန်ကျတာပေါ့ဗျာ၊ ကျုပ်ပြန်ရင် နောင်ကြီးရဲ့ကားကို စောင့်စီးရမယ်"

ကားဆရာကို နှုတ်ဆက်ပြီး ကားပေါ်မှဆင်းလိုက်တာနှင့် လမ်းချိုးလေးဘေးတွင် ရပ်နေကြသော လူနှစ်ယောက် ကျွန်တော့်ထံသို့ ဦးတည်လာနေ၏။ တစ်ယောက်က ထောင်ထောင်မောင်းမောင်း နောက်တစ်ယောက်က ပုပျပ်ပုပျပ် အသားညိုညို၊ ဆံပင်တော်သိုင်း နှစ်ယောက်စလုံး ရှမ်းဘောင်းဘီရှည်ရှည်ဖွာဖွာကြီးတွေ ဝတ်ဆင်ထားကြ၏။ ထောင်ထောင် မောင်းမောင်းနှင့်လူက မှုးလေးလိုအရာရှိ

www.burmeseclassic.com

www.burmeseclassic.com



ကျောတွင်လွယ်ထားပြီး နောက်တစ်ယောက်လက်ထဲမှာ သစ်ခုတ်ဓါး လို ဓါးမတစ်ချောင်းကိုင်ထားသည်။ သူတို့ပုံစံတွေက တောလိုက်ထွက်လာသည့် မုဆိုးတွေနှယ်။

"ရန်ကုန်က လာတဲ့ဧည့်သည်ထင်တယ်"

ထောင်ထောင်မောင်းမောင်းနှင့်လူက ကျွန်တော့်ကို စပြောလာ၏။

"ဟုတ်ပါတယ် ဒီကနောင်ကြီးတို့က နမ်စစ်ဆွမ်ရွာကလား ခင်ဗျ"

"ဟုတ်တယ်၊ ကျုပ်တို့က နမ်စစ်ဆွမ်ကပဲ၊ ဒါနဲ့ ဒီက မိတ်ဆွေက စဝ်ခွန်နောင် ပြောထားတဲ့ စာရေးဆရာဆိုတာလား"

"ဗျာ... ဪ ဟုတ်ပါတယ်"

ကျွန်တော် အံ့သြစွာဖြင့် ပြောရင်း ယောင်ယမ်းခေါင်းညိတ်လိုက်မိ၏။ ကျွန်တော်ရောက်လာမှာကို ကြိုသိနေကြတယ်နဲ့တူပါတယ်။

"ဆရာရောက်လာမယ်လို့ စဝ်ခွန်နောင်က ကြိုပြီး အကြောင်းကြားထားပါတယ်၊ ဆရာကိုကြိုဖို့ ကျုပ်တို့လာစောင့်နေတာ၊ ဆရာ ကျုပ်နောက်လိုက်ခဲ့ပါ"

ပြောပြီး ကျွန်တော့်အထုပ်အပိုးတွေကို ကူသယ်ကြ၏။



ကျွန်တော်လည်း သူတို့နောက်မှ အသာတကြည်လိုက်ပါရင်း စဝ်ခွန်နောင်၏ အမြော်အမြင်ကြီးမှုကို စိတ်ထဲမှ ကျိတ်ချီးကျူးနေမိ၏။

စဝ်ခွန်နောင်နှင့် လွန်ခဲ့သည့် တစ်နှစ်လောက်က စတင်သိကျွမ်းခဲ့ရသည်။ ကျွန်တော့်ထုတ်ဝေသူ ဦးလှသန်း၏ မိတ်ဆက်ပေးမှုကြောင့် သူနှင့် သိကျွမ်းရင်းနှီးခဲ့ရခြင်းဖြစ်သည်။ သူက ရှမ်းပြည်နယ်နှင့် ရန်ကုန်ကို ကုန်သွယ်ရင်း ကြီးပွားချမ်းသာနေသူ တစ်ယောက်ဟုသိရသည်။ အခုတော့ ရန်ကုန်တွင်ပင် အခြေချနေထိုင်ကာ စီပွားရေးလုပ်ငန်းများ အောက်ချလုပ်ကိုင်နေသူဖြစ်သည်။ သူနှင့် ကျွန်တော်အတော်ကလေး ရင်းနှီးလာကြတော့ သူက သူတို့ဒေသက ထူးဆန်းအံ့ဖွယ်တွေအကြောင်း ပြောပြခဲ့သည်။

ကျွန်တော်က ထူးထူးဆန်းဆန်း ဂမ္ဘီရဆန်ဆန် အကြောင်းအရာတွေ ကိုသာ ရေးနေသည့် စာရေးဆရာမဟုတ်လား။ စဝ်ခွန်နောင်ပြောပြသည့်အကြောင်းအရာတွေက ကျွန်တော့်အတွက် စိတ်ဝင်စားရာတွေချည်း ဖြစ်စေခဲ့သည်။

သူပြောပြသည့် အကြောင်းအရာတွေထဲမှာ ကျွန်တော့်ကို အထူးတလည် စိတ်ဝင်တစား ဖြ [illegible] ာက နမ်စစ်ဆွမ်ဆိုသည့်ရွာလေးရှိ မော်ဝင်လိုထ်ဝူကြီးအ [illegible] း။

ထိုအကြောင်းချက်ကြောင့်ပင် လေ့လာစူးစမ်းချင်စိတ် အလွန်ပြင်းပြထက်သန်မှုက ကျွန်တော့်ကို ဒီအရပ်ဒေသ ခထိရောက်အောင်

www.burmeseclassic.com



ဆွဲငင်ခေါ်ဆောင်လာခဲ့ပြီ ဖြစ်၏။

တောလမ်းတစ်လျှောက် ခရီးနှင်လာခဲ့ပြီးမှ စိမ့်ငြိမ်အေးချမ်းသော တောင်ပေါ်ရွာလေးသို့ ရောက်ရှိလာခဲ့သည်။ ရွာသားများက ကျွန်တော့်ကို အထူးအဆန်းသဖွယ် ဝိုင်း၍ကြည့်ရှုကြသည်။ သူတို့အချင်းချင်း တီးတိုးပြောဆိုကြသည်။ သူတို့၏ဘာသာစကားကို နားမလည်၍ သူပာ့ဘာပြောနေကြသလဲဆိုတာ ကျွန်တော်မသိရ။

ရွာလမ်းတစ်လျှောက် ဖြတ်လျှောက်လာခဲ့ပြီးနောက် ရွာလယ်ရှိ ကြီးမားခန့်ထည်သော အိမ်တစ်အိမ်ရှေ့တွင် ရပ်လိုက်ကြသည်။

''ဒါ ကျုပ်တို့ရွာသူကြီး အိမ်ပဲ''

ထောင်ထောင်မောင်းမောင်းနှင့်လူက ကျွန်တော့်ကို လှည့်ပြောပြီးနောက် သူတို့ဘာသာစကားဖြင့် အိမ်ဘက်သို့ လှမ်းအော်ပြောလိုက်၏။ ထိုအခိုက် အိမ်တွင်းမှ ပြန်လည်ထူးသံကို ကြားလိုက်ရပြီး လူတစ်ယောက် ထွက်လာသည်။

ကျွန်တော့်ကိုမြင်တော့ ကွမ်းချိုးတက်နေ၍ နီရဲနေသော သွားများပေါ်အောင် ပြုံးပြရှာ၏။

''သြော်… ရောက်လာ့ကျုပ်လား၊ ဟဲ့ ခပ်ထီ ညှို့သည်ကို ကွပ်ပျစ်ပေါ်မှာမထိုင်ခိုင်းပဲနဲ့ ဘယ်နယ့် မတ်တတ်ကြီး ရပ်ခိုင်းထားရတာလဲ''

ဖျင်အင်္ကျီရှည်နှင့် ရှမ်းဘောင်းဘီပွကြီး ဝတ်ထားသော လူကြီး



က ကျွန်တော့်နံဘေးတွင် ရပ်နေသော ထောင်ထောင်မောင်းမောင်းနှင့်လူကို ဆူပြောလေး လှမ်းပြောလိုက်၏။

''ကဲ… ဧည့်သည်လေး ခရီးပန်းလာပြီ လာထိုင်ပါဦး''

ဖော်ရွေပျူငှာလှသော ရွာသူကြီးက ကျွန်တော့်ကို ကွပ်ပျစ်ပေါ်တွင် ထိုင်စေကာ ဧည့်ဝတ်ပြုသည်။

''ဒီက မိတ်ဆွေ ရောက်လာမယ်ဆိုတဲ့ စဝ်ခွန်နောင်က ကြိုပြီး အကြောင်းကြားထားပါတယ်၊ စဝ်ခွန်နောင်ရဲ့ မိခင်က ကျုပ်တို့ရွာကလေ၊ မြို့သားတစ်ယောက်နဲ့ အိမ်ထောင်ကျပြီး သူတို့ မြို့ပေါ်မှာပဲ နေကြတာ၊ စဝ်ခွန်နောင်က ကုန်ရောင်းကုန်ဝယ်လုပ်တော့ ကျုပ်တို့နဲ့ အဆက်အသွယ် မပြတ်ပါဘူး၊ ပြီးခဲ့တဲ့ တစ်ပတ်လောက်က စဝ်ခွန်နောင်က ကျုပ်ဆီအကြောင်းကြားလာတယ်၊ သူ့မိတ်ဆွေ တစ်ယောက် ဒီရွာကို အလည်ရောက်လာမယ်တဲ့ ကောင်းကောင်းဧည့်ဝတ်ပြုလိုက်ပါတဲ့လေ''

ကျွန်တော်က အားနာပြုံးလေးပြုံးကာ စိတ်ထဲမှ စဝ်ခွန်နောင်ကို ကျေးဇူးတင်နေမိသည်။

''စဝ်ခွန်နောင်ရဲ့ မိတ်ဆွေဆိုရင် ကျုပ်တို့ရဲ့ မိတ်ဆွေပဲပေါ့၊ ဒီမှာ ပျော်သလောက်သာ နေပါ၊ မိတ်ဆွေအတွက် တည်းခိုဖို့ အိမ်တစ်လုံးလဲ စီစဉ်ထားပါတယ်၊ ပြီးတော့ အဖော်ရ

www.burmeseclassic.com

www.burmeseclassic.com



အောင် ခမ်းထီကို ခေါ်ထားပါ၊ မိတ်ဆွေလေး ဘာအကူအညီပဲ လိုလို ကျုပ်ကိုပြောဖို့ အားမနာပါနဲ့၊ လိုအပ်တာရှိရင် ခမ်းထီကတဆင့် ပြောခိုင်းလဲရပါတယ်''

ရွာသူကြီးက တကယ်ကို ဧည့်ဝတ်ကျေပွန်ရှာသည်။ ဧည့်ဝတ်ကျေပွန်မှုနှင့် ဖော်ရွေပျူငှာမှုကို တွေ့ရတော့ ကျွန်တော်စိတ်ထဲ လှိုက်ကနဲ ခံစားလိုက်ရ၏။

''ခုလို ကျွန်တော့်ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြတာ တကယ်ပဲ ဝမ်းသာမိပါတယ်ဗျာ၊ အရမ်းလဲ ကျေးဇူးတင်ပါတယ်''

ဟု ဝမ်းသာအယ်လဲလေး ပြောလိုက်မိသည်။

ကျွန်တော်တည်းရသည့် အိမ်က ဘိုတဲလိုလို အိမ်အိုအိမ်ဟောင်းကြီးဖြစ်၏။ အရင်က ဒီနေရာမှ ပုလိပ်အရာရှိတွေ နေသွားသည်ဟု ကျွန်တော့် အဖော်ဖြစ်သူ ခမ်းထီက ပြောပြခဲ့သည်။ အိမ်ကြီးက ရွာပြင်ဘက် ခပ်ကျကျတွင် တည်ရှိသည်မို့ အေးအေးချမ်းချမ်း တိတ်တိတ်ဆိတ်ဆိတ် ရှိလှသဖြင့် စာရေးဖို့အတော်ကောင်းသည့် နေရာဟု ကျွန်တော်ထင်မိသည်။

နမ်စစ်ဆွမ်သည် လူသူအရောက်အပေါက် နည်းလှ၍ ဝေးလံခေါင်ဖျားသောဒေသရှိ လူသူသိပ်မများလှသည့် ရွာကလေးဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော် စိတ်ဝင်စားဖွယ် ရှိလှသော ဤအရပ်ဒေသကို



ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့ရပြီ။ ဒီအရပ်ကို လာရခြင်းအတွက် အကျိုးမရှိတော့ မဖြစ်တန်ရာဟု ကျွန်တော် မျှော်လင့်မိသည်။

ကျွန်တော် ရှာဖွေစူးစမ်းမည့် မှော်ဝင်ဂူကို တွေ့ခဲ့ရသည် ထားဦး အနည်းဆုံးတော့ အကောင်းဆုံးသဘာဝ ရှုခင်းတွေ မြင်ရမည်။ ရိုးသားပြီး အင်မတန်ရှေးကျတဲ့ ဓလေ့ထုံးစံနဲ့ အကျင့်စရိုက်တွေကိုလည်း တွေ့ရမည်။ စကားအဆန်းတွေကို ကြားရဦးမည်။ ပြီးတော့ ကဗျာဆန်တဲ့ ရှေးဟောင်းဒဏ္ဍာရီပုံပြင်တွေနဲ့ မိရိုးဖလာသီချင်းဆန်းတွေလဲ ကြားရဦးမှာပါ။ ဒါတွေဟာ ကျွန်တော့်အတွက် ရှားရှားပါးပါး ရတောင့်ရခဲတဲ့ အခွင့်အရေးတွေပဲ မဟုတ်ပါလား။

ကျွန်တော်ကတော့ ကိုယ့်စိတ်ကူးနှင့်ကိုယ် ကြည်နူးနေမိပါပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

နောက်တစ်နေ့မနက် ရွာထဲကို ကျွန်တော် လမ်းလျှောက်ထွက်လာခဲ့၏။ ကျွန်တော့်စိတ်ကူးက ရွာသားများနှင့် တရင်းတနှီးရှိအောင် အားထုတ်ဖို့ဖြစ်သည်။

ရွာသားများသည် ကျွန်တော့်ကို ခပ်လှမ်းလှမ်းမှနေ၍ မြင်လိုက်သည့်အခါ ဖော်ရွေစွာ ပြုံးရယ်ပြကြသော်လည်း ကျွန်တော်က ရပ်ပြီး သူတို့နှင့် စကားပြောဖို့ ကြိုးစားသည့်အခါတွင် သူတို့သည် မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်ကာ ကျွန်တော့်အား တအံ့တသြ စိုက်ကြည့်နေတတ်သည်။ ကျွန်တော်မေးသမျှ မေးခွန်းကိုလည်း မဖြေကြ။ အလွယ်ဆုံးဆိုသည့် မေးခွန်းကိုပင် သူတို့ နားလည်ကြသည့်လက္ခဏာမပြ ခေါင်းတခါခါ လက်တခါခါနှင့် ရှိနေကြသည်။

ဒီရွာတွင် မြန်မာစကား ပြောတတ်သူဆိုလို့ ရွာသူကြီးနှင့်



ကျွန်တော့်အဖော် ခမ်းထီတို့သာရှိသည်ဟု နောက်မှ ကျွန်တော်သိခွင့်ရခဲ့သည်။

မည်သို့ပင် ဖြစ်စေ ကျွန်တော်သည် နမ်စစ်ဆွမ်ရွာမှ ရွာသားများနှင့် သိပ်ပြီး တရင်းတနှီး မရှိလှပါ။ ထိုသို့ ဖြစ်ရခြင်းမှာလည်း ရွာသားများကိုယ်တိုင် သိပ်ပြီး ဖော်ရွေမှု မရှိဘဲ ခေါင်းမာလွန်းကြခြင်းကြောင့်လား ဒါမှမဟုတ် ကျွန်တော်ကိုယ်တိုင်က သူတို့နှင့် ခင်မင်ရင်းနှီးလာအောင် မဆက်ဆံတတ်ခြင်းကြောင့်လား မပြောတတ်ပါ။ သူ့စကားနားမလည် ကိုယ့်စကား သူနားမလည်သည့် အခြေအနေ၌ ရင်းနှီးခင်မင်ဖို့ သိပ်တော့ မလွယ်ကူမှန်း ကျွန်တော်သိလာရသည်။

ကျွန်တော် နမ်စစ်ဆွမ်ကို ရောက်နေသည်မှာ တစ်ပတ်မျှ ရှိနေပြီ။ ကျွန်တော်သည် ကျွန်တော့်လုပ်ငန်းကို ခုထိ အကောင်အထည်မဖော်နိုင်သေးပေ။ အကြောင်းက ခုတလော ရာသီဥတုက ဆိုးနေသည်။ နေ့စဉ်နေ့တိုင်း လေကထန်သည်။ ညနေပိုင်းကျလျှင် မြူနှင်းများ မြေပြင်ထက်တွင် ခဲနေတတ်သည်။ တောထဲဝင်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ပေ။ အိမ်ထဲမှာပင် တံခါးအလုံပိတ်၍ ထိုင်ကာ အပြင်မှ တဝှီးဝှီးတိုက်ခတ်နေသည့် လေသံများကို နားစွင့်ရင်း သေလုမတတ် ပျင်းရိငြီးငွေ့သည့် ဒဏ်ကို ကျွန်တော် ခံစားနေရသည်။

မတတ်သာတော့သည့် အဆုံးတွင် ကျွန်တော်သည် ပါလာသည့် စာအုပ်များကို ဖတ်ခြင်းဖြင့် အပျင်းပြေဖို့ ကြိုးစားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြာလာတော့ ထိုအလုပ်သည် ပို၍ ပျင်းရိငြီးငွေ့စရာကောင်းသည့် အလုပ်တစ်ခု ဖြစ်လာခဲ့ပြန်၏။

ခမ်းထီသည် ထင်းစည်းတစ်စည်းတည်းကို ထမ်း၍ အခန်းထဲသို့ ဝင်လာပြီး ပခုံးထက်မှ ထင်းစည်းကို ကြမ်းပေါ်သို့ ပစ်ချလိုက်သည်။ ပြီးတော့ အေးလွန်း၍ ထုံကျဉ်နေသော သူ့လက်ချောင်းများကို ပူနွေးသွားအောင် ပါးစပ်နှင့် တဖူးဖူးမှုတ်လျက်ရှိလေသည်။

“အပြင်မှာ လေသိပ်ထန်နေတယ် ဆရာ”

ဟု မီးဖိုရှေ့တည့်တည့်တွင် တင်ပျဉ်ခွေထိုင်ချရင်းက ကျွန်တော့်အား လှမ်းပြောသည်။

“ကျုပ် မီးဖိုကို မီးတပ်မွှေးဦးမှ ဖြစ်မယ်”

“ဒီအတိုင်းသာဆိုရင်တော့ ငါတို့ မနက်ဖြန် တောထဲမဝင်နိုင်တော့ဘူးထင်တယ် ခမ်းထီ”

“ဟုတ်တယ်၊ ဆရာ ခုလိုရာသီမျိုးမှာ တောထဲဝင်ရင် အန္တရာယ်ရှိနိုင်တယ်”

ခမ်းထီသည် မီးဖိုရှေ့၌ တင်ပျဉ်ခွေ၍ ထိုင်ကာ ထင်းချောင်းများကို ထိုးလိုက်ဆွလိုက် လုပ်ပေးနေရင်းက ပြော၏။ ကျွန်တော်ကတော့ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းသလားနေသည်။

အိမ်ကြီး၏ အပြင်ဘက်တွင် လေသည် ထန်ဆဲ။ မကောင်းဆိုးဝါးတစ်ကောင်၏ အော်သံဟစ်သံ ညည်းသံညူသံများနှင့် တူ



သယောင်ယောင်ရှိသည်။ နှင်းမှုန်တိုင်းကလည်း ညဉ့်နက်လေကျလေ။ မလှမ်းမကမ်းရှိ တောအုပ်ဆီမှလည်း ညည်းတွားရေရွတ်သံများ ပေါ်လာတတ်၏။

အိမ်အို အိမ်ဟောင်းကြီးဖြစ်သဖြင့် တစ်အိမ်လုံးသည် လေတိုးတိုင်း တုန်ခါလှုပ်ယမ်းလျက်ရှိ၏။ ပတ်ဝန်းကျင်တွင်လည်း ထူးဆန်းသော အသံများ အဆက်မပြတ် ထွက်ပေါ်နေသည်။

“ဒီလောက်ကြောက်စရာကောင်းတဲ့ အသံဟာ ဘယ်ကများ ထွက်နေတာလဲ မင်းသိလား ခမ်းထီ”

ကျွန်တော်က ချောက်ခြားစိတ်ဖြင့် မေးမိသည်။

“ခု ကြားနေရတဲ့ အသံကို ပြောတာလား”

ခမ်းထီက ကျွန်တော်ကို မော့ကြည့်ရင်း

“ဘာအသံလဲဆိုတာ ဆရာ တကယ်မသိဘူးလား”

“ဘယ်သိမလဲကွ၊ ဒါမျိုးကို ငါက ဘယ်လိုလုပ်ပြီး သိမှာလဲ”

“မသိရင် ကျုပ်ပြောပြမယ်”

ခမ်းထီက လေသံကို နှိမ့်၍ ခပ်တိုးတိုးပြော၏။

“ဒီအသံ စုန်းမတစ်ယောက်မြူးလို့ ဖြစ်လာတာပျ၊ ဒါမှမဟုတ် စုန်းထီးတစ်ယောက် မြူးတူးနေတဲ့ အသံ”

သူ့စကားကြောင့် ကျွန်တော် အထူးအဆန်း ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ထံမှ စုန်းကဝေနှင့် ထူးဆန်းသော သူ့ရဲ့ တစ္ဆေပုံပြင်များကို ကြားရ တော့မည်ဟု မျှော်လင့်မိသည်။

"မင်းတို့ရွာမှာ အဲဒီလို ထူးထူးဆန်းဆန်းတွေရှိလား"

"ကျုပ်မသိဘူးဗျ၊ ရှိချင်လဲ ရှိမှာပေါ့"

ဟု ခပ်ပေါ့ပေါ့လေသံဖြင့် ပြောပြီး အရှိန်သေစပြုနေသော မီးတောက်ကို ပြန်တောက်လာအောင် ထင်းချောင်းများကို ထပ်ဖြည့် သည်။

"လူကြီးတွေပြောတာတော့ တစ်ချိန်တုန်းက နည်းနည်းပါး ပါးရှိခဲ့ဖူးတယ်တဲ့၊ ဒါပေမယ့် ဒီစကားကလဲ ဟုတ်ချင်မှ ဟုတ်မှာပါဗျာ"

သူပြောပြမည့် အကြောင်းအရာများက ဘာတွေများ စိတ်ဝင် စားစရာကောင်းနေမလဲဟု အားခဲထားသော ကျွန်တော် စိတ်ပျက်သွား သည်။ ခမ်းထီက စကားနည်းလှသည်။ မမေးလျှင် မပြောတတ်၊ တစ်ခွန်းမေးလျှင် တစ်ခွန်းသာ ဖြေတတ်သူ။ ဒါပေမယ့် ဒီတစ်ခါ တော့ သူက စကားစကို ဖြတ်မပစ်ပဲ ဆက်ပြော၏။

"လွန်ခဲ့တဲ့ ဆယ်ငါးနှစ်လောက်တုန်းက ရွာထဲမှာ စုန်းမ တစ်ယောက်ရှိခဲ့ဖူးတယ်၊ ဒါပေမယ့် ရွာကာလသားတွေက မောင်းထုတ်ပစ်လိုက်ကြပါတယ်"

ပျင်းတိပျင်းတွဲအသံဖြင့် ပြောရင်း မီးဖိုကို ထိုးလိုက်ဆွလိုက်



လုပ်နေသော ခမ်းထီအားတွင် အသာဝင်ထိုင်လိုက်ပြီး စိတ်ဝင်တစား မေးလိုက်မိသည်။

"ဘယ်ကို မောင်းထုတ်ပစ်ကြတာလဲ"

"တောထဲကိုပေါ့ဗျ၊ တခြားဘယ်နေရာရှိမှာလဲ၊ ကာလသား တွေက သူ့အိမ်ကို ဆွဲဖြိုပစ်ကြတယ်၊ ငှက်သိုက်လုပ်စရာ တောင် မကျန်တော့ဘူး၊ ပြီးတော့မှ သူတို့က စုန်းမကို တောထဲခေါ်သွားပြီး ကန်ထုတ်ပစ်ကြတာ"

"ဘာဖြစ်လို့ အဲလို လုပ်ကြတာလဲ"

"သူက အန္တရာယ်ပြုတာကိုးဗျ၊ လူတိုင်းနဲ့လဲ ရန်ဖြစ်တယ်၊ ပြီးတော့ သူက ပြုစားတယ်လေ"

"ပြုစားတယ်"

ကျွန်တော်က သူ့စကားကို သံယောင်လိုက်၍ ပြောမိသည်။

"ဟုတ်တယ် တစ်ခါတုန်းက မိန်းမတစ်ယောက်ဆီသွား ပြီး သူ့ ပိုက်ဆံတောင်းတာ ဟိုက မပေးလို့ စိတ်ဆိုးပြီး စုန်းမက နင်ငါ့ကို ပိုက်ဆံမပေးတဲ့အတွက် ဒုက္ခရောက်စေ ရမယ်လို့ ကြိမ်းတယ်၊ အဲဒီနောက် ဘာဖြစ်တယ်ထင်လဲ၊ ဟိုမိန်းမရဲ့ ကလေးဖျားတာပဲ အဲဒီမှာတင် ရွာသားတွေက ခေါကန်ပြီး စုန်းမကို ကန်ထုတ်ကြတာ"

"တိုက်ဆိုင်တာဖြစ်မှာပေါ့ဗျာ၊ ကလေးဆိုတာ တစ်ခါတစ်

www.burmeseclassic.com

www.burmeseclassic.com



လေတော့ ဖျားဟယ်နာဟယ်ရှိမှာပေါ့"

"ဒါတော့ မသိဘူးလေ၊ ကာယကံရှင်တွေကတော့ နဝိုထဲက သူ့ရဲ့ကြောက်ကြီးဖြစ်နေတော့ ပြဿနာရှာကြတော့တာပေါ့"

"အခု အဲဒီစုန်းမဆိုတဲ့ မိန်းမ ဘယ်ရောက်သွားလဲ"

"စုန်းမလား"

ခမ်းထီက ရေရွတ်ရင်း ခေါင်းကို အသာရမ်း၏။

"ကျုပ်ဘယ်လိုလုပ်ပြီး သိနိုင်ပါ့မလဲဗျာ"

"သူ့ဆွေမျိုးတွေ ဘာတွေ ရွာထဲမှာ မကျန်ခဲ့ဘူးလား"

"ဟင့်အင်း မကျန်ဘူး သူက တခြားအရပ်က လူစိမ်းတစ်ယောက်ဗျ။ သူရွာကို ရောက်လာချိန်က ကျုပ်က ကလေးပဲရှိသေးတာ၊ သူနဲ့အတူ ကလေးမလေးတစ်ယောက်တော့ ပါလာတယ်၊ သူ့ သမီးလား မြေးလားမသိဘူး၊ ရွာကလူတွေကတော့ နှစ်ယောက်စလုံးကို မောင်းထုတ်ပစ်လိုက်ကြတာ"

"အဲဒီစုန်းမကို ရွာက လူတွေ ထပ်မတွေ့ကြတော့ဘူးလား"

"တွေ့တဲ့သူကတော့ တွေ့ပါတယ်၊ ပြောသံကြားတာတော့ ဟို မိစ္ဆာချောင်းနားတစ်ဝိုက်မှာ နေတယ်တဲ့"

ထိုမိန်းမကြီးရှိသော နေရာသည် ရွာနှင့် မိုင်အနည်းငယ်မျှသာ ဝေးသည်တဲ့။ အဲဒီသတင်းက ကျွန်တော်ကို တော်တော်ကလေး



စိတ်လှုပ်ရှားစေပါ၏။

"အဲဒါဆိုရင် ငါ အဲဒီမိန်းမကြီးနဲ့ သွားတွေ့မယ်"

ကျွန်တော်စကားကြောင့် ခမ်းထီက တအံ့တသြဖြင့် မော့ကြည့်လာပြီး

"မဟုတ်က ဟုတ်က ဆရာရယ် ဘာဖြစ်လို့ စုန်းမနဲ့ သွားတွေ့မှာလဲ၊ သူ့လိုဟာမျိုးက မိတ်ကောင်းဆွေကောင်း ဖြစ်နိုင်မယ်လို့ ဆရာထင်နေတာလား"

"သူ့ကို မြင်ဖူးချင်တဲ့သဘောပြောတာပါ၊ ရာသီဥတု နည်းနည်းလေး သာယာလာတာနဲ့ ငါသွားမယ် မင်းက လမ်းပြပေါ့၊ ဘယ့်နှယ်လဲ"

ခမ်းထီသည် ဆတ်ခနဲဖြစ်သွားပြီး ထိုင်ရာမှ ခုန်ထရင်း

"ကျုပ်က လမ်းပြရမယ် ဟုတ်လား"

ဟု အလန့်တကြား အော်လေ၏။

"အေးလေ မင်းကတော့ ကျွမ်းတာပဲ၊ မင်းလမ်းပြရမှာပေါ့"

ကျွန်တော်ကပြောတော့ ခမ်းထီက ရှုံ့ရှုံ့ရှားရှား ခေါင်းသွက်သွားဟန်ဖြင့်

"ရွှေတွေပုံပေးတာတောင် ကျုပ်မသွားဘူး၊ ဆရာ့ကိုကဘယ်လောက်ပဲ အရေးကြီးကြီး ကျုပ်ကတော့ မသွားနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ မင်းသဘောပဲ၊ မင်းလိုက်လိုက် မလိုက်လိုက် ငါကတော့ သွားမှာပဲ အဲဒီမိန်းမကြီးကို အထူးအဆန်းတစ်ခု အနေနဲ့ ကြည့်ရမှာပဲ"

"အဲဒီမိန်းမမှာ ကြည့်စရာ အထူးအဆန်းဆိုလို့ ဘာတစ်ခုမှ မရှိပါဘူးဗျာ၊ ဆရာ့ကို မသွားဖို့ ကျုပ်တောင်းပန်ပါတယ်"

ကျွန်တော် ဘာမှမပြောပဲ ငြိမ်နေလိုက်သည်။ ကျွန်တော့်ဆုံးဖြတ်ချက်ကို ကျွန်တော် ဘယ်လိုမှမပြင်နိုင်တော့ပါ။ အခါအခွင့်သင့်တာနှင့် ကျွန်တော် သွားကို သွားကြည့်လိုက်ဦးမည်။ စုန်းမဆိုတာ ဘယ်လိုမျိုးလဲဆိုတာ သိရအောင်လို့ပါ။

ကျွန်တော်နှင့် ခမ်းထီသည် အတန်ကြာအောင် စကားမပြောကြဘဲ ကိုယ့်အတွေးနှင့်ကိုယ် ရှိနေကြသည်။ ခမ်းထီ ကျွန်တော့်ကို စိတ်တိုနေမှန်း ကျွန်တော်သိသည်။ သူ့စိတ်ထဲမှာ စုန်းမနှင့်တွေ့ဖို့အရေးသည် အဓိပ္ပါယ်မရှိတဲ့ ရူးကြောင်ကြောင်လုပ်ရပ်ဟု မြင်နေပေလိမ့်မည်။

ကျွန်တော့်အတွက်တော့ ထူးထူးဆန်းဆန်းတွေ မြင်ရ ကြားရခြင်းသည် အဖိုးအမဖြတ်နိုင်လောက်သည့် အခွင့်အရေးများဖြစ်သည်ဆိုတာကိုတော့ ခမ်းထီသိအောင် ရှင်းမပြချင်တော့ပါ။ သူတို့လူမျိုးတွေက အစွဲတစ်ခုဝင်သွားလျှင် အရိုးထဲထိ စွဲမြဲစွာ ယုံကြည်နေတဲ့



သူတွေ။ ဒီလိုလူမျိုးတွေကို ဘယ်လိုပဲ ဖျောင်းဖြပြောဆိုပြောဆို နားဝင်တာမှ မဟုတ်တာပဲလေ။

တစ်နာရီခန့်အကြာတွင် မီးသည် ငြိမ်းစပြုနေပြီ ဖြစ်၍ ခမ်းထီက အိပ်ရန်ပြင်နေသည်။

"အဲဒီမိန်းမကြီးနာမည်က ဘယ်သူလဲ"

ကျွန်တော်က သူ့ကို လှမ်းမေးလိုက်သည်။ ခမ်းထီက ကျွန်တော်ကို အံ့သြဟန်ဖြင့် လှမ်းကြည့်သည် ပြီးမှ ဆောင့်ကြီးအောင့်ကြီးဖြင့် အဖြေပြန်ပေးလိုက်၏။

"စောရှင်"

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

နောက်နှစ်ရက် အကြာတွင် ရာသီဥတုမှာ သာသာယာယာ ပြန်ဖြစ်လာ၏။ ခမ်းထီသည် မီးဖိုးခန်းထဲတွင် ရေနွေးအိုးတည်နေ၏။ ရေနွေးအိုးအဆူကို စောင့်ရင်း မြှားတံလုပ်ရန် ဝါးချွန်များကို သပ်နေလေသည်။

"ငါတို့တောထဲဝင်ရင် ကောင်းမယ် ခမ်းထီ"

ကျွန်တော်က ပြတင်းဝမှ အပြင်ဘက်သို့ လှမ်းကြည့်ကာ စကားစလိုက်၏။

"ဘာလုပ်ဖို့လဲ ဆရာ"

မီးဖိုခန်းထဲမှ ခမ်းထီက လှမ်းမေး၏။

"အမဲလိုက်မလို့ပေါ့၊ အိမ်ထဲမှာ နေရတာ ပျင်းစရာကြီး အမဲပစ်ထွက်ရင် ကောင်းမလားလို့"



"မနေ့ညက ယုန်တွေထွက်တယ်ဆရာ၊ ခြေရာတွေ အများကြီးတွေ့ရတယ်၊ ကျုပ်တို့ ယုန်ပစ်ထွက်ကြရင် မကောင်းဘူးလား"

ခမ်းထီကလည်း လိုလိုချင်ချင်ပင် ကျွန်တော့်ဆန္ဒကို လိုက်လျောပြောဆိုလာ၏။

"ကောင်းတာပေါ့ကွ၊ ငါလည်း အိမ်ထဲမှာ ခြေချုပ်မိနေတာနဲ့အတော်ပဲ လာကွာ ခုပဲ တို့တွေ တောထဲဝင်ရအောင်"

ကျွန်တော်က စိတ်အား ထက်သန်စွာဖြင့် လောဆော်လိုက်သည်။ ခမ်းထီက ကျွန်တော့်ကိုကြည့်ကာ ဘု အသံ သြသြကြီးဖြင့် တဟာစ်ဟာစ်ရယ်၏။

"ဆရာက ချက်ချင်းဆို ချက်ချင်းကြီးပါလား၊ နေပါဦး ဗရာရယ် ကျုပ်ဒူးလေး ပြင်ပါရစေဦး"

ပြောပြီး သူက သဘောကျစွာ တဟားဟားရယ်ရင်း ဒူးလေးရှိရာ လှမ်းသွားလေ၏။

ကျွန်တော်သည် ခမ်းထီကိုငေးကြည့်ရင်း တစ်ကိုယ်တည်း ကျိတ်ပြုံးလိုက်မိသည်။

ကျွန်တော် တောထဲဝင်ချင်သည့် အဓိကအကြောင်းရင်းမှန်ကို ခမ်းထီတစ်ယောက် မသိနိုင်ရှာပါ။ နမ်စစ်ဆွမ်ကို ဟာရသည်က စာရေးဖို့ဆိုတာ အကြောင်းပြခြင်း သက်သက်ရယ်ပါ။ မော်ဝင်လိုက်

www.burmeseclassic.com



ဝှက်ထားတဲ့ဘိုးဘွားက နေရာကိုများ ဘယ်သူ့ကိုမှ မပြောပဲ ကျွန်တော့်ဖာသာကျွန်တော် ကျိတ်ရှာဖို့ ဆုံးဖြတ်ထားသည်။ သည်ဒေသကလူတွေက သူတို့ အရပ်ဒေသ၏ ထူးဆန်းအံ့သြဖွယ်တွေကို မပေါက်ကြားစေအောင် လျှို့ဝှက်ထားတတ်သည်ဟု ကျွန်တော် သိထားသောကြောင့်ဖြစ်၏။

✸

ကျွန်တော်တို့သည် တောအုပ်အတွင်းသို့ ဝင်လျှင်ဝင်မိချင်း ယုန်တစ်ကောင်၏ ခြေရာကို တွေ့ရသည်။ ခြေရာနှစ်ခုသည် ဘေးချင်း ယှဉ်လျက်ဖြစ်၍ အခြားနေရာနှစ်ခုမှာ ရှေ့နောက် လိုက်သွားသည့် ခြေရာများဖြစ်၏။

ခမ်းထီ၏ တောလိုက်ခွေးကြီးသည် မြေပြင်ကို နှာခေါင်း ရှုံ့ရှုံ့ဖြင့် အနံ့ခံကာ ရှေ့မှဦးဆောင်သွားနေ၏။

ယုန်ခြေရာသည် နှင်းမှုန်များဖွတ်စိုနေသော မြေပြင်တစ်လျှောက် ထင်ရှားစွာ မြင်နေရသည်။

"ကျုပ်တို့ ဒီကောင်နဲ့ နီးလာပြီဆရာ"

ခမ်းထီ ခြေသံမကြားအောင် ဖွနင်းပြီး တိုးတိုးပြော၏။ ယုန်ခြေရာသည် တောစပ်နားလောက်တွင် ပျောက်ကွယ်သွား၏။ တောတွင်း ဝင်သွားသည့် လက္ခဏာရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ဟိုဘက်လမ်းမဘက်ကလိုက်၊ ကျွန်တော်က တောထဲဝင်ပြီး လိုက်မယ်၊ ခွေးက အနံ့ရလို့စပြီး လိုက်တာနဲ့ တစ်ပြိုင်နက် ကျုပ် အသံပေးလိုက်မယ်"

ခမ်းထီသည် ပြောပြောဆိုဆိုပင် ချုံများအတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားသည်။ ကျွန်တော်လည်း လမ်းမဘက်ဆီသို့ ထွက်လာခဲ့သည်။ ကျွန်တော့်နားနှစ်ဘက်ကိုလည်း စွင့်ထားရသည်။ ရုတ်တရက် တောအုပ်အတွင်းမှ ခွေးဟောင်သံကို ကြားလိုက်ရ၏။ ခွေးဟောင်သံသည် သားကောင်းကိုမြင်၍ အပြေးအလွှား လိုက်သည့်အသံတဆက်တည်းမှာပင် ခမ်းထီ၏ အော်သံကိုပါ ကြားလိုက်ရသည်။

ခွေးဟောင်သံသည် ကျွန်တော်၏ ဘယ်ဘက်ခြမ်းမှ ထွက်ပေါ်နေခြင်း ဖြစ်သည်ဟု ယူဆမိသဖြင့် ကြားရာနေရာသို့ ကျွန်တော် အပြေးအလွှား လာခဲ့လိုက်၏။ အသံသည် ကျွန်တော်ရောက်နေရာနှင့် သိပ်မဝေးလှပါ။

ဂမူးရှူးထိုး ပြေးလာခဲ့သော ကျွန်တော်သည် ခွေးဟောင်သံပျောက်သွားသဖြင့် ပြေးနေသော အရှိန်ကို လျော့ချလိုက်ပါသည်။ ကျွန်တော်သည် ခမ်းထီကို အော်ခေါ်ကြည့်လိုက်၏။ သူ့ထံမှ ပြန်ထူးသံ မကြားရပါ။

တောအုပ်ထဲသို့ ကျွန်တော်တိုးဝင်လိုက်၏။ တောလမ်းလေးအတိုင်း ဆက်လျှောက်လာခဲ့လိုက်သည်။ ခမ်းထီ၏ ခြေသံ ချိုးချိုး



ချွတ်ချွတ် မြည်သံလေးတောင်မှ မကြားရ။ ခွေးဟောင်သံလည်း တိတ်ဆိတ်လို့နေ၏။ တောထဲသို့ ကျွန်တော် ဖွတ်ရွတ်ဝင်လာခဲ့ခြင်းဖြစ်၏။ ပတ်ဝန်းကျင်သည် ငြိမ်သက်လျက်ရှိနေသည်။ တစ်ခါတစ်ရံ သစ်ပင်ထိပ်ဖျားမှ ကျိုးကျလာသည့် သစ်ကိုင်းခြောက်ကျသံများကိုသာ ကြားရ၏။

ချုံနွယ်ပိတ်ပေါင်းများကို ဖြတ်ကျော်လာခဲ့ပြီး တောနက်ထဲသို့ ကျွန်တော် တိုးဝင်လာခဲ့သည်။ လျှောက်လာရင်း ရှေ့တည့်တည့်ဆီတွင် အုပ်ဆိုင်းဆိုင်း သစ်ပင်ကြားမှ တဲအိမ်လေးတစ်လုံးကို တွေ့လိုက်ရ၏။

သစ်ခုတ်သမားတစ်ယောက်၏ တဲပဲဖြစ်မည်ဟု ကျွန်တော်တွေးမိသည်။ စပ်စုစုံစမ်းချင်သော စိတ်ရှိသူပီပီ တဲအိမ်လေးဆီသို့ ကျွန်တော် လှမ်းလာခဲ့မိသည်။

တဲမှာ အိုဟောင်းဆွေးမြေ့ကာ ယိုင်တိုင်တိုင်နှင့် နှစ်ကာလကြာမြင့်လှသည့် ပုံပေါ်နေ၏။

"အိမ်ရှင်တို့ အိမ်ရှင်တို့"

တဲရှေ့တွင်ရပ်ပြီး ကျွန်တော် အော်မေးလိုက်သည်။

ပြန်လည်တုန့်ပြန်သံကို မကြားရ။ တဲရှေ့ဝါးတံခါးလေးကို တွန်းဖွင့်လိုက်၏ အထဲတွင် အလွန်မှောင်ရိုက်လျက်ရှိ၏။

"လူရှိပါသလား လူရှိသလား ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ထပ်အော်မေးလိုက်၏။ တဲအတွင်းမှ လှုပ်ရှားသွားသည့် အရိပ်အတစ်ခုကို မြင်လိုက်ရသည်။ တောင်ဝှေးထောက်သံလို တခေါက်ခေါက်နှင့် အသံကြီးကို ကြားလိုက်ရ၏။

မှောင်မိုက်နေသော တဲအတွင်းမှ လူတစ်ယောက် လှုပ်လီလှုပ်လဲ့ဖြင့် ထွက်လာနေသည်ကို မြင်နေရ၏။ အနီးကပ် ရောက်မှ အဖွားအိုတစ်ယောက် ဖြစ်နေသည်။

အဘွားအိုကို သေသေချာချာမြင်လိုက်ရသောအခါ ကျွန်တော် လန့်မအော်မိစေရန် ထိန်းထားလိုက်ရသည်။

သူ့ပုံပန်းသည် ဒဏ္ဍာရီပုံပြင်ထဲက စုန်းမကြီးနှင့် တူလှချေ၏။ ပိန်ချုံးခွက်ဝင်နေသော ပါးများနှင့် ချွန်လှသောမေး ကောက်တောက်တောက် နှာခေါင်း၊ သွားမရှိသော ပါးစပ်သည် တစ်ခုခုကို ဝါးနေသည့်နှယ် တလှုပ်လှုပ်နှင့် မျက်လုံးများမှာ မွဲပြာရောင်သန်းနေသော်လည်း စူးရှတောက်ဖြာနေဆဲ။

"ဘာကိစ္စလဲ"

သြရှရှ မာမာထန်ထန်ရှိလှသော အသံဖြင့် အဘွားအိုက မေး၏။

"ဟို ကျွန်တော် လမ်းမှားနေလို့ပါ အဘွားရယ်၊ ကျွန်တော် ရေလဲဆာနေလို့၊ ရေလေးတစ်ခွက်လောက်များ မရနိုင်ဘူးလားဟင်"



အချိုသာဆုံး အယဉ်ကျေးဆုံး စကားလုံးများသုံး၍ ကျွန်တော် ပြောလိုက်သည်။

တင်းမာသော မျက်နှာထားနှင့် စူးရှသော မျက်ဝန်းတို့ဖြင့် ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်၏။

"ရေအိုးက ဟိုမှာ"

တံခါးဝတွင် ပိတ်ရပ်နေရာမှ ကိုယ်အနည်းငယ်စောင်းပြီး တဲထောင့်သို့ မေးငေါ့ပြသည်။ ပြီးနောက် တောင်ဝှေးတစ်ခေါက်ခေါက် ထောက်ကာ တဲတွင်းသို့ လှမ်းဝင်သွားသည်။ ကျွန်တော်လည်း တဲထဲသို့ ဝင်လာလိုက်၏။ တဲအတွင်း၌ ထူးထူးခြားခြား အိမ်ထောင်ပရိဘောဂပစ္စည်းဆို၍ ဘာတစ်ခုမျှမရှိပါ။ နံရံများထက်တွင်တော့ သစ်ဥ၊ သစ်ဖုနှင့် သစ်မြစ်များကို ချိတ်ဆွဲထားသည်။ တဲထောင့်ရှိ ရေအိုးစင်တွင် ရေတစ်ခွက်ခပ်ကာ သောက်ရင်း ကျွန်တော့်မျက်လုံးများက တဲအတွင်းသို့ အကဲခတ်ကြည့်ရှုနေမိသည်။

အဘွားအိုသည် ခပ်လှမ်းလှမ်းတွင် ကြိမ်ခြင်းတစ်လုံးကို ယက်နေသည်။ ကျွန်တော် တဲအတွင်းမှာ ရှိနေတာကို နည်းနည်းလေးမှ အသိအမှတ်မပြုဟန်ဖြင့် ကျွန်တော်လည်း အဘွားအိုအနီးသို့ ဖြည်းဖြည်း တိုးကပ်လာပြီး

"နမ်စစ်ဆွမ် ရွာကိုပြန်ရောက်ဖို့ ဘယ်လမ်းက သွားရမလဲ ဟင် အဘွား"

www.burmeseclassic.com



အဘွားအိုသည် ဆတ်ခနဲဖြစ်သွားပြီး ခေါင်းမော့လာကာ ကျွန်တော့်မျက်နှာကို အေးစက်တင်းမာသော မျက်လုံးများဖြင့် ကြည့်နေ၏။ အတန်ကြာမှ မျက်နှာလွှဲကာ ကြိမ်ခြင်းကို ဆက်ယက်နေသည်။

"ဒီကနေ မြောက်ဘက်တည့်တည့်ကိုသွား လမ်းချိုးလေးတွေ့ရင် ဘယ်ဘက်ကိုချိုးလိုက် ဆက်လျှောက်ရင် တောအုပ်အပြင်ဘက် ရောက်မယ်။ တောအုပ်အပြင်ဘက်ရောက်ရင် နမ်စစ်ဆွမ်ကို လှမ်းမြင်နေရပြီ"

သူသည် ကျွန်တော့်အား စကားလှမ်းပြောနေသော်လည်း အလုပ်ကိုတော့ ရပ်နားခြင်းမပြု။ ပါးစပ်မှ တတွတ်တွတ်နှင့် ပြောနေခြင်းဖြစ်သည်။

ကျွန်တော့်ကို စကားဆက်ပြောရန် မလိုတော့ဟန်ဖြင့် သူ့အလုပ်ကိုသူ ဆက်လုပ်နေသည်။

ဒီအဘွားကြီးဟာ ကိုယ့်ဆီလာတဲ့ဧည့်သည်ကို ဧည့်ဝတ်လဲ မကျေ လူမှုရေးလဲ အတော်ခေါင်းပါးလှသည်ဟု စိတ်ပေါက်ပေါက်နှင့် ကျွန်တော်တွေးနေမိသည်။ ကျွန်တော်စိတ်ကူးမိသည်။ အိတ်ထဲမှ ငွေစက္ကူအချို့ကိုထုတ်၍ သူ့အား လှမ်းပေးလိုက်၏။ ကျွန်တော် ထင်တဲ့အတိုင်းပဲ ငွေစကိုမြင်တော့ သူ့မျက်လုံးများ အရောင်လက်လာ၏ ပြုံးပြုံးပြုံပြုံဖြင့် ကျွန်တော့်လက်ထဲမှ ငွေကိုလှမ်းယူသည်။



"ဟာ အဘွားကလဲ ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ၊ အဘွားနဲ့ ကျွန်တော် အပေးအယူတစ်ခုလုပ်ရမယ် ဘယ်လိုလဲ"

ဟု ကျွန်တော်က ငွေကို လက်နှင့်ဆုပ်ထားပြီး သူ့ကိုစလိုက်၏။ သူက ဘာလဲဟူသော မျက်နှာထားဖြင့် ကျွန်တော့်ကို ကြည့်နေသည်။

"အဘွားက ဘွားစော်ရှင်ဆိုတာလား"

ကျွန်တော်က မေးလိုက်ရာ အဘွားကြီး မျက်နှာသည် ဖျတ်ခနဲ မှုန်တည်သွားကာ ကျွန်တော့်ကို ခပ်စူးစူးစိုက်ကြည့်နေ၏။

"နင်ဘယ်လိုသိလဲ"

အဘွားအိုက လေသံပြတ်ကြီးဖြင့် ကျွန်တော့်ကို ပြန်မေးသည်။

"ကျွန်တော် မှန်းကြည့်တာပါ"

အဘွားကြီးသည် မျက်မှောင်တစ်ချက်ကုတ်ပြီး ကျွန်တော့်အား သံသယမကင်းသည့် မျက်နှာထားဖြင့် စူးစိုက်ကြည့်နေ၏။

"အဘွား ကျွန်တော့်ကို ဗေဒင်ကြည့်ပေးမလား၊ အဲဒါဆိုရင်တော့ ဒါလေးရမယ်"

ကျွန်တော်က ငွေစကို ကိုင်မြှောက်ပြီး ပြောလိုက်သည်။ အဘွားအိုသည် ကျွန်တော့်လက်ထဲမှ ငွေစကိုမျက်လုံးစွေကြည့်ရင်း

"ကောင်းပြီလေ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မျက်နှာထားတည်တည်ဖြင့်ပြောပြီး ထိုင်ရာမှ တောင်ဝှေးကို အားပြုကာ ထရပ်လိုက်သည်။

"ငါ ဗေဒင်မဟောတာကြာပြီ၊ ဘယ်လိုဟောရမယ်ဆိုတာတောင် မေ့တောင်မေ့ချင်နေပြီ၊ ငါက အသက်လဲကြီးလှပြီ မဟုတ်လား၊ ဒါပေမယ့် နင်စိတ်ကျေနပ်အောင်တော့ နည်းနည်းပါးပါး ဟောပေးမယ်"

အဘွားအိုက ပါးစပ်မှ တတွတ်တွတ်ပြောရင်း နောက်ဖေးဘက်သို့ လှမ်းဝင်သွားသည်။ ပြန်ထွက်လာတော့ လက်ထဲတွင် ရေနွေးအိုးတစ်အိုးကိုင်လာ၏။ တောင်ဝှေကို တစ်ဒေါက်ဒေါက်နှင့်ထောက်ကာ ခေါင်းရင်းဘက်သို့ လျှောက်သွားလိုက်ပြီး စားပွဲခုံတစ်လုံးဘေးတွင် ဝင်ထိုင်လိုက်သည်။

ကျွန်တော်သည် ယခုမှ ခေါင်းရင်းဘက်က စားပွဲခုံပုလေးကို သတိပြုမိသည်။ စားပွဲခုံပေါ်တွင် ပစ္စည်းတစ်ခုခုရှိနေသည်။ အနက်ရောင်ပိတ်စတစ်ခုဖြင့် ဖုံးအုပ်ထားသဖြင့် ဘာပစ္စည်းမှန်း ကျွန်တော်မသိရ။

"ကဲ လာထိုင်"

အဘွားအိုက ကျွန်တော့်ကို လှမ်းခေါ်ပြီး သူ့ရှေ့ကိုမေးငေါ့ပြသည်။ ကျွန်တော်သည် အဘွားအိုရှေ့တွင် ဝင်ထိုင်လိုက်၏။

အဘွားအိုသည် အနက်ရောင်ပိတ်စကို အသာလှပ်၍ အထဲမှ



ပစ္စည်းတစ်ခုကို လှမ်းယူလိုက်သည်။ အဘွားအိုလက်ထဲတွင် ပါလာသည်က ရေနွေးခွက်လေးတစ်လုံးဖြစ်နေ၏။ ရေနွေးခွက်ကို အဖွားအိုက ကျွန်တော့်ကို လှမ်းပေးလာ၏။ ကျွန်တော်လည်း ကြောင်တောင်တောင်ဖြင့် လှမ်းယူလိုက်ရသည်။

အဘွားအိုက အနက်ရောင်ပိတ်စကို တစ်ခါပြန်လှပ်ကာ အထဲမှ ပစ္စည်းတစ်ခုကို နှိုက်ယူပြန်၏။ ဒီတစ်ခါတော့ ဘာပစ္စည်းမှန်း ကျွန်တော်မသိရ။ အဘွားအိုက ပစ္စည်းကို လက်ဖြင့်ဆုပ်ကိုင်ထားသောကြောင့် ဖြစ်သည်။

အကြောဖြိုင်းဖြိုင်းထနေသော လက်တစ်ဖက်ကို ဆန့်တန်းကာ လက်ထဲမှ ပစ္စည်းကို ကျွန်တော့်အား လှမ်းပေးပြန်၏။ ကျွန်တော်က လက်ဝါးဖြန့်ကာ လှမ်းယူလိုက်မိသည်။

ကျွန်တော့်လက်ထဲတွင် ပါလာသည်က တွန့်တွန့်ကွေးကွေး လက်ဖက်ခြောက်ကလေးများဖြစ်နေ၏။ အံ့သြစွာဖြင့် အဘွားအိုကို မော်ကြည့်မိသည်။

"အဲဒါတွေကို ခွက်ထဲထည့်လိုက်"

အဘွားအိုက တည်တည်ငြိမ်ငြိမ်ပင် ပြောနေသဖြင့် ကျွန်တော်လည်း အံ့သြတုန်းဆန်းနေရင်းက သူခိုင်းသည့်အတိုင်း လက်ဖက်ခြောက်များကို ရေနွေးခွက်ထဲထည့်လိုက်ရတော့သည်။ ကျွန်တော်လက်ဖက်ခြောက်များ ထည့်ပြီးတာနှင့် အဘွားအိုက ခွက်ကို ပြန်တောင်း၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း လက်ထဲမှခွက်ကို အဘွားအိုကို ပြန်ပေးရင်း ဘာလုပ်မှာပါလိမ့်ဟု စိတ်ဝင်တစား စောင့်ကြည့်နေမိသည်။

အဘွားအိုသည် လက်ဖက်ခြောက်ထည့်ထားသော ခွက်ထဲ အငွေ့တထောင်းထောင်းထနေသော ရေနွေးများလောင်းထည့်နေ၏။

ကျွန်တော် ရယ်ချင်သွားမိသည်။ ကျွန်တော့်ကို ရေနွေးတိုက်မလို့ပဲ။ ဒါများ ရေးကြီးခွင့်ကျယ်လုပ်နေစရာလား။ ကိုယ့်ဟာသာကိုယ် ရေနွေးခွက်ထဲ လက်ဖက်ခြောက်ထည့် ရေနွေးလောင်းထည့်ပြီး ကျွန်တော့်ကိုပေးလိုက်ရင်ပြီးတာပဲကို။ အံ့ပါရဲ့ အဘွားရယ်ဟု စိတ်ထဲ တွေးနေမိသည်။

အဘွားအို၏ နောက်ထပ် အပြုအမူတစ်ခုကြောင့် ကျွန်တော့် အတွေးတို့ မှားသွားကြောင်း သိလိုက်ရသည်။

အဘွားအိုသည် ရေနွေးခွက်ကို ကျွန်တော့်ကိုပြန်မပေးပဲ အနက်ရောင် အဝတ်စကို အသာလှပ်ကာ ပစ္စည်းတစ်ခုကိုထုတ်ယူလိုက်၏။ ဆေးမှုန့်လိုမျိုး အမှုန့်တွေဖြစ်သည်။ ထိုအမှုန့်တွေကို ရေနွေးခွက်ထဲ ဖြူးထည့်လိုက်ပြီး ရေနွေးခွက်ကို နှုတ်ခမ်းနားတေ့ကာ မန်းမှုတ်နေသည့်နှယ် တတွတ်တွတ်နှင့် ရွတ်ဆိုနေ၏။ ထို့နောက် ဆေးမှုန့် ထပ်ဖြူးသည်။

အံ့ဩစရာကောင်းလှစွာ ရေနွေးခွက်သည် ဆေးမှုန့်ဖြူးလိုက်သည်နှင့် ဟုန်းခနဲ ထတောက်လာ၏။ တအောင့်ကလေးပဲကြာသည်



ရေနွေးခွက်ထဲမှရေများ ခန်းခြောက်သွားလေ၏။ ခွက်ထဲတွင် လက်ဖက်ခြောက်ကလေးများသာ ကပ်၍ကျန်ခဲ့၏။

အဘွားအိုသည် ခွက်ထဲရှိ လက်ဖက်ခြောက်များကို စေ့စေ့ ကြည့်၍

"ကဲ ပိုက်ဆံထည့်ပါ၊ မင်းစိတ်ချမ်းသာရပါလိမ့်မယ်၊ မင်းမှာ ဉစ္စာပစ္စည်းတွေ ပေါများကြွယ်ဝလာပါလိမ့်မယ်"

ဟု လက်ဝါးဖြန့်ကာ ရေရွတ်နေ၏။ ကျွန်တော်လည်း အံ့ဩမှင်သက်နေမိရင်းက ကြောင်အမ်းစွာ မေးလိုက်မိသည်။

"အခု အဘွား ကျွန်တော့်ကို ဗေဒင်ဟောနေတာလား"

"ဟုတ်တယ်လေ၊ ကဲ ငါ့လက်ထဲကို ပိုက်ဆံထည့်မှ ဆက်ဟောနိုင်မယ်"

ကျွန်တော် လက်ထဲမှ ငွေစက္ကူကို သူ့လက်ဖဝါးပေါ် တင်ပေးလိုက်သည်။

"မင်းရဲ့ဘဝခရီးတစ်လျှောက်မှာ မင်းဟာ အောင်မြင်မှုတွေ အများကြီးရလိမ့်မယ်၊ မကြာခင်မှာ မင်းဟာ မိန်းကလေး တစ်ယောက်နဲ့ ချစ်သူဖြစ်လိမ့်မယ်၊ နောက်ပြီးတော့ မင်း ဒုက္ခနည်းနည်းတွေ့မယ်၊ မင်းဟာ အသက်လဲရှည်မယ်၊ တကယ်လို့ အသက်ဘေးနဲ့ ကြုံစရာ ရှိရင်တောင်မှ မင်းအသက်မသေနိုင်ဘူး၊ မင်းရဲ့ကံဟာ အဆိုးနဲ့အကောင်း ရောနေ

www.burmeseclassic.com



နေတယ်၊ လူအများရဲ့ ကဲ့ရဲ့ရှုတ်ချခြင်းကို ခံရဦးမယ်"

အဘွားအိုသည် စကားစကို ဖြတ်လိုက်ပြီး ခေါင်းကို မော့လိုက်သည်။ တစ်စုံတစ်ရာ ကြားရ၍ နားထောင်နေသည့်ဟန်မျိုးဖြစ်၏။ ကျွန်တော်ကပါ ရောယောင်ပြီး နားစွင့်လိုက်မိသည်။ မိန်းမတစ်ယောက်၏ အသံပါ။ သာယာချိုအေးသောအသံဖြင့် သီချင်းဆိုနေတာပါ။ သီချင်းသံသည် တဲဘက်သို့ နီးနီးလာသည်။

"ကဲ… ကဲ မင်းသွားတော့"

အဘွားအို ပြူးပြူးပျာပျာဖြင့် ကျွန်တော့်ကို နှင်ပါတော့သည်။

"မင်းကို လမ်းလဲပြောပြီးပြီ ဗေဒင်လဲ ဟောပြီးပြီ မင်းပြန်ပါတော့"

အဘွားအို တုန်တုန်ယင်ယင်ဖြင့်ထကာ ကျွန်တော့်လက်မောင်းကိုဆွဲ၍ တံခါးဝသို့ အတင်းတွန်းလွှတ်နေသည်။ သူ့မျက်နှာတွင် စိုးရိမ်ကြောင့်ကျခြင်း အရိပ်အငွေ့များ ယှက်သမ်းနေ၏။

တဲနားသို့ရောက်သည့်အခါ သီချင်းသံရပ်သွားသည်။ အရပ်မြင့်မြင့်၊ မိန်းမချော မိန်းမလှလေးတစ်ယောက် တံခါးဝ၌ ရပ်တန့်လာ၏။ ကျွန်တော့်ကိုမြင်တော့ မျက်လုံးဝိုင်းကြီးများဖြင့် ပြူးတာကြည့်နေ၏။ နောက် အဘွားအိုကိုလှမ်း၍ ကြည့်သည်။

"ဒီသူငယ် လမ်းမှားပြီး ရောက်လာတာ သူ့လမ်းကိုမေးနေတယ်"



အဘွားအိုရှင်းပြသလိုပြောပြီး ကျွန်တော့်ဘက်လှည့်ကာ

"ကဲ မင်းဒီမှာလာပြီး အချိန်ဖြုန်းနေတာ တော်တော်ကြာသွားပြီ မင်းရေလဲသောက်ပြီးပြီ စကားလဲပြောသင့်သလောက်ပြောပြီးပြီ၊ သိပ်ပြီးကြာရင်မကောင်းဘူး၊ တို့ဟာ မင်းအတွက် အပေါင်းအသင်းလုပ်ရမယ့် လူစားတွေမဟုတ်ဘူး၊ မင်းပြန်ပါတော့"

အဘွားအိုသည် အတင်းနှင်လွှတ်နေ၏။ မိန်းမချောလေးသည် နက်မှောင်သော မျက်ခုံးများကိုကုတ်ကာ မနှစ်မြို့သည့်မျက်နှာထားဖြင့် ကြည့်နေ၏။

"ကျွန်တော့်ကို ရေတိုက်တဲ့အတွက်ရော လမ်းညွှန်ပေးတဲ့အတွက်ပါ ကျေးဇူးတင်ပါတယ် အဘွား"

ကျွန်တော်က ကျေးဇူးတင်စကားပြောကာ နှုတ်ဆက်လိုက်၏။ အဘွားအိုသည် ခေါင်းကို အသာဆတ်ပြ၏။ ကျွန်တော်သည်း တဲအတွင်းမှ ထွက်လာခဲ့ရတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ကျွန်တော် တန်းတန်းမတ်မတ်ပင် အိမ်သို့ ပြန်ရောက်လာခဲ့၏။ ခမ်းထီသည် ကျွန်တော်အိမ်ပြန်ရောက်ပြီး တစ်နာရီကြာမှ ပြန်ရောက်လာသည်။

"ဆရာ ဘယ်ပျောက်သွားတာလဲ၊ ကျွန်တော် အော်ခေါ်တာလဲ ပြန်မထူးဘူး"

ခမ်းထီက လက်ထဲမှ ယုန်သေကို ဘုတ်ခနဲပစ်ချရင်း စိုးရိမ်တကြီးဖြင့် မေး၏။

"ငါ မျက်စိလည်လမ်းမှားနေတာ တော်သေးတာပေါ့ အိမ်ကိုတန်းတန်းမတ်မတ် ပြန်ရောက်လာလို့"

ခမ်းထီသည် စကားများများပြောရန် ဝန်လေးတတ်သူတစ်ဦးဖြစ်သည့်အားလျော်စွာ အချိန်ကုန်လေကုန်ခံပြီး ကျွန်တော့်အား ဘာဘာ



ညာညာ မေးခွန်းများကို ထပ်၍မမေးတော့ပဲ

"ကျုပ် ယုန်ရလာတယ်၊ ဆရာ ဘယ်လိုစားချင်လဲ ပြုတ်ကျော်လုပ်စားမလား၊ ကင်စားမလား"

"ပြုတ်ကြော်လေးပဲ ကောင်းပါတယ်"

ကျွန်တော်က ပြန်ပြောလိုက်လျှင် ခမ်းထီသည် ခေါင်းတချက်ညိတ်ကာ ယုန်သေကိုယူ၍ မီးဖိုခန်းထဲဝင်သွားလေတော့၏။

ကျွန်တော်သည် အိမ်ရှေ့ရှိ ပက်လက်ကုလားထိုင်လေးပေါ်တွင် ထို့ ' မနက်က အဘွားအိုနှင့် မိန်းမချောလေးတို့ကို တွေ့ဆုံခဲ့ရပုံကို ပြန်ပြောင်းတွေးတောနေမိသည်။

ကျွန်တော်သည် မိန်းကလေး၏အလှကို ပြန်မြင်ယောင်နေမိသည်။ သူသည် ဒေသခံ မိန်းကလေးနှင့်မတူပဲ တစ်မျိုးတစ်ဖုံ ထူးခြားလှပနေ၏။ အသက်အရွယ်အားဖြင့် နှစ်ဆယ်နှင့် နှစ်ဆယ့်ငါးနှစ်ကြားတွင်သာရှိမည်။ အရပ်က ခပ်မြင့်မြင့်၊ မြင်သူငေးလောက်အောင်လှသည့် အလှပိုင်ရှင်လေး၊ သူ့အလှသည် ကျက်သရေရှိသော အလှပါပေ။ သာမန်မိန်းကလေးများနှင့်မတူအောင် ထူးခြားသည့် အလှသည် မျက်နှာတွင် ထင်းခနဲမြင်နိုင်လေ၏။ တစ်ကြိမ်မြင်လိုက်လျှင် တစ်သက် မမေ့နိုင်လောက်အောင် ညှို့ယူဖမ်းစားနိုင်သော အစွမ်းသတ္တိရှိသူလေး။ မျက်လုံးလေးတွေက နက်မှောင်ပြီး ပြူးကားဝိုင်းစက်နေသည်။ ထူထဲသော မျက်ခုံးများသည် လေးကိုင်းသဖွယ်ကျနေ

www.burmeseclassic.com



သည်။ အသားရေက အဝါဘက်သန်းကာ ပါးအို့လေးများက နီတွေး တွေးလေးရှိနေ၏။

ကြည့်စမ်း ကျွန်တော့်စိတ်တွေ ဘာတွေဖြစ်နေတာလဲ၊ မိန်းမ ကလေးတစ်ယောက်ရဲ့အလှကို ဆန်းစစ်ပိုင်းခြားနေမိတာ။

သည်လောက်လှတဲ့ မိန်းကလေး လူသူမရှိတဲ့ တောကြီးမျက် မည်းထဲမှာ ဘာကြောင့် နေနေရတာလဲ။

အဲသည်အတွေးက ကျွန်တော့်စိတ်ကို စိုးမိုးလာ၏။

ပြီးတော့ စုန်းမဟု ကျော်ကြားနေသော အဘွားအိုနှင့်ပတ် သက်ဆက်နွယ်မှု၊ ဒါတွေဟာ ကျွန်တော့်ကို တောထဲနောက်တစ်ခါ သွားစေဖို့ အလွန်ဆွဲဆောင်နေသည့် အချက်များပင် ဖြစ်ပေတော့၏။

✸

ကျွန်တော်သည် တောထဲရှိ လူသွားပေမ်းများ ခြောက်သွေ့ သည်နှင့် တစ်ပြိုင်နက် တစ်ကြိမ်သာ ရောက်ဖူးခဲ့သည့် တဲဆီသို့ နောက်တစ်ခေါက် ခရီးထွက်လာခဲ့၏။

တောထဲကို ကျွန်တော်ရောက်လာတော့ တိုက်တိုက်ဆိုင်ဆိုင် ပင် မိန်းမချောလေးနှင့် တန်းတိုးတော့သည်။ သူမသည် လက်နှစ် ဘက်ဖြင့် ခါးစည်းအဝတ်ကိုပွေး၍ ကိုင်ထားသည်။ အဝတ်ထဲမှ ငှက်ပေါက်စသုံးကောင်၏ ခေါင်းများသည် ပြူတစ်ပြူတစ်နှင့် လည် ဝင်းကလေးတွေကနီနီ၊ မျက်လုံးလေးတွေကနက်နက်၊ သူမနံဘေးတွင် လည်း ငှက်မျိုးစုံ ဝိုင်းရံနေကာ တကွပ်ကွပ်နှင့် အသံပြုလျက် အဘော စားနေကြသည်။

တောထဲတောင်ထဲမှာ လူသူကင်းမဲ့ ...ပြည်း သူမတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း လွတ်လွတ်လပ်လပ် ရယ်ရယ်မောမောနှင့် ပျော်ရွှင်မြူးတူးနေတာဖြစ်မယ်။

"ဟိတ် ဟိုအဝါကောင် ကိုယ်ဟာကိုယ်စားလေ ဘာလို့ သူများအစာ လိုက်လုစားနေတာလဲ အကျင့်ပုတ်လေး"

တခစ်ခစ်ရယ်ရင်း ပြောနေပုံလေးကိုကြည့်ရင်း ကျွန်တော် တဒင်္ဂ မှင်သက်သွားမိတော့သည်။ ရွှင်မြူးရိပ်သန်းသော မျက်လုံးနက်နက်လေးများ ကျွန်တော့်ဘက်သို့ ဝေ့ကြည့်လာသည်။ ကျွန်တော့်ကိုမြင်တော့ အံ့အားတသင့်လေး ဖြစ်သွားလေ၏။ ကျွန်တော့်ကို မှတ်မိပုံရသည်။

"ကိုယ့်ကို မှတ်မိတယ်မလား"

ကျွန်တော်က သူ့ဆီလှမ်းလာရင်း ပြုံးရယ်ကာ စကားစလိုက်သည်။

"ရှင် ဒီတစ်ခါတော့ မျက်စိလည်လာတာ မဟုတ်လောက်ပါဘူးနော်"

သူမက တစ်ဖက်သို့ မျက်နှာလွှဲသွားကာ ခနဲ့တဲ့တဲ့အသံဖြင့် ပြောလိုက်၏။ ကျွန်တော်က သူခိုးလာမိသွားသည့်ဟန်ဖြင့် တချက်ရယ် သွမ်းသွေးလိုက်ပြီး

"အင်း အမှန်အတိုင်းပြောရမယ်ဆိုရင်တော့ အရင်တစ်ခါက တကယ်မျက်စိလည်လမ်းမှားပြီး ရောက်လာတာ၊ ဒီတစ်ခါ



က တမင်ရည်ရွယ်ပြီး ရောက်လာတာ"

"သြော်..."

မဲ့ပြုံးပြုံးကာ အံ့သြချင်းယောင်ဆောင်၍ ရေရွတ်သည်။

"ရှင် ကျွန်မတို့အကြောင်းကို ကြားဖူးထားသလား ကြားဖူးလို့ရောက်လာတာလား"

"အင်း ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး၊ ကိုယ် မင်းတို့အကြောင်း ကြားခဲ့ဖူးတယ်၊ ဒါကြောင့် မင်းတို့နေရာကို တစ်နေ့မှာ လာကြည့်မယ်လို့ ရည်ရွယ်ခဲ့တယ်၊ မထင်မှတ်ပဲ မင်းတို့နဲ့ဆုံလိုက်တော့ ကိုယ့်ကိုယ် နောက်တစ်ခါလာစေဖို့ ဖြစ်သွားခဲ့ရတာပဲ"

သူက နားမလည်ဟန်ဖြင့် မျက်မှောင်ကြုတ်၍ကြည့်ကာ

"ဘာကြောင့်လဲ"

"ကိုယ် သိချင်တာလေး တစ်ခုရှိလို့ပါ၊ မင်းတို့ဘာဖြစ်လို့ လူတွေကို ကြောက်နေတာလဲ၊ သူတို့က ဘယ်လို အန္တရာယ်မျိုး ပေးမှာမို့လို့လဲ"

ကျွန်တော်က သိချင်နေသည့် ကိစ္စကို ပွင့်ပွင့်လင်းလင်း မေးလိုက်၏။ သူမက မသင်္ကာသော မျက်လုံးများဖြင့် ကျွန်တော့်ကို ခြေဆုံး ခေါင်းဆုံးကြည့်၍ အကဲခတ်သည်။ ကျွန်တော့်ဘက်က လိပ်ပြာသန့်နေသည်ဖြစ်၍ သူမအကြည့်ကို ရဲရဲဝံ့ဝံ့ပင် ပြန်ရင်ဆိုင်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



နေလိုက်သည်။ ကျွန်တော့်ကို စိတ်ချယုံကြည်သွားတန်ဖြင့် သူမက အဖြေပြန်ပေး၏။

"သူတို့ကြောင့် ကျွန်မတို့မြေးအဘွား ဒုက္ခအမျိုးမျိုးနဲ့ ရင်ဆိုင်ခဲ့ရတာယ်၊ သာမန်အရပ်သူ အရပ်သားတွေကတော့ သိပ်မဆိုးပါဘူး၊ ပုလိပ်ဆိုတဲ့ လူတွေက သိပ်ဆိုးတယ်၊ သူတို့က အမြဲတမ်းလိုလို လက်ဆောင်ပဲလိုချင်နေကြတာပဲ၊ ဒါနဲ့ ရှင်က"

မိန်းကလေးသည် အစိုးရအာဏာပိုင်အဖွဲ့အစည်းမှ နှောင့်ယှက်မည်ကို စိုးရိမ်နေတာမှန်း ကျွန်တော် နားလည်လိုက်၏။ အင်္ဂလိပ်အုပ်စိုးသော ကိုလိုနီခေတ်ဖြစ်၍လည်း ပုလိပ်တွေက ထင်တိုင်းကြဲနေကြပါသည်။

ကျွန်တော်က ကပျာကယာ ရှင်းပြလိုက်၏။

"မင်း စိတ်မပူပါနဲ့ ကိုယ်ဟာ ပုလိပ်အရာရှိတစ်ယောက်လဲ မဟုတ်ဘူး အင်္ဂလိပ်အစိုးရရဲ့ဝန်ထမ်းလဲ မဟုတ်ဘူး၊ ကိုယ်ဟာ ဒီဒေသမှာလူစိမ်းတစ်ယောက်ပါ၊ လနည်းနည်းလောက်နေပြီးရင် ပြန်မှာပါ၊ တကယ်လို့ မင်းက မပြောစေချင်ရင် ကိုယ် ဒီနေရာရောက်တဲ့အကြောင်းနဲ့ မင်းနဲ့ တွေ့ခဲ့တဲ့အကြောင်းတွေ ဘယ်သူ့မှ မပြောဘူး၊ မင်းကိုယ့်ကို ယုံတယ်မဟုတ်လားဟင်"



သူမမျက်နှာသည် နည်းနည်းတော့ ကြည်ကြည်လင်လင်ပြန်ဖြစ်သွား၏။

"ကျွန်မတို့က ဘယ်သူ့ကိုမှ အပေါင်းအသင်းမလုပ်ဘူး၊ ဘယ်သူ့ကိုမှလဲ မစော်ကားဘူး မနှောင့်ယှက်ဘူး၊ ဒါပေမယ့် ကျွန်မတို့ကို စော်ကားနှောင့်ယှက်လာရင်တော့ ပြန်တုန့်ပြန်တတ်တယ်"

သူမကပြောရင်းမှ ခြောက်ကပ်ကပ်အသံဖြင့် တချက်ရယ်လိုက်၏။

"လူတွေက ကျွန်မတို့ကို စုန်းမတဲ့"

သူမမျက်နှာသည် တစ်စုံတစ်ရာကို နာကျည်းဟန်ဖြင့် ခက်ထန်တင်းမာသွား၏။

"မင်းရော မင်းအဘွားရော နှစ်ယောက်စလုံး သိပ်ပြီးဖော်ဖော်ရွေရွေမရှိကြတာတော့ ကိုယ်လဲသိပါတယ်၊ ဒါပေမယ့် ကိုယ် မင်းနဲ့ခင်မင်ခွင့်ရမလား၊ ကိုယ် နောက်တစ်ခါ ...ပြီ ဒီဘက်ကို ရောက်တဲ့အခါ ဝင်မလည်ရဘူး... ...းဟင်"

သူမက ဟက်ဟက်ပက်ပက် ရယ်သ...ည်။ ပြုံးဖြဲနေသေး... သွားညီညီလေးများ စီတန်းပေါ်လာ၏။ ...ဝါးချိုင့်နှစ်ဘက်မှာ ခွက်၍ ဝင်သွားသည်။

"ရှင်က ကျွန်မကို ခင်ချင်တယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



သရော်သံဖြင့် မေးသည်။

"ဟုတ်တယ်"

ကျွန်တော်က တိုတိုပြတ်ပြတ် အဖြေပြန်ပေးလိုက်သည်။ သူမက အရယ်ရိပ်မကင်းသော မျက်နှာဖြင့် ကျွန်တော့်ကိုကြည့်ကာ

"ကျွန်မက ရှင် အပေါင်းအသင်းလုပ်ရမဲ့ လူစားမျိုးမဟုတ်ဘူး၊ ရှင်နားလည်ရဲ့လား ကဲပါလေ၊ ရှင်သွားပါတော့ ကျွန်မ ရှင့်ကို နှုတ်ဆက်ပါတယ်"

ပြောပြီး သူမက လှည့်ထွက်ရန်ပြင်သည်။

"ခဏနေပါဦး"

ကျွန်တော်က လှမ်းအော်လိုက်တော့ သူမက ခြေလှမ်းရပ်ကာ လှည့်ကြည့်လာ၏။

"မင်း နာမည်ဘယ်သူလဲ တို့နှစ်ယောက်အချင်းချင်း မိတ်ဆက်ကြရအောင်လေ"

သူမက အံ့သြဟန်ဖြင့် မျက်ခုံးနှစ်ဖက်မြင့်တက်သွားသည်။

"ကျွန်တော့်နာမည် ကျော်ဝဏ္ဏပါ"

ကျွန်တော်က သူမအံ့သြမှုကို ဂရုမစိုက်ဟန်ဖြင့် ပြောလိုက်၏။ သူမက ကျွန်တော့်ကို အတန်ကြာ စိုက်ကြည့်နေပြီးမှ ဘာမပြောညာမပြောနှင့် လှည့်ထွက်သွား၏။ နောက်မှ ဘာစိတ်ကူးပေါက်သွားသည်မသိ ခြေလှမ်းကို တုန့်ခနဲရပ်ကာ နောက်ကိုလှည့်မကြည့်ဘဲ



ပြောသည်။

"ကျွန်မနာမည် မိုခမ်း ဒီအရပ်မှာတော့ ကျွန်မကို စုန်းမ မိုခမ်းလို့ ခေါ်ကြတယ်"

သူမက ပြောပြီး ဆက်ထွက်သွားသည်။

'မိုခမ်း'ဟူသော နာမည်လေးကို တမ့်မှုရေရွတ်ရင်း ကျွန်တော်မှာ အကြောင်းသား ရပ်ငေးကျန်ခဲ့ရပါတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ကျွန်တော့်အတွေးထဲ မိုခမ်းဟူသော အလှပဂေးမလေး၏ အကြောင်းသာ တဝဲလည်လည် ကြီးစိုးနေတော့သည်။

ထို့ကြောင့်လည်း ကျွန်တော်သည် မိုခမ်းရှိရာဆီသို့ ခြေလှမ်းများ ဦးတည်နေမိသည်မှာ အံ့သြစရာမဟုတ်တော့ပါ။

ကျွန်တော်ရောက်သွားတော့ မြေအဘွားနှစ်ယောက်စလုံး တဲအတွင်း၌ ရှိနေကြသည်။ မိုခမ်းသည် မီးတရှိန်ရှိန် တောက်နေသော မီးဖိုများတွင် အလုပ်များလျက်ရှိသည်။ အဘွားအိုကတော့ ခုံတန်းတစ်လုံးပေါ်၌ ထိုင်နေ၏။

ကျွန်တော်က တဲအတွင်းသို့ဝင်၍ အသံပြုလိုက်၏။ မိုခမ်းသည် ကျွန်တော့်အား ဖျတ်ခနဲ လှည့်ကြည့်လာသည်။ အဘွားအိုသည်လည်း ကျွန်တော့်ကို စူးစူးရှရှလှမ်းကြည့်ကာ ဒေါသတကြီး အော်၏။



"ဘယ်သူလဲ၊ ဘာလာလုပ်တာလဲ"

အဘွားအို၏အသံက ခက်ထန်မာကျောလှသည်ဖြစ်ရာ ကျွန်တော်လဲ ကြောက်ကြောက်လန့်လန့်ဖြင့် အထစ်ထစ်အငေါ့ငေါ့ ပြောမိသည်။

"ဟို အဘွား ကျွန်တော့်ကို မမှတ်မိဘူးလား၊ လွန်ခဲ့တဲ့ သုံးရက်လောက်က ကျွန်တော် လမ်းမှားပြီး ရောက်လာခဲ့ဖူးတယ်၊ အဘွားက ကျွန်တော့်ကို ဗေဒင်ဟောခဲ့ဖူးတယ်လေ မှတ်မိပြီလား"

"မမှတ်မိဘူး၊ ငါမင်းကို လုံးဝမသိဘူး"

အဘွားအိုက ဒေါသတကြီး ကြုံးအော်၏။ သူမမျက်နှာတွင် ကျွန်တော် ရောက်ရှိလာခြင်းအပေါ် လုံးဝ မနှစ်မြို့သည့်ဟန် အထင်သား ပေါ်နေ၏။

"ဒီမှာ မင်းဘာကြောင့် ဒီကိုလာရတာလဲ၊ ဘာကိစ္စရှိလို့လဲ၊ မင်းနဲ့ငါတို့ ပတ်သတ်စရာ ဘာအကြောင်းမှလဲ မရှိဘူး၊ မင်းဒီကထွက်သွားပါ"

ရင့်သီး ရိုင်းစိုင်းလွန်းသော ဆက်ဆံမှုကြောင့် ကျွန်တော့် အံ့အားတသင့် ဖြစ်သွားရကာ ဘာပြောလို့ ဘာလုပ်ရမှန်းပင် မသိတော့။ ကျွန်တော် ကြံရာမရဖြစ်ကာ မိုခမ်းအား လှမ်းကြည့်မိသည်။

မိုခမ်း၏ မျက်နှာတွင် အပြုံးရိပ်ကလေး သင်ဟပ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ပြောင်းပြောင်းပြုံးချင်သည့် သဘောမျိုး သက်ရောက်နေသည်။ သူမသည် ထိုင်ရာမှထကာ အဘွားကြီးဆီသို့ လျှောက်သွားသည်။

"မကြောက်ပါနဲ့ ဘွားဘွားရယ် သူကလူကောင်းပါ၊ သမီးတို့ကို အန္တရာယ်ပြုမှာမဟုတ်ဘူး"

အဘွားအိုကို ဖျောင်းဖျပြောဆိုလိုက်၏။ ပြီးနောက် ကျွန်တော့်ဘက်လှည့်ကာ

"ကဲ ဒီမှာထိုင်ပါ"

တဲထောင့်ရှိ ခုံတန်းကလေးဘက် လက်ညှိုးထိုးပြပြီး ပြောသည်။ မိုခမ်း၏ ဂရုတစိုက်ရှိမှုကြောင့် ကျွန်တော် အားတက်သွား၏။ သူညွှန်ပြရာ ခုံတန်းလေးတွင် ဝင်ထိုင်လိုက်၏။

"ကဲ ပြောပါဦး ရှင်လာရင်းကိစ္စ"

သူမက ခပ်တည်တည်ဖြင့်မေးသည်။

"ကိုယ်က မင်းတို့အတွက် လက်ဆောင်လာပေးတာပါ"

လူချင်းရင်းနှီးလာရန်အတွက် ထိရောက်သော နည်းလမ်းက လက်ဆောင်ပေးခြင်းဟု ကျွန်တော်သိထားသည်။ ထို့ကြောင့် ထိုနည်းလမ်းကို ကျွန်တော်သုံးလိုက်ခြင်းဖြစ်၏။

ကျွန်တော်က လွယ်အိတ်ထဲမှ အထုပ်ကို ယူလိုက်သည်။

"ဒါလေး မိုခမ်းတို့ကိုပေးချင်လို့ပါ၊ ဟို ထွေထွေထူးထူး



ရယ်တော့ မဟုတ်ပါဘူး၊ ဆပ်ပြာရယ်၊ သကြားရယ်၊ ဆားရယ်၊ ဝတ်စုံချောင်းနည်းနည်းရယ်ပါ၊ ကျွန်တော့်လက်ဆောင်ကို လက်ခံပါနော်"

မိုခမ်းက ကျွန်တော်၏ ခယယပြောသံကို သဘောကျသွားဟန်ဖြင့် ပြုံး၏။

"ရှင်ဟာ တစ်ဖက်သားကို ကိုယ့်ဘက်ပါအောင် ဘယ်လိုပေါင်းသင်းဆက်ဆံရမယ်ဆိုတာ သိတယ်၊ ဒါပေမယ့် ရှင်ချဉ်းကပ်လာမှုရဲ့ နောက်ကွယ်မှာ ဘာတွေရှိသလဲဆိုတာ ကျွန်မတို့ မသိနိုင်ဘူးလေ ဒါကြောင့်"

"ခဏလေး မိုခမ်း"

ကျွန်တော်က သူမစကားကိုဖြတ်ပြောလိုက်၏။ သူမဆိုလိုသည့် အဓိပ္ပာယ်ကို ကျွန်တော် ကောင်းကောင်းသိသည်။ သူမထင်သလို မဟုတ်ကြောင်းကိုတော့ ကျွန်တော်ရှင်းပြရပေလိမ့်မည်။

"ကျွန်တော် ဒီကိုရောက်လာတာ မိုခမ်းတို့ မြေအဘွားကို ခင်ချင်ရုံသက်သက်ပါ၊ အဲဒီနောက်ကွယ်မှာ ဘာမရိုးသားမှုမှ မပါဘူးဆိုတာ ကျွန်တော် ကျိန်ပြောရဲပါတယ်၊ အမှန်တိုင်းပြောရရင် မိုခမ်းတို့မြေအဘွားအကြောင်းကို ကျွန်တော်ကြားဖူးပါတယ်၊ မင်းတို့ဟာ မှို အင်း၊ ဘယ်လိုပြောရင်ကောင်းမလဲ မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အပြောရခက်ဟန်ဖြင့် တုန့်ဆိုင်းနေမိ၏။

"ဘာလဲ လူတွေပြောနေကြသလို ကျွန်မတို့ကို ဟုတ်သလားလို့ မေးချင်တာလား၊ အင်း … သူတို့ အသုံးအနှုန်းအတိုင်း ပြောရရင်တော့ ကျွန်မတို့ဟာ မကောင်းဆိုးရွားတွေပေါ့လေ၊ ဒါကို ပြောချင်တာ မဟုတ်လား"

မိုခမ်းက ဖြတ်ဝင်ပြောခြင်း ဖြစ်သည်။ သူမမျက်နှာဆီ ဖျပ်ကနဲ ကျွန်တော်ကြည့်မိ၏။ အံကြိတ်ထားသလို မေးကြောလေးများထောင်ထနေသည်ကိုမြင်ရသည်။ အားနာမှုဖြင့် ကျွန်တော် ထစ်ငေါ့နေမိလေ၏။

"အင်း …၊ အဲဒီလိုတော့လဲ မဟုတ်ပါဘူးလေ"

"ရပါတယ်၊ ကျွန်မကို အားနာမနေပါနဲ့၊ သူတို့ ပြောသလို မကောင်းဆိုးရွားဆိုတော့လည်း မကောင်းဆိုးရွားပေါ့၊တကယ်တော့ လူတိုင်းဟာမကောင်းဆိုးရွား ဖြစ်နိုင်တာပါပဲ၊ စိတ်ဓါတ်မကောင်းသူဟာ မကောင်းဆိုးရွားပဲပေါ့"

"အင်းပေါ့လေ၊ ထားပါတော့ လူတွေကတော့ မင်းတို့ကို အဲ … မကောင်းဆိုးရွားလို့ ယိုးစွပ်နေကြတာပဲ၊ မင်းတို့ကပဲ အတတ်ဆန်းတွေတတ်သယောင် ပြောတတ်ကြတယ်၊ ဒါပေမယ့် မဟုတ်ကဟုတ်ကတွေမှန်း ကိုယ်နားလည်ပါတယ်"

"သူတို့ပြောတာ ဟုတ်ချင်လည်း ဟုတ်နေမှာပေါ့ရှင်"

ကျွန်တော်က အနည်းငယ်ရယ်လိုက်မိသည်။ မိုခမ်းက အသိရခက်သောအကြည့်ဖြင့် ကျွန်တော့် မျက်လုံးများတည့်တည့်သို့ စိုက်ကြည့်ရင်း 'ဆက်မေးလေ၏။

"… ရှင်က ကျွန်မပြောတာ မယုံဘူးလား"

"အင်းပေါ့ ကိုယ်မယုံဘူးလို့ပဲပြောရမှာပေါ့၊ အမှန်အတိုင်းပြောမယ်နော်၊ စိတ်မဆိုးနဲ့၊ မင်းတို့ လူတွေ ကြောက်အောင်သက်သက်ညာနေတာ မဟုတ်လား"

မိုခမ်းက သူမပခုံးလေးနှစ်ဘက်ကို စုံတွန့်ပြလေ၏။

"ဒါကတော့ … ရှင်ကြိုက်သလို တွေးပေါ့လေ၊ တောသူတောင်သားတွေကို ညာဖို့တကယ်လွယ်တာတော့ မှန်တယ်၊ ဒါပေမယ့် ကျွန်မရှင့်ကိုတော့ လုံးဝမလိမ်ပါဘူး"

"မင်းဆိုလိုတာက မင်းအမှန်တွေပြောနေတယ်လို့ ပြောတာလား၊ ရွာသားတွေပြောနေကြသလို မင်းက …"

မိုခမ်းက ပြန်မဖြေ။ ကျွန်တော့်အား နှုတ်ခမ်းလေးတင်းတင်းစေ့ကာ ကြည့်နေလေ၏။ ကျွန်တော်ခေါင်းကို သွက်သွက် ခါယမ်းလိုက်မိသည်။

"ဟင်အင်း ဟင်အင်း မဖြစ်နိုင်ဘူး၊ ကိုယ်တော့မယုံဘူးကွာ"

မိုခမ်းက တချက်ပြုံးလိုက်သည်။

"ရှင် ကြောက်တတ်လား"

"ဟင့်အင်း မကြောက်တတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ ကဲ… ရှင့်လက်ကျွန်မကိုပေး"

ကျွန်တော်က လက်ထဲမှ အထုပ်ကိုဘေးသို့ချထားလိုက်သည်။ အခန်းတွင်းသို့ ‌ဝေ့ကြည့်မိ၏ အဘွားအိုကို မတွေ့ရတော့ ဘယ်ထွက်သွားသလဲ မသိပါ။

ကျွန်တော်က သူခိုင်းသည့်အတိုင်း လက်ကိုပေးလိုက်သည်။ မိုခမ်းက ကျွန်တော့်အင်္ကျီကို လက်မောင်းသို့ ပင့်တင်ပြီး ခေါက်လိုက်သည်။ ထို့နောက် သူမအင်္ကျီအိတ်ထဲမှ ဓါးသေးလေးတစ်ချောင်းကို ထုတ်ယူလိုက်၏။

"ဘာလုပ်မလို့လဲ"

ကျွန်တော်က စိုးရိမ်ထိတ်လန့်စွာ မေးမိသည်။

"ခဏလေးပါ ရှင်ပြောတော့ မကြောက်ဘူးဆို"

ပြောပြောဆိုဆို သူမလက်သည် ကျွန်တော်၏ လက်ပေါ်တွင် အသာအယာ လှုပ်ရှားသွား၏။ လက်ကောက်ဝတ်ဆီမှ စစ်ခနဲဖြစ်သွားသည်။ လက်ကောက်ဝတ်ရှိ သွေးကြောအထက်များဆီမှ နာကျင်သော ဝေဒနာခံစားရသည်။ ချွန်ထက်သော ဓါးသွားနှင့် လှီးထားသော ဒဏ်ရာမှ သွေးများ ချက်ချင်းထွက်လာပြီး မြေကြီးပေါ်သို့ တစက်ချင်းကျလျက်ရှိ၏။ မအော်မိအောင် ကိုယ့်စိတ်ကို မနည်းတင်းထားရသည်။

"မကြောက်ပါနဲ့၊ ရှင်မသေပါဘူး"



မိုခမ်းက ကျွန်တော့်အဖြစ်ကိုကြည့်ပြီး ရယ်သည်။ သူမသည် လက်တစ်ဘက်ဖြင့် ကျွန်တော်၏ လက်ကို ဒဏ်ရာအထက်များဆီမှ ကပ်၍ဆုပ်ကိုင်ထားပြီး ဦးခေါင်းကို ဒဏ်ရာနားငုံ့ကာ ပါးစပ်မှ တီးတိုးရေရွတ်လျက်ရှိ၏။ သူမဦးခေါင်း ပြန်မော့လာပြီး ကျွန်တော့် လက်ကို လွှတ်ပေးလိုက်ရာ လက်ကောက်ဝတ်ပေါ်တွင် သွေးမမြင်ရတော့ပါ။ စောစောက ဒဏ်ရာပေါ်တွင် အနီခြစ်ကလေးတစ်ခြစ်သာရှိနေသည်။

"ကဲ မြင်ပြီလား၊ ရှင်ယုံပြီလား"

ဟု သူမလက်ထဲမှဓါးကို အိတ်ထဲပြန်ထည့်ရင်းမေးသည်။

"မင်း ဘယ်လိုလုပ်လိုက်တာလဲ"

ကျွန်တော်က အံ့သြတကြီးဖြစ်နေရင်းမှ မေးမိသည်။

"ကျွန်မတတ်ထားကဲ့ ပညာနဲ့ လုပ်လိုက်တာလေ"

မိုခမ်းက ခပ်မဲ့မဲ့ပြုံးရင်း ပြန်ဖြေ၏။

"ဒါဆိုရင် မင်း အဲဒီအတတ်ပညာကို ယုံကြည်တယ်ပေါ့ ဟုတ်လား"

"ယုံတယ်၊ ကျွန်မတို့မိဘမျိုးရိုးတွေအားလုံး အဲဒီအတတ်ကို သုံးခဲ့ကြတာပဲ"

ကျွန်တော်သည် အံ့သြတကြီး ဖြစ်နေရုံမှလွဲ၍ သူမအပေါ် ကြောက်စိတ်စိုးစိမ့်မျှမရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် သူမမျက်နှာကို စေ့စေ့ကြည့်၍ မေးခွန်းတစ်ခုထုတ်လိုက်၏။

"မင်းအဘွားကတော့ ဗေဒင်ဟောတတ်တယ်၊ မင်းရော ဟောတတ်သလား"

"အို သိပ်ဟောတတ်တာပေါ့၊ ဘာလဲ ရှင်က ဗေဒင်ဟော ချင်လို့လား"

"အင်း"

သူမက ကျွန်တော့်ကို ယုံကြည်အောင် တစ်ခုခုလုပ်ပြချင်ပုံရသည်။ ကျွန်တော်ကလည်း သူမကို စမ်းသပ်စစ်ဆေးနေသလိုပုံစံမျိုးနှင့် ရှိနေတာကို သူမက သိပုံရသည်။

"ကောင်းပြီလေ၊ ကျွန်မရှင့်ကို ဗေဒင်ဟောပေးပါမယ်၊ ဒါပေမယ့် ကျွန်မပြောတဲ့အထဲမှာ ရှင်မကြိုက်တာပါလာရင် စိတ်မဆိုး ရဘူး"

"စိတ်မဆိုးပါဘူး၊ မင်းမြင်သမျှသာ ဟောပါ"

သူမသည် ကျွန်တော်အနားမှ လှမ်းထွက်သွားကာ မီးဖိုခန်းထဲ ဝင်သွား၏။ ပြန်ထွက်လာတော့ ကျွတ်ကျွတ်ဆူနေသော ရေနွေးတစ်အိုးကိုင်လာသည်။

"ကဲ... ဒီမှာလာထိုင်ပါ၊"

ကွပ်ပျစ်ပေါ် လှမ်းတက်ကာ စားပွဲခုံဆေးတွင် ဝင်ထိုင်ရင်း



ကပြော၏။ အဘွားအိုဟောသလို လက်ဖက်ခြောက်ဗေဒင်ပဲ ဟောမယ် ထင်ပါရဲ့။ ကျွန်တော်ထင်သည့်အတိုင်းပါပဲ မိုခမ်းက ကျွန်တော့်ကို ရေနွေးခွက်လှမ်းပေးသည်။ ပြီးနောက် လက်ဖက်ခြောက်ထည့်နိုင်း၏။ ကျွန်တော့်လက်ထဲမှ ရေနွေးခွက်ကို ပြန်ယူပြီး ဆေးမှုန့်တစ်မျိုးဖြူးကာ မန်းမှုတ်သည်။ ရေနွေးခွက်ထဲမှ ဟုန်းခနဲတောက်လာပြီး တအောင့်ကြာတော့မှ ရေခမ်း၍ ကျန်ရှိသော လက်ဖက်ခြောက်ကိုကြည့်ကာ ဟောပါလေတော့၏။

"ရှင်ဟာ သနားကြင်နာတတ်တဲ့ လူတစ်ယောက်တဲ့၊ စိတ်ဓါတ်ကတော့ ပျော့တယ်တဲ့၊ ရှင့်ရဲ့ သနားကြင်နာတတ်တဲ့ စိတ်ဟာ မကောင်းဘူးတဲ့၊ နှလုံးသားကလာတာမဟုတ်ဘူးတဲ့၊ ရှင်ဟာ ကတိမတည်ဘူးတဲ့၊ ပြီးတော့ ရှင်ဟာ အခြားလူတွေကို အသာစီးရချင်စိတ်ရှိတယ်၊ ဒါပေမယ့် ရှင်က အရှုံးပေးရတာချည်းပဲတဲ့၊ ရှင်ဟာ မိန်းမတွေကြောင့် မကြာခဏ ဒုက္ခရောက်တတ်တယ်တဲ့၊ ရှင်ဟာ ငွေကို တန်ဖိုးမထားဘူး၊ စုဆောင်းတတ်တဲ့ အကျင့်မရှိဘူး၊ ဒါကြောင့် ရှင်ဟာ ဘယ်တော့မှ ချမ်းသာမှာမဟုတ်ဘူး၊ ကဲ ဘယ့်နှယ်လဲ၊ ကျွန်မဆက်ပြောရမလား"

သူမက ရေနွေးခွက်ကိုကြည့်၍ တစွတ်တွတ် ပြောနေရာမှ ကျွန်တော့်ကို မော်ကြည့်လာပြီးမေး၏။

www.burmeseclassic.com

www.burmeseclassic.com



“ပြောပေါ့၊ မင်းသိထားသမျှ အကုန်ပြောပါ”

သူမ မျက်လွှာအသာချသွားသည်။ ပြီးနောက် ဆက်ပြော၏။

“ရှင့်ဘဝဟာ စိတ်ချမ်းသာရမယ့် ဘဝမဟုတ်ဘူးတဲ့၊ ရှင်ဟာ ရှင့်နှလုံးသားနဲ့ ဘယ့်သူကိုမှ မချစ်ဘူးတဲ့၊ ရှင့်နှလုံးသားဟာ အေးစက်စက်နိုင်လွန်းတယ်တဲ့၊ ရှင့်ကိုချစ်တဲ့လူတွေဟာ ကြေကွဲဝမ်းနည်းရမှာချည်းပဲတဲ့၊ ရှင်ဟာ မိန်းမမရဘဲ လူပျိုလူလွတ်ဘဝနဲ့ သေရမှာပဲတဲ့၊ ဘဝမှာ စိတ်ချမ်းသာစရာ သိပ်ပြီး မတွေ့ဘူးတဲ့၊ ရှင်ဘဝမှာ အခက်အခဲတွေနဲ့ တွေ့ရမယ်တဲ့၊ ပြီးတော့ ငြီးငွေ့စရာဘဝနဲ့ အချိန်ကုန်ရမှာပဲတဲ့၊ ရှင့်ကိုယ်ရှင် သတ်သေချင်တဲ့ နေ့တစ်နေ့ကိုတောင် ရောက်လာလိမ့်မယ်တဲ့၊ အဲဒီလိုသတ်သေချင်စိတ်ပေါ်လာစေမယ့် အဖြစ်တစ်ခု ဖြစ်လာလိမ့်မယ်၊ တစ်ခုပဲရှိတယ် ရှင်က ရှင့်ကိုယ်ရှင် မသတ်ရဲဘူးတဲ့၊ ရှင့်ဘဝခရီးဆုံးခါနီးမှာ ရှင့်ကို သိပ်ချစ်တဲ့ လူတစ်ယောက် သေသွားတဲ့အတွက် ရှင့်ကံကြမ္မာဟာ ပြောင်းသွားလိမ့်မယ်၊ အဲဒါကလဲ လုံးဝမမျှော်လင့်ပဲ ဖြစ်ပေါ်လာမှာတဲ့၊ ဒါပေမယ့် ဒါတွေအားလုံးဟာ နှစ်တွေအကြာကြီးဖြစ်နေမှာတော့ မဟုတ်ပါဘူး၊ ဒီနှစ်အတွင်းမှာဖြစ်မှာ၊ ဒီလအတွင်းမှာ ဖြစ်ချင်ဖြစ်လာဖို့ရှိတယ်”

သူမက စကားဖြတ်ပြီး ရပ်နေသည်။



“ဒီနှစ်အတွင်းမှာ ဘာဖြစ်မှာတဲ့လဲ”

ကျွန်တော်က ကြားဖြတ်မေးလိုက်၏။ မိုခမ်းက ကျွန်တော့်ကို ဖျတ်ခနဲ လှမ်းကြည့်သည်။ ထို့နောက် မျက်နှာလွှဲကာ သက်ပြင်းဟင်းခနဲ ချ၏။

“ကျွန်မ ဆက်ပြောရမှာ မဝံ့မရဲဖြစ်နေမိတယ်၊ အင်းလေ ကျွန်မဆက်ပြောပါမယ်၊ ရှင့်ကို မိန်းကလေးတစ်ယောက်က မေတ္တာရှိလာလိမ့်မယ်၊ သူဟာ အိမ်ထောင်သည်လား၊ အပျိုလားဆိုတာတော့ မသိဘူး၊ ဒါပေမယ့် ကျွန်မသိတာကတော့ မိန်းကလေးက သိပ်ကိုလှတယ်”

ကျွန်တော်နှင့် သူမျက်လုံးချင်း ဆုံသွားကြသည်။ ကျွန်တော်က သူ့ကို စိုက်ကနဲကြည့်မိတော့ သူမ အတန်ငယ် ရှက်သွားပုံရသည်။ မျက်နှာလေးမှာ နီရွေးရွေးဖြစ်လာကာ ရှက်သွေးများ ဝဲဖြာနေ၏။

“မိန်းကလေးတစ်ယောက်က သိပ်ပြီး ချစ်လာမယ်တဲ့လား”

ကျွန်တော်က နောက်သလိုလို ပြောင်သလိုလေသံဖြင့် ရွှတ်လိုက်သည်။

“မပြောင်ပါနဲ့၊ ဒါပြောင်စရာမဟုတ်ဘူး၊ ကျွန်မရှင့်ကို အမှန်အတိုင်း ပြောပြနေတာ”

သူမက ခပ်တည်တည် မျက်နှာထားဖြင့် ခပ်ဆတ်ဆတ်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်လေ၊ မပြောင်ပါဘူး၊ နောက်ပြီးတော့ ဘာဆက်ဖြစ်ဦးမှာလဲ"

"အဲသလိုဖြစ်တဲ့အတွက် အဲဒီမိန်းကလေးမှာ မကောင်းဘူး ရှင့်အတွက်ကြောင့် သူ့မှာ အရှက်တကွဲဖြစ်ရမယ်၊ သူ့ဘဝတစ်လျှောက်လုံးမှာ မမေ့နိုင်လောက်အောင်ကို အရှက်တကွဲဖြစ်ရမယ်၊ ဝမ်းနည်းပက်လက်လဲဖြစ်ရမယ် ဒါပေမယ့် သူ့ကြောင့် ရှင့်မှာ ဒုက္ခရောက်ဖို့မရှိဘူး"

"မဟုတ်သေးပါဘူး ဘာကြောင့် ကိုယ့်အပေါ်မှာ ချစ်နေတဲ့ မိန်းမလှလေးတစ်ယောက်ကို ကိုယ်က အရှက်တကွဲဖြစ်အောင် လုပ်ရမှာလဲ၊ ကိုယ်ဟာ အေးအေးဆေးဆေး နေတတ်တဲ့လူ၊ ဂုဏ်သိက္ခာနဲ့နေတဲ့လူတစ်ယောက်ပါ၊ မင်းအခု ပြောနေပုံကဖြင့် ကိုယ်နဲ့ပတ်သတ်သမျှ မကောင်းတာတွေချည်း ဖြစ်နေတယ်"

"အဲဒါတော့ ကျွန်မလဲ မသိဘူး၊ ဒီလိုဖြစ်အောင် လုပ်တဲ့လူဟာ ရှင်ဟုတ်ချင်မှ ဟုတ်မှာပေါ့၊ ကံကြမ္မာဆိုးက ကြိုးပမ်းမှုလို့ ဖြစ်ချင်ဖြစ်မှာပေါ့၊ ဖြစ်ပျက်သမျှတွေ မှန်လာတဲ့ တစ်နေ့ကျရင်တော့ ရှင်ကျွန်မ အခုပြောခဲ့တဲ့ စကားတွေကို သတိမရပဲ မနေပါနဲ့"

"ဒီလိုမျိုးမဖြစ်အောင် ဘယ်လိုလုပ်ရမလဲ"



ကျွန်တော်က စိုးရိမ်စိတ်ကလေးဖြင့် မေးမိသည်။ မိုခမ်းက ကျွန်တော့်ကို ဖျတ်ခနဲလှမ်းကြည့်၏။

"ရှင့်အနေနဲ့ ကံကြမ္မာကို ရှောင်တိမ်းလို့ရမတဲ့လား၊ ကျွန်မ ရှင့်ကို ဗေဒင်မဟောခဲ့မိရင် အကောင်းသား၊ ခုတော့ ရှင် စိတ်ဆင်းရဲရပြီ"

"အဲလိုတော့လဲ မဟုတ်ပါဘူး၊ ဒါက မင်းအပြစ်မှ မဟုတ်တာ"

"ကျွန်မလဲ ဘာမှမတတ်နိုင်ပါဘူး၊ လူတိုင်းဟာ ကံကြမ္မာရဲ့ စေခိုင်းမှုကို လိုက်နာကြရတာပဲ မဟုတ်လား"

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ထိုနေ့မှစ၍ ကျွန်တော်သည် နာမည်ဆိုးနှင့်ကျော်ကြားသော တဲငယ်လေးသို့ မကြာခဏလာလည်တတ်သည့် ဧည့်သည်တစ်ယောက်ဖြစ်လာသည်။ ကျွန်တော် ရောက်သွားတိုင်းလည်း မိုခမ်းသည် တည်ငြိမ်သော ဣန္ဒြေသိက္ခာဖြင့် ဆီးကြိုဧည့်ခံတတ်သည်။

ဘွားစောရှင်ကတော့ ကျွန်တော်ရောက်သွားလျှင် သူ့ဘာသာသူ တီးတိုးရေရွတ်နေတတ်သည်။ ကျွန်တော့်အပေါ် မခင်မင်သည့်သဘောတော့မပြပါ။ ကျွန်တော်ကလည်း အလည်သွားတိုင်း လက်ဆောင်ပစ္စည်းကလေးတွေ ယူသွားတတ်သည်။ ဘွားစောရှင်သည် ကျွန်တော့်အပေါ်၌ တစ်နေ့ထက်တစ်နေ့ ပို၍မျက်နှာသာပေးလာခဲ့ပါသည်။



ကျွန်တော်ပြန်လျှင် မိုခမ်းက တောစပ်အထိ အမြဲတစေ လိုက်ပို့တတ်သည်။

"ကျွန်မရှင့်ကို အထူးအဆန်းတစ်ခုပြမယ် ကြည့်မလား"

မိုခမ်းက ရုတ်တရက်စကားစလာခြင်း ဖြစ်လေသည်။

"အင်း ကြည့်မယ်လေ၊ ဒါပေမယ့် ဟိုတစ်ခါကလိုတော့ မလုပ်နဲ့နော်"

"စိတ်ချ၊ ဘာ သွေးထွက်သံယိုမှ မပါဘူး"

မိုခမ်းက ရယ်ချင်သလို အသံလေးဖြင့် ပြောလေ၏။ ထို့နောက် သူ့အသံရုတ်တရက်ပြောင်းသွားသလို ထင်လိုက်ရသည်။

"ရှင် မချမ်းဘူးလား"

ကျွန်တော်က မချမ်းပါဘူးဟု ဖြေလိုက်ရုံပြင်သည်။ သို့သော် ရုတ်တရက်ခန္ဓာကိုယ်တစ်နေရာမှ စိမ့်ကနဲဖြစ်သွားသလို ထင်လိုက်ရ၏။

"အင်း နည်းနည်းတော့ ချမ်းသလိုပဲ"

"မှောင်ရော မမှောင်နေဘူးလား၊ မြင်ရတာတွေကလေ"

ဒီတစ်ခါလည်း မမှောင်ပါဘူးဟု ပြောရုံပြင်သည်။ သို့သော် ရုတ်ချည်းပင် အမြင်အာရုံက ပါးလျသွားသလိုလို။

"ဟုတ်တယ် နည်းနည်းတော့ မှောင်လာပြီ"

"မှောင်မှာပေါ့၊ တောကြီးမျက်မည်းထဲ ရောက်လာပြီကိုး"

www.burmeseclassic.com



ဘယ့်နှယ့် တောကြီးမျက်မည်းရမှာလဲ၊ မိုခမ်းတို့ အိမ်ရှိရာပြင် တောစပ်ကလေးဟာပဲ။ သို့သော် တကယ့်တောနက်ကြီးဖမာ ကျွန်တော့်စိတ်မှာ ထင်ယောင်လာမိ၏။

"တောကြီးထဲမှာ … ရှင်တစ်ယောက်တည်းရယ်၊ လေရိုင်း
ကလဲ တဝူးဝူး၊ အေးလိုက်တာ စိမ့်လို့၊ မှောင်ကလည်းမှောင်
လွန်းတယ်၊ တဖြည်းဖြည်းပိုပိုပြီး မှောင်လာနေတာ ဘေးဘီ
ဘယ်ညာ ကြည့်လေရာရာ ဘာမှကို မမြင်ရတော့တာ"

ပြောနေရင်းက မိုခမ်းအသံသည် တစ်စထက်တစ်စ ပိုဝေးသွားသလို ခံစားလိုက်ရ၏။ ချက်ချင်း ကျွန်တော်တစ်စုံတစ်ရာကို သတိရလိုက်မိသည်။

သူ ငါ့ကို စိတ်ညို့နေတာပဲ။

သို့သော် … ရုန်းထွက်ခြင်းငှာ မစွမ်းသာတော့။

တောနက်ကြီးမှာ တဖြည်းဖြည်းလေတွေ ပြင်းသထက်ပြင်းလာကာ မုန်တိုင်းတွေ တိုက်သည်။ လေအရှိန်က ကျွန်တော့်ကိုပင် လွင့်ပါသွားလုမတတ်။

အဝေးဆီမှာ သစ်ပင်ကြီးတွေ ကျိုးကျသံကို ကြားရသည်။ တစ်ပင်ပြီး တစ်ပင် တဖြောင်းဖြောင်း တဒိုင်းဒိုင်း။ အနီးဆုံး သစ်ပင်ကြီး တစ်ပင်ရှိရာသို့ ပြေးဝင်ဖက်တွယ်ထားလိုက်မိသည်။

မျက်စိကို စုံမှိတ်ထားလိုက်မိ၏။



'တော်ပါတော့' … ဟု နှုတ်က မသဲမကွဲ ရေရွတ်လိုက်ချိန်မှာပင် မိုခမ်း၏အသံကို ပြန်လည်ကြားရလေတော့သည်။

"ဟင်း ဟင်း မျက်လုံးလည်း ဖွင့်ကြည့်ပါဦး သူ့ရဲကောင်း
ကြီးရယ်၊ ဒီမှာ ဘာမှ မရှိပါဘူး"

ရုတ်ချည်းပင် ဝုန်းတိုင်းကြဲနေသော ပတ်ဝန်းကျင်မှာ ငြိမ်ဆိတ်သွားသည်သို့။ ကျွန်တော်ဖက်တွယ်ထားမိသော အပင်မှာကား အနားမလှမ်းမကမ်းရှိသည့် မိုခမ်းရှိရာလျှောက်လာမိ၏။ ရှက်သလိုကျွန်တော့်မျက်နှာ အနည်းငယ်အမ်းနေမိသည်။

"ဘယ်နှယ်လဲ ခုနက မြင်လိုက်တာတွေ တစ်ခုမှ မရှိတော့
ဘူး မဟုတ်လား"

"ဟုတ်တယ်၊ ခုနက … ချက်ချင်းချင်းကြီး မိုးမှောင်ကျပြီး
မုန်တိုင်းလိုဖြစ်လာတာ"

မိုခမ်းက ရယ်သည်။ တဆက်တည်းပင် အနည်းငယ် ရုထ်ယူဝင့်ကြွားသလို အသံလေးဖြင့် …

"ဘယ်နှယ်လဲ မဆန်းဘူးလား"

သို့သော် ကျွန်တော်ခေါင်းခါပြသည်ကို မြင်ရသည့်အခါ မိုခမ်းမျက်နှာပေါ်မှ အပြုံးကလေး ပျောက်ကွယ်သွားလေ၏။

"အဲဒါ စိတ်ညို့ပညာပဲ မိုခမ်းရဲ့ ဘာလောကီပညာမှ မ
ဟုတ်ဘူး၊ ထူးဆန်းပေမယ့် ကြောက်စရာလို့တော့ မဆိုသာပါ

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ တကယ်တော့ ဒါဟာ သိပ္ပံပညာရပ်ထဲ အဝင်အပါ ဖြစ်တဲ့ ပညာတစ်ရပ်ပါဘဲ"

မိုခမ်းအသွင်က အနည်းငယ် မခံချင်ဖြစ်သွားသလိုရှိသည်။

"ကဲ ကိုသိပ္ပံပညာကျော်ကြီးရယ်လုပ်ပါဦး ကျွန်မဘာလုပ်လုပ် ရှင့်သိပ္ပံဆိုတဲ့စကားလုံးကြီးနဲ့ပဲ ကိုင်ပေါက်နေတော့တာပဲ၊ ရှင်တို့ မြို့ပေါ်က သိပ္ပံပညာရှင်ကြီးတွေကရော ကျွန်မလို လုပ်နိုင်လို့လား"

"အင်းလုပ်နိုင်ကောင်း လုပ်နိုင်ပါလိမ့်မယ်၊ ဒါပေမယ့် မင်း လောက်တော့ မမြန်ဘူး၊ ပြီးတော့ မင်းလို လွယ်လွယ်ကူကူ မလုပ်နိုင်တာကိုလည်း ကိုယ်ဝန်ခံပါတယ်၊ တကယ်တော့ အဲဒါကို စိတ်ညှို့ပညာခေါ်တယ်ကွ"

"ကျွန်မက ရှင့်ကို ညှို့တယ်ပေါ့ ဟုတ်လား၊ အဲဒီကတည်းက ကျွန်မမှာ အစွမ်းရှိတာ သေချာနေပြီလေ"

"မဟုတ်ဘူး မင်းမှရယ်မဟုတ်ဘူး၊ ဘယ်သူမဆို တစ်ယောက်ကို တစ်ယောက်ညှို့လို့ရတယ်၊ ဥပမာ … အမေက သားကို ငါ့သားကြီးတော်လိုက်တာကွယ်လို့ ချီးကျူးတာကြောင့် ကလေးက ပိုတော်သထက်တော်အောင်ကြိုးစားလာတယ်ဆိုရင်လည်း ဒါဟာ စိတ်ညှို့ခြင်းတစ်မျိုးပါပဲ၊ လူမှာက အညွှန်းခံစိတ်ဆိုတာ ရှိတယ်ကွ၊ လူတစ်ယောက်ရဲ့စိတ်ကို



ညွှန်းချက်တွေပေးပြီး ညှို့လို့ရတယ်၊ မင်းလုပ်တာကျတော့ အာရုံများတွေထည့်ပေးတာပေါ့၊ အင်္ဂလိပ်လို အီလူးရှင်း ခေါ်တယ်၊ ဒါမျိုးက အညွှန်းခံလွယ်တဲ့သူတွေအတွက်ပဲ ထိရောက်တာ လူတိုင်းကို မင်းလုပ်လို့ရမှာ မဟုတ်ဘူး"

"ပြောချင်တာ ရှင့်မို့လို့ လုပ်လို့ရတာပေါ့"

"အင်း၊ ကိုယ့်ကို ပိုလုပ်လို့ကောင်းတာပေါ့၊ ကိုယ်ကအညွှန်းခံလွယ်လုလို့တော့ မဟုတ်ဘူး၊ ဒါပေမယ့်နဂိုတည်းက မင်းညှို့ချက်မှာ သက်ဆင်းကျရောက်ပြီးသားလူလေ၊ မင်းပြောသမျှ တလေးတနက် ယုံချင်နေတာ"

ထိုစကားကို သူမမျက်နှာလေးအား ရွှန်းရွှန်းစားစားငေးကြည့်လျက်ပြောမိခြင်း ဖြစ်ပါလေ၏။ ဘယ်လို မိန်းကလေးမျိုးဖြစ်စေ ထိုစကား ထိုအကြည့်တို့၏ ဆိုလိုရင်းကိုတော့ ချက်ချင်းသဘောပေါက်ပါလိမ့်မည်။

ဒီတစ်ခါတော့ ကျွန်တော့်အကြည့်ကို သူမခံနိုင်သည့်အလှည့်ပင်။ မိုခမ်းမှာ ခေါင်းကလေး ငုံ့သွားလေ၏။ သူနှင့် အငြင်းအခုန်ဖြစ်ရသော ကိစ္စကိုပင် မေ့လျော့သွားလေ၏။ ခေါင်းပြန်မော့သောအခါ ပြုံးစစအသွင်လေးကို မြင်တွေ့ရလေ၏။

"မင်းပြုံးတာလေးက … အရမ်းဖြူစင်တာပဲ မိုခမ်းရယ်၊ တကယ့်ကလေးလေးတစ်ယောက်လိုပဲ"

www.burmeseclassic.com



"ဟင်အင်း ကလေးဟုတ်ပါဘူး ကျွန်မအပျိုဖြစ်ပြီရှင့်"

ကျွန်တော် ရယ်မိသည်။ မိုခမ်းကလည်းလိုက်ရယ်၏။ သူမ ရယ်ပုံမှာ ကြာဖြူပွင့်လေး လှုပ်ယိမ်းနေသည့်အလား၊ တကယ်တော့လည်း သူမမှာ ပတ်ဝန်းကျင်နှံ့အညစ်တို့ကြားမှ ကြာဖြူပန်းလေးတစ်ပွင့်ပါပင်။

"မင်းနဲ့ပတ်သတ်ပြီး ကိုယ်အံ့ဩမိတာ တစ်ခုရှိတယ်၊ မင်းဟာ ဘယ်သူနဲ့မှ မတွေ့မမြင်ရဘဲ တောကြီးမျက်မည်းထဲမှာ ကြီးပြင်းခဲ့ရတဲ့ မိန်းကလေးတစ်ယောက် စာလဲ များများ ဖတ်ခွင့်ရတာမဟုတ်ဘူး ဒါပေမယ့်"

"ကျွန်မ စာလုံးဝမဖတ်တတ်ဘူး"

"ကဲ တွေ့လား မင်းစာတောင် မဖတ်တတ်ဘူး ဒါပေမယ့် မင်းစကားပြောပုံ ဆိုပုံဟာ တကယ့်ပညာတတ် မိန်းကလေး တစ်ယောက်အတိုင်းပဲ၊ ဘာကြောင့် အဲသလိုဖြစ်ရတာလဲ၊ အခု ကိုယ်မေးနေတဲ့ မေးခွန်းကို မင်းနားလည်ရဲ့လား"

"ကျွန်မနားလည်ပါတယ်၊ ဒီလိုဖြစ်လာတာဟာ ဘွားဘွားကြောင့်ပါ၊ သူ့မျက်နှာကိုကြည့်ပြီး သူ့ကို အကဲဖြတ်လို့တော့ မရဘူး သူဟာ သိပ်ကို ပါးနပ်တာ၊ သူမသိတာ မရှိသလောက်ပဲ၊ ဘာမေးမေး သိတာချည်းပဲ၊ နောက်ပြီး သူလုပ်နိုင်တာတွေကလဲ အမျိုးစုံပဲ"



"သူက ဘာတွေ လုပ်နိုင်လို့လဲ"

"လူတွေ ရောဂါဖြစ်ရင် ကုပေးနိုင်တယ်၊ သွားကိုက်ရင် ပျောက်အောင် လုပ်ပေးနိုင်တယ်၊ သွေးထွက်ရင် ရပ်သွားအောင် လုပ်ပေးတတ်တယ်၊ ခွေးရူးကိုက်ရင် မြွေကိုက်ရင်လဲ ကုပေးနိုင်တယ်၊ သူမလုပ်နိုင်တာ ဘာမှမရှိဘူး"

မိုခမ်းက သူ့အဘွားအကြောင်း တက်ကြွစွာ ပြောနေ၏။

"ဒါဆိုရင်တော့ သူ့ဘဝမှာ အတွေ့အကြုံအများကြီး ရခဲ့လိမ့်မယ်၊ သူဘယ်ဒေသက လာတာလဲ၊ အရင်က သူဘယ်မှာနေခဲ့ဖူးလဲဟင်"

မိုးခမ်းသည် မျက်နှာတစ်ချက် ပျက်သွား၏။ ကျွန်တော့်မေးခွန်းကို သူမနှစ်သက်ပုံမရပါ။ ချက်ချင်းအဖြေမပေး။ အတန်ကြာမှ

"ကျွန်မ မသိဘူး"

ဝေ့လည်ကြောင်ပတ် ဖြေသည်။

"ဘွားဘွားကလဲ အဲဒါတွေကိုပြောရင် မကြိုက်ဘူး၊ တစ်ခါတလေ အမှတ်တမဲ့ ပြောမိရင်လဲ အဲဒါတွေကို မေ့ပစ်လိုက်ဖို့ ပြောတတ်တယ်၊ သူကိုယ်တိုင်လဲ နောက်ထပ် မပြောတော့ဘူး၊ ကဲ ကျွန်မပြန်တော့မှဖြစ်မယ်၊ သိပ်ကြာနေရင် ဘွားဘွား ကျွန်မကို ဆူလိမ့်မယ် ရှင်လဲ သွားတော့နော်"

www.burmeseclassic.com

www.burmeseclassic.com



မိုခမ်း ဆက်မပြောချင်တော့ဟန်ဖြင့် စကားကို အလျင်အမြန်ဖြတ်ပြီး နှုတ်ဆက်သည်။

"ကောင်းပါပြီ"

ကျွန်တော်က ပြောလိုက်တော့ သူမက ကျွန်တော့်အနားမှ လှစ်ကနဲ လှည့်ထွက်သွားလေတော့သည်။

* * *

## အခန်း (၇)

ကျွန်တော်သည် မိုခမ်းနှင့် တွေ့ဆုံပြီးနောက်ပိုင်းတွင် လာရင်းကိစ္စကိုပင် မေ့လျော့နေမိသည်။ ကျွန်တော့်စိတ်ကို ဆွဲဆောင်ထားသည်မှာ မိုခမ်း၏ အလှတစ်ခုတည်းမဟုတ်ပါ။ သူမ၏ ဖြောင့်မတ်ရိုးသားမှု၊ ပွင့်လင်းမှုနှင့် လွတ်လပ်စွာ ပြောဆိုပြုမူနေထိုင်တတ်မှုတွေက ကျွန်တော့်ကို ခင်မင်လာအောင် ဖန်တီးပေးလျက်ရှိနေသည်။

သူမ၏ စိတ်သဘောထားလေးကလဲ ဖြူစင်သန့်ရှင်းလှ၏။ မိဘဘိုးဘွား မျိုးရိုးစဉ်ဆက်မှ ဆက်နွယ်ရရှိလာခဲ့သော အယူသည်းမှုကလေးများ ရှိတတ်သော်လည်း ဘာမှ မသိနားမလည်သည့် ကလေးတစ်ယောက်၏ အပြစ်ကင်းစင်သော စိတ်မျိုးလည်း ရှိသူလေးပါ။

သူမ သိလိုသမျှကိုလည်း မမောနိုင် မပန်းနိုင် မေးတတ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်တော်ကလည်း သူသိလိုသမျှကို စိတ်ပါလက်ပါ၊ ရိုးရိုးသားသားနှင့် မှန်မှန်ကန်ကန် ဖြေတတ်သည်။ ထိုကြောင့်လည်း သူသည် ကျွန်တော်ပြောသမျှကို အကြွင်းမဲ့ ယုံကြည်သည်။ ကျွန်တော့်ထံမှ သိရသမျှ အကြောင်းအရာအားလုံးသည် သူ့အဖို့ အထူးအဆန်း အံ့သြစရာတွေချည်းဖြစ်၏။

"ရှင်က ဘယ်မှာနေတာလဲ ဟင်"

မိုခမ်းက ကျွန်တော့်ကို တောစပ်နားအထိ လိုက်ပို့ပေးသည်။ ဤအလေ့အထကလေးသည် ကျွန်တော်နှင့် မိုခမ်းအကြားတွင် ကြိုတင်ညှိနှိုင်းထားခြင်းမပြုဘဲ အနိုင်အမာ တည်ရှိလာခဲ့သည်။ လမ်းတစ်လျှောက်တွင်လည်း မိုခမ်းနှင့် ကျွန်တော်သည် စိတ်ဝင်စားစရာကောင်းသည့် အကြောင်းအရာများကို ပြောဆိုလာတတ်ကြ၏။ စကားကြာကြာ ပြောသွားနိုင်ဖို့အတွက် ကျွန်တော်တို့သည် ခြေလှမ်းကို စိပ်နိုင်သမျှ စိပ်စိပ်လှမ်းကြသည်။

"ရန်ကုန်မှာ နေတာ"

ကျွန်တော်က သူမေးသမျှကို စိတ်ပါလက်ပါပြန်ဖြေမိသည်။

"ရန်ကုန်ဆိုတာ ဘာလဲဟင် မြို့လေးတစ်မြို့လား"

"မြို့ကလေး တစ်မြို့မဟုတ်ဘူး မြို့ကြီး"

"ဒါဆိုရင် အဲဒီမြို့ကြီးက ကျွန်မတို့တန့်ယန်းထက် ကြီးမှာပေါ့နော်"



"ဒါပေါ့ ကြီးတာပေါ့၊ အဆငါးရာလောက် ကြီးတယ်၊ တစ်ချို့အိမ်တွေမှာဆိုရင် မင်းတို့တစ်ရွာလုံးနေကြတဲ့ လူအရေအတွက်ထက် နှစ်ဆလောက်ကို များတယ်"

"အမလေး အများကြီးပဲနော်၊ အဲဒီလိုဆိုရင် အိမ်တွေက ဘာတွေနဲ့ တူသလဲဟင်"

မိုခမ်းက အလန့်တကြားလေးမေးသည်။ ထုံးစံအတိုင်း ကျွန်တော်က သူနားလည်သွားအောင် နှိုင်းယှဉ်ပြဖို့ စဉ်းစားရပါသည်။

"အိမ်တွေက အမြင့်ကြီးတွေပေါ့၊ ငါးထပ်၊ ခြောက်ထပ်၊ ခုနစ်ထပ်အထိ မြင့်တယ်၊ ဟောဟိုက အပင်ကြီးကိုမြင်တယ် မဟုတ်လား"

"အိမ်တွေက အဲဒီအပင်လောက်မြင့်တယ်၊ ထိပ်ကနေ အောက်ဆုံးအထပ်ထိ လူတွေနဲ့ ပြည့်နေတာပဲ၊ လူတွေဟာ လှောင်ချိုင့်ထဲက ငှက်ကလေးတွေလိုပဲ အခန်းကျဉ်းကလေးတွေထဲမှာ နေကြရတာ၊ တစ်ခန်း တစ်ခန်းမှာ နေတဲ့လူတွေက လေးငါးဆယ်ယောက်လောက်ရှိတယ်"

"ကျွန်မကတော့ ရှင်တို့မြို့ကြီးတွေနဲ့ ကျွန်မရဲ့ သစ်တောတွေလဲပါဆိုရင် လုံးဝမလဲဘူး သိလား၊ ကျွန်မ တန့်ယန်းမြို့ကို သွားပြီးဈေးဝယ်တဲ့အခါ သိပ်စိတ်ပျက်ဖို့ကောင်းတယ်၊ ဒါတောင်မှ တန့်ယန်းမြို့ဟာ မြို့သေးသေးပဲရှိသေးတယ်၊

www.burmeseclassic.com



လူတွေကများတော့ တိုးကြ ရှေ့ကြ၊ အော်ကြဟစ်ကြနဲ့ ဆူညံနေတာပဲ၊ ခြေချစရာတောင် မရှိသလောက်ပဲ၊ သစ်တောကြီးထဲမှာဆိုရင် ဘယ်လောက် ပျော်စရာကောင်းသလဲ ပြေးချင်ရင်ပြေး၊ သွားချင်သလိုသွား ကျွန်မကတော့ မြို့ကြီးပြကြီးမှာ မနေချင်ပေါင်''

''ဒါပေမယ့် မင်းရမယ့်ယောက်ျားက မြို့ကြီးသားတစ်ယောက်ဖြစ်နေရင် ဘယ်နှယ့်လုပ်မလဲ''

ကျွန်တော်က ရယ်သွမ်းသွေး၍ မေးလိုက်၏။ မိုခမ်းက နှာခေါင်းကိုရှုံ့ကာ မဲ့ရွဲ့၍

''ကျွန်မ ယောက်ျား မလိုချင်ပါဘူး''

''အခုတော့လဲ မင်းဒီလိုပဲပြောမှာပေ့ါ၊ ဒီအပြောမျိုးက မိန်းကလေးတိုင်းလိုလို ပြောတတ်ကြတာပါ၊ ဒါပေမယ့် နောက်ဆုံးကျတော့လဲ၊ သူတို့အားလုံး အိမ်ထောင်သည်တွေဖြစ်ကုန်ကြတာချည်းပဲ၊ မင်းတစ်ယောက် ယောက်နဲ့ ချစ်မိကြတဲ့အချိန်အထိ စောင့်ကြည့်ဦးပေ့ါ၊ အဲဒီကျတော့လဲ မင်းချစ်သူက ကမ္ဘာကြီးရဲ့ အစွန်အဖျားကိုသွားရင်တောင် မင်းလိုက်မှာပါ၊ မြို့ကြီးပြကြီးဆိုတာလောက်ကတော့ အပျော့ပေ့ါ မဟုတ်ဘူးလား''

''သြော်... တော်ပါတော့ ဒါတွေပြောနေလို့ ဘာအကျိုး



ထူးမှာလဲ''

သူမက စိတ်ရှုပ်သွားဟန်ဖြင့် ပြောသည်။

''မင်းဟာ တော်တော် ရယ်စရာကောင်းတာပဲ၊ မင်းအနေနဲ့ ယောက်ျားတစ်ယောက်ကို ချစ်တဲ့စိတ်မပေါ်ဘူးလို့ ထင်နေလား၊ မင်းဟာ အသက်လဲငယ်သေးတယ်၊ လှလဲလှတယ်၊ မင်းမှာ အချစ်သွေးဝင်လာတဲ့ တစ်နေ့ကျရင် တစ်ယောက်ယောက်ကို ပေးထားတဲ့ကတိတွေ ဘာတွေကို မင်းမေ့သွားမှာပါကွာ''

''ကျွန်မချစ်တဲ့လူ ပေါ်လာတော့ ဘာဖြစ်မှာလဲ''

မိုခမ်းက ကျွန်တော့်ကို မကြည့်ပဲ အဝေးသို့ ငေးရီကာ ပြော၏။

''အဲဒီတော့လဲ လက်ထပ်လိုက်ရုံပေ့ါ ဟုတ်ဖူးလား''

ကျွန်တော်က သူ့ကို စလိုက်သည်။ မိုခမ်းသည် မျက်လွှာကိုချကာ ခေါင်းယမ်းပြီး မချိုပြုံးပြုံးသည်။

''ဒါတော့ မဖြစ်နိုင်ဘူးထင်တယ်၊ ကျွန်မလို လူမျိုးကို ဘယ်သူက လက်ထပ်ချင်မှာလဲ''

''ဘာလဲ မင်းတို့ရဲ့ အတတ်ပညာကြောင့်လား''

''ဟုတ်တယ် ကျွန်မလို စုန်းမတစ်ယောက်ကို''

''ကိုပြောတာ ယုံစမ်းဝါ မိုခမ်းရယ် မင်းလိုယ်မင်း လှည့်

www.burmeseclassic.com

www.burmeseclassic.com



စားနေတဲ့သဘောဖြစ်နေတာပါ၊ မင်းအခုပြောနေတာတွေဟာ သဘာဝမကျပါဘူး၊ ရယ်စရာတောင်ကောင်းသေးတယ်'' လျှို့ဝှက်နက်နဲသော ကံကြမ္မာကို လက်မြှောက် အရှုံးပေးသည့် အရိပ်လက္ခဏာများသည် သူမမျက်နှာတွင် ထင်ဟပ်နေ၏။

''မဟုတ်ဘူး ရှင်နားမလည်ပါဘူး၊ ရှင်ပဲစဉ်းစားကြည့်လေ၊ အခု ကျွန်မလုပ်နေနိုင်တဲ့ဟာမျိုးတွေကို သာမန်လူတစ်ယောက်က ဘယ်လိုနည်းနဲ့ လုပ်နိုင်မှာလဲ''

''ဒါကတော့ မင်းကြားဖူးလားမသိဘူး၊ စိတ်ညှို့ပညာတို့ စိတ်ကုပညာရပ်တို့လည်း ရှိတာပဲ၊ လူတစ်ယောက်ကို စိတ်ညှို့ပြီး နိုင်းစေလို့ရတဲ့ပညာမျိုးတွေပေါ့၊ ပြီးတော့ ဟိုတစ်ခါ မင်းလုပ်ခဲ့သလို သွေးထွက်အောင်လုပ်ပြီးမှ ချက်ချင်းသွေးတိတ်သွားအောင် လုပ်တယ်ဆိုတာလည်း ဇီဝဗေဒဆိုင်ရာ နည်းပညာနဲ့ ပတ်သတ်နေတယ်လေ၊ သွေးကြောတစ်ခုကို ကျွမ်းကျွမ်းကျင်ကျင် ဖိနှိပ်ပေးရုံနဲ့ သွေးတိတ်နိုင်တာပဲ၊ မင်းထင်နေတဲ့ အယူအဆတွေကို စွန့်လွှတ်လိုက်ပါတော့ကွာ၊ ဒါတွေဟာ အယူသည်းမှု သက်သက်တွေပါ''

''ကဲ ထားပါတော့ ရှင်ပြောတဲ့ သွေးတိတ်အောင်လုပ်တဲ့ ကိစ္စကို ကျွန်မလက်ခံပါတယ်၊ ဒါပေမယ့် တခြားဟာတွေကျတော့ ဘယ်ကလာသလဲ''



ကျွန်တော်ပြောသမျှကို ယုံကြည်လက်ခံခဲ့သော မိုခမ်းသည်။ ဒီကိစ္စကျမှ လုံးဝလက်မခံဘဲ ခါးခါးသီးသီး ငြင်းပယ်၏။

''ကျွန်မတတ်တာက သွေးတိတ်အောင်လုပ်တဲ့ နည်းတစ်နည်းမှမဟုတ်တာ၊ ရှင့်အိမ်မှာရှိနေတဲ့ ကြွက်တွေနဲ့ ပိုးဟပ်တွေကို တစ်နေ့တည်းနဲ့ တစ်ကောင်မှ မရှိအောင် လုပ်ပေးစေချင်သလား ကျွန်မ လုပ်ပေးနိုင်တယ်၊ အကြီးအကျယ်ဖျားနေတဲ့ လူတစ်ယောက်ကို ဆရာဝန်တွေ လက်လျှော့သွားပြီးဆိုပါတော့ ကျွန်မက ဘာဆေးမှမပါဘဲ ရေချည်သက်သက်နဲ့ နှစ်ရက်အတွင်း သက်သာအောင် ကုပေးနိုင်တယ်၊ ရှင့်ကို တချို့စကားလုံးတွေ မေ့သွားအောင် လုပ်ပေးစေချင်သလား၊ ကျွန်မလုပ်ပေးလို့ရတယ်၊ ပြီးတော့ အိပ်မက်တွေကို ကျွန်မဘာကြောင့် အဓိပ္ပာယ်ကောက်တတ်သလဲ၊ အနာဂတ်မှာ ဖြစ်မယ့်ဟာတွေကို ဘာဖြစ်လို့ ကျွန်မဟောနိုင်သလဲ ကဲ''

''ကဲ မင်းက ကိုယ်ပြောတာကို လက်မခံဘူး၊ ကိုယ်ကလဲ မင်းပြောတာကို လက်မခံနိုင်ဘူး ဒီတော့ ဒီကိစ္စကို ထပ်မဆွေးနွေးတာပဲ ကောင်းမယ်၊ တစ်ခြားအကြောင်းတွေပဲ ပြောရအောင်နော်''

ဤကိစ္စနှင့် ပတ်သတ်၍ ကျွန်တော်တို့နှစ်ယောက် ငြင်းခုံ

www.burmeseclassic.com



မှုသည် အခြားအကြောင်းအရာတစ်ခုကို ပြောင်း၍ ပြောခြင်းဖြင့် အဆုံးသတ်သွားခဲ့သည်သာ ဖြစ်၏။ ဤပြင်းခုံမှုကြောင့် တစ်ယောက်နှင့် တစ်ယောက်အကြားတွင် အာဃာတတော့ မပေါ်ခဲ့။

အမှန်အတိုင်း ပြောရလျှင် သူမ၏အတတ်များထဲတွင် ကျွန်တော်ရှင်းမပြနိုင်သည့်အရာများ အများအပြား ရှိနေသည်။ ထို့ကြောင့်လည်း ကျွန်တော့် အယူအဆကို သူလက်ခံသွားသည်အထိ စွမ်းဆောင်နိုင်စွမ်းမရှိဘဲ ဖြစ်နေသည်။

* * *

အခန်း (၈)

နွေးနွေးထွေးထွေးရှိသော်လည်း ကောင်းကင်တစ်ခွင်လုံး မှုန်မှိုင်းနေသည့် နံနက်ခင်းဖြစ်သည်။ မကြာခဏ တိတ်လိုက် ရွာလိုက်လုပ်နေသော မိုးကြောင့် မြက်ပင်စိမ်းစိမ်းများ မြေမှထွက်လာကြသည်။ မိုးရွာချိန်တွင် ပျောက်သွားသော နေသည် မိုးတိတ်သည်နှင့် တစ်မြို့ငနက် ခေါင်းပြူ၍ထွက်လာလေ၏။ မိုးစက်များတင်နေသည့် သစ်ရွက်များပေါ်သို့ သူ၏ ရောင်ခြည်ဖြင့် လွှမ်းခြုံထားသည်။

ကျွန်တော်သည် ပြတင်းတံခါးဝနားရှိ စားပွဲခုံလေးတွင် စာရေးနေရာမှ ပြတင်းဝမှ ဆီး၍မြင်ရသော မြင်ကွင်းကိုငေးနေမိသည်။ ထိုအခိုက် ကျွန်တော့်နောက်မှ လူတစ်ယောက် လာရပ်နေသည်ကို သိလိုက်သည်။ လှည့်ကြည့်မိတော့ ခမ်းထီကိုတွေ့ရ၏။ လျှော်ဖွပ်မီးထားသော ခမ်းထီသည် အမြဲလိုလို အသံမကြား ဘာမကြားဘဲနှင့် ရောက်လာလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ခမ်းထီ"

"ဘာမှမဟုတ်ပါဘူးဗျာ၊ ကျုပ်ကြည့်ချင်လို့ ကြည့်နေတာပါ၊ အင်း ကျုပ်လဲ ဆရာလေးလို စာရေးချင်လိုက်တာဗျာ၊ ဘာ မဟုတ်သေးပါဘူး၊ ကျုပ်ပြောတာက ဆရာလေးရေးသလို မဟုတ်ပါဘူး၊ ကျုပ်နာမည်ကို ရေးချင်တယ်လို့ ပြောတာ"

"ဘာကြောင့်လဲ"

ကျွန်တော်က တအံ့တသြပြန်မေးမိသည်။

"ဒီလိုပါ ဆရာရယ် ဒီရွာထဲမှာ စာရေးတတ် ဖတ်တတ်တဲ့ လူတစ်ယောက်မှ မရှိဘူးဗျ၊ လက်မှတ်ထိုးစရာ ကိစ္စပေါ်လာရင် ဘယ်သူမှ လက်မှတ်မထိုးတတ်ကြဘူး၊ ပြီးတော့ အခွန်ကြေးတို့ ဘာတို့ဆက်ရင် တံဆိပ်နှိပ်တာကို ရွာသူကြီးက လုပ်တယ်၊ ဒါပေမယ့် သူတံဆိပ်နှိပ်ပေးတဲ့ စာရွက်ပေါ်မှာ ဘာတွေရေးထားတယ်ဆိုတာ သူလုံးဝသိတာမဟုတ်ဘူး၊ ဒီတော့ ကိုယ့်လက်မှတ်ကိုယ် ထိုးတတ်တဲ့လူဟာ ကျုပ်တို့ရွာမှာ ကံအကောင်းဆုံးလူဖြစ်မှာ သေချာတယ်ဗျ"

ကျွန်တော်က သူ့အပြောကို သဘောကျစွာဖြင့် ခေါင်းညိတ်ရင်း ရယ်မိသည်။ သူ့အတွေးနဲ့သူတော့ ဟုတ်နေသား။

"ကဲပါလေ ငါမင်းကို စာသင်ပေးပါမယ်"



"တခြားဟာတွေ မသင်ချင်နေပါ ကျုပ်နာမည်ကို ရေးတတ်ရင် တော်ပါပြီ ဆရာရယ်"

ကျွန်တော် သူ့ကို စာသင်ပေးမည်ဟု အာမခံလိုက်သဖြင့် သူ့မျက်နှာသည် ကျေနပ်ဝမ်းသာသွားဟန်ဖြင့် တောက်ပလာ၏။

"အခုတော့ မအားသေးဘူးကွ ညကျတော့မှ မင်းကို သင်ပေးမယ်"

"ဟုတ်ကဲ့ ဆရာ"

ခမ်းထီသည် ကျွန်တော့်အနားမှ ထွက်မသွားသေးဘဲ ဆက်ရပ်နေ၏။ ကျွန်တော် သူ့ကို မော်ကြည့်မိသည်။ သူ့မျက်နှာတွင် တစ်ခုခုမေးလိုသည့် အရိပ်အငွေ့များ ထင်ဟပ်နေ၏။

"ဘာပြောချင်လို့လဲ ပြောလေ"

ကျွန်တော်က စကားစပေးလိုက်တော့၊ သူက ပြောရင်းခက်နေဟန်ဖြင့် တံတွေးကို အခဲနဲ့မျိုသည်။ ပြီးနောက် မဝံ့မရဲဟန်ဖြင့် ကျွန်တော့်ကို တည့်တည့်မကြည့်ဘဲ မေး၏။

"ဆရာ ဟိုမကောင်းဆိုးရွားတဲ့ဆီကို ဘာလို့သွားနေရတာလဲ"

"မင်း ဘယ်လိုသိတာလဲ"

ကျွန်တော်က တအံ့တသြ ပြန်မေးမိသည်။

"ဟိုတစ်ခါ ဆရာ တောထဲမှာ လမ်းမှားပြီး ပျောက်သွား

www.burmeseclassic.com

www.burmeseclassic.com



ကတည်းက အဲဒီကို ရောက်သွားမှန်း ကျုပ်သိပါတယ်၊ ကျုပ်အော်ခေါ်နေတာကို ဆရာ ပြန်မထူးဘူး၊ ကျုပ်က ဆရာ ခြေရာကို ခံပြီးလိုက်ကြည့်တယ်လေ၊ ဒီဟာမျိုး မလုပ်သင့်ပါဘူး ဆရာရယ်"

ကျွန်တော် စုန်းမတဲသို့ သွားလည်ခြင်းနှင့် မိုခမ်းနှင့် တွဲ၍ လမ်းလျှောက်ခြင်းတို့သည် သူသိနေသော လျှို့ဝှက်ချက်တစ်ခု ဖြစ်နေသဖြင့် ကျွန်တော်မှာ အံ့ဩလို့မဆုံးတော့။ တစ်ရွာလုံးက ပစ်ပယ်ထားသည့် မြေအတွားကို ကျွန်တော်က သွားပတ်သတ်မိသည့်အတွက် သူ့အဖို့ စိတ်အနှောင့်အယှက်ဖြစ် အမြင်မကြောင်လင်ပုံရသည်။

"ဒီမှာခမ်းထီ သူတို့က မင်းတို့ထင်သလို မဟုတ်ပါဘူး၊ ဘယ်သူ့ကိုမှလဲ ရန်ရှာနေတာမဟုတ်ဘူး ပြီးတော့ မင်းတို့ အရေးကြုံလာရင်တောင် သူတို့က ပြန်ကူညီပေးသေးတာပဲ"

"ဘာကူညီလို့လဲ"

"ဆေးကုတာတို့ ဘာတို့ပေါ့"

"အို အဲဒါတွေက အလကားပါ ဆရာရယ် သူတို့မကျေနပ်တဲ့လူကို အစာထဲ အပင်းထည့်တယ်၊ ပြီးတော့ အဲဒီအပင်းက သူတို့ပြန်ထုတ်မှရတာလေ၊ လူနာဆေဒနာပျောက်ခါနီးပြီလားဆိုရင် သူတို့ ပြန်လုပ်ရော အဲဒါ ဘာကူညီတာလဲ သက်သက် ဒုက္ခပေးနေတာ၊ မကောင်းဆိုးဝါးမတွေ"



ခမ်းထီက ပြောရင်း ဒေါသထွက်လာဟန်ဖြင့် ဒေါသတကြီး ကြိမ်းဝါး၏။

"အဲလိုလဲ မဟုတ်ပါဘူးကွာ"

ကျွန်တော်က ခမ်းထီကို အမြင်မမှား အထင်မလွဲအောင် ဖျောင်းဖျပြောဆိုဖို့ စဉ်းစားနေမိသည်။ ဘယ်လိုပြောပြော လက်မခံမည့် ပုံဖြင့် ခမ်းထီက အနိုင်အမာပြောနေ၏။

"ဆရာ သူတို့အကြောင်း မသိသေးပါဘူး၊ သူတို့ကကြောက်စရာလဲကောင်းတယ်၊ ရွံစရာလည်းကောင်းတယ် သူတို့နဲ့ သွားမပတ်သတ်မိတာ အကောင်းဆုံးပဲ သူတို့က ချစ်ရင်လဲ လုပ်တယ် မုန်းရင်လဲ လုပ်တယ် ဆရာရဲ့"

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

နေ့စဉ် နေ့တိုင်း မိုခမ်းထံသွား၍ လည်တတ်သော အကျင့်ကို ဖျောက်ဖို့ကြိုးစားပါသော်လည်း မရပါ။ ထိုအကျင့်ကို ဖျောက်မရသည့်အတွက် တခါတရံတော့ ကျွန်တော့်ကို ကျွန်တော် ဒေါသဖြစ်မိပါသည်။

ကျွန်တော် သူ့အပေါ် သံယောဇဉ်တွယ်နေမိပြီလား ခုထိ ကျွန်တော် မဝေခွဲနိုင်သေးပါ။

ကျွန်တော့်စိတ်အာရုံထဲတွင် မိုခမ်း၏ ရုပ်ပုံလွှာသည် အမြဲတစေ ထင်ဟပ်လျက်ရှိနေ၏။ သူ့ကို တမ်းတသောစိတ်၊ သတိရသောစိတ်သည် ကျွန်တော့်ကို လှုပ်နှိုးရိုက်ခတ်နေတတ်သည်။

သူ့စကားသံ သူ့လှုပ်ရှားဟန်၊ သူ့အပြုံး၊ သူနှင့်ပတ်သတ်သမျှ အရာအားလုံးသည် ကျွန်တော့်နှလုံးသားကို ဆွဲကိုင် ချေမွနေ၏။ ကျွန်တော် သူ့ကိုချစ်နေမိပြီလားဆိုတာ ကိုတော့ ကျွန်တော်



မသေချာသေးပါ။

ထုံးစံအတိုင်း မိုခမ်းတို့ဆီ ညနေစောင်းကလေး ရောက်သွား၏။ မိုခမ်းက စားပွဲတစ်လုံးပေါ်၌ အငွေ့တထောင်းထောင်းထနေသော အိုးတစ်လုံးကိုချရင်း

"အဘွား ညစာစားလို့ရပြီ"

ဟု လှမ်းရင်း အသံပြုသည်။

"အဟမ်း"

ကျွန်တော်က အသံပေးရင်း တဲအတွင်းသို့ ဝင်လာ၏။ ကျွန်တော့်ကိုမြင်တော့ စားပွဲအေးတွင် ထိုင်နေသော အဘွားကြီးက တုံ့ဆိုင်းဆိုင်း မျက်နှာထားဖြင့်

"မင်းကော ဝင်စားလိုက်ပါလား၊ ငါတို့က ဖိတ်ပါတယ် ဒါပေမယ့် ငါတို့အစားအစာကတော့ ဆင်းရဲတယ်၊ ဆန်ပြုတ်တစ်ခွက်ပဲ"

သူ့ ဖိတ်ကြားပုံက သိပ်ပြီး ဟက်ဟက်ပက်ပက် မရှိလှသဖြင့် ကျွန်တော် ငြင်းလိုက်မည်ဟု စိတ်ကူးမိသည်။

"ဟုတ်သားပဲ ရှင်ရော တခါတဲ ဝင်စားလိုက်ပါလား"

ကျွန်တော်အား ဖိတ်ခေါ်လိုက်သည့် မိုခမ်း၏ ရင်းနှီးဖော်ရွေသော အပြုံးကြောင့် ကျွန်တော် မငြင်းနိုင်တော့ပါ။ မိုခမ်းက ကျွန်တော့်ကို စားပွဲဆီသို့ ဆွဲခေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ... ဟဲ အားနာစရာတော့ ကောင်းနေပါပြီ ညှေ့သည် လာမှဘဲ ထမင်းပွဲနဲ့ တန်းတိုးရတယ်လို့"

ကျွန်တော်က ရယ်ရွှန်းပတ်ရွှန်းဖြင့် ပြောလိုက်သော်လည်း အမျိုးသမီးနှစ်ယောက်စလုံး လိုက်မရယ်ကြပါ။ မိုခမ်းက ပြုံးရုံသာပြုံး၏။ အဘွားကြီးကတော ဂရုမစိုက်ဟန်ဖြင့် ခပ်တည်တည်ပင်။

ညစာစားနေသည့် အခိုက်တွင် ကျွန်တော်သည် အမျိုးသမီးနှစ်ဦး၏ စားပုံသောက်ပုံကို ဂရုတစိုက် အကဲခတ်မိသည်။ လူတို့၏ အကျင့်စရိုက်များသည် အစားစားသည့်အခါ တခြားအချိန်များထက် ပို၍ ပေါ်လွင်တတ်ကြသည် မဟုတ်လား။

အဘွားအိုသည် ဆန်ပြုတ်ကို အငမ်းမရသောက်လျက်ရှိသည်။ ပါးစပ်ကလည်း တပြွတ်ပြွတ်မြည်လျက်ရှိ၏။ လက်တစ်ဖက်ကလည်း အမဲခြောက်ကင်ကို ဖွဲ့ကာရွဲ့ကာဖြင့် ပါးစပ်ထဲထိုးထည့်ရာ၌လည်း အဆမတန် ထည့်ထားခြင်းဖြစ်၍ ပလုပ်မလောင်းဖြစ်ကာ ပါးနှစ်ဘက်စလုံး ဖောင်းနေသည်။ မိုခမ်း၏ စားသောက်ပုံကတော့ သူ့အဖွားလောက် မဆိုးပါ၊ သို့သော်လည်း အမျိုးအနွယ် စရိုက်ကိုတော့ မသိမသာ ပြသလျက်ရှိသည်ဟု ဆိုရပါမည်။

ညစာစားပြီးသွားတော့ ကျွန်တော်က သူတို့အား နှုတ်ဆက်၍ ပြန်ရန်ပြင်၏။

"စားလို့ကောင်း ဝါးလို့ကောင်း ဗိုက်လည်း ဖောင်းသွားပြီ



ခုလိုကျွေးမွေးတဲ့အတွက် ကျေးဇူးတင်ပါတယ်နော် အဘွား"

အဘွားကြီးက ကျွန်တော့်စကားကို မတုန့်ပြန်ပဲ ဆောင့်ကြောင့်ထိုင်၍ တစ်ဖက်လှည့်နေသည်။

"ကျွန်တော်ပြန်လိုက်ပါဦးမယ်"

နှုတ်ဆက်သော်လည်း ကျွန်တော့်ကို စကားပင်မဟာ၊ မေးပင်ဆက်မပြပေ။ ကျွန်တော့်က မိုခမ်းကို လှမ်းကြည့်မိသည်။ မိုခမ်းက အပြုံးကလေးဖြင့် နှစ်သိမ့်၏။

"ရှင့်ကို ကျွန်မ ဟိုဘက်မှားထိ လိုက်ပို့ပေးပါမယ်"

မိုခမ်းက ပြောတော့ အဘွားကြီးက မျက်စောင်းခဲ၍ လှမ်းကြည့်၏။ မိုခမ်းက သူ့အဘွားအကြည့်ကို မသိကျိုးကျွံပြုကာ မြူထည်ပဝါလေးကိုယူ၍ ကျွန်တော့်ကို လိုက်ပို့ရန်ပြင်သည်။

ထိုနေ့က အိမ်ပြန်ရောက်တော့ မိုးတောင် ချုပ်နေပြီ။ အိမ်ပြန်လာသည့် လမ်းတစ်လျှောက်လုံး ကျွန်တော့်တစ်ကိုယ်လုံး တုန်ယင်လျက်ရှိနေသည်ကို သတိထားမိသည်။ ဖျားပြီမှန်း ကျွန်တော်သိလိုက်၏။ ကျွန်တော်သည် ကိုယ့်ကိုယ်ကို မထိန်းနိုင် အရက်မူးသမားတစ်ယောက်လို ဒယီးဒယိုင်ဖြစ်နေ၏။ ချမ်းလွန်းသဖြင့် ကျွန်တော့်သွားများသည် တဆတ်ဆတ် ရိုက်လျက်ရှိ၏။ ဒူးများမှာ ကိုက်ခဲကာ ခွေထိုင်ချင်နေ၏။ ခေါင်းထဲမှာလည်း မူးနောက်နောက် ဖြစ်ဝေဖြစ်ကာ မျက်လုံးတွေက ပူနေသည်။ အာခေါင်ခြောက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ချမ်းလိုက်တာ"

စောင်တွေ အထပ်ထပ်ခြုံထားသည့်ကြားမှ ခိုက်ခိုက်တုန်အောင် ချမ်းနေ၏။ တစ်ကိုယ်လုံး မခံမရပ်နိုင်အောင် ပူလောင်လျက်ရှိနေ၏။ သတိရတစ်ချက် မရတစ်ချက်ကြားမှပင် အိပ်မက်ဆိုးများလည်း တစ်ခုပြီး တစ်ခု မက်နေသည်။

အိပ်မက်ဆိုးကြောင့် ဖျတ်ခနဲ ပြန်နိုးလာတော့ ကျွန်တော့်ရင်တွေ တဆတ်ဆတ်ခုန်နေကာ မောနေသည်။ သတိပြန်ဝင်လာသည်။ ကိုယ့်ကိုယ်ကို ဘာတွေဖြစ်နေသည်ကိုလည်း သတိထားမိလာသည်။ ကျွန်တော် အခုထက်ထိဖျားနေဆဲ၊ အိပ်ရာထဲလဲနေဆဲ။ ဂယောင်ချောက်ချားဖြစ်နေဆဲ။

ချည့်နဲ့နေသော အင်အားကိုထုတ်၍ လက်ပတ်နာရီကို လှမ်းယူမိသည်။ နံနက် ၃ နာရီတိတိ။

"ဘုရား၊ ဘုရား အခုထက်ထိ မလင်းသေးဘူး၊ ဘယ်တော့မှ မိုးလင်းမှာပါလိမ့်"

စိတ်ပျက်လက်ပျက်ဖြင့် တွေးကာ ပူလောင်နေသော ခေါင်းအုံးပေါ်သို့ ပြန်လှဲချလိုက်သည်။ ထို့နောက် တစ်ခေါင်းလုံး နောက်ကျိကာ အိပ်ချင်စိတ်က လွှမ်းမိုးလာပြန်သည်။ ကျွန်တော့် ဦးနှောက်သည် အိပ်မက်ဆိုးများ၏ ဖိစီးနှိပ်စက်မှုကို ခံရပြန့်၏။

* * *

## အခန်း (၁၀)

အဖျားဝင်ပြီး သုံးရက်မြောက်နေ့တွင် ကျွန်တော်နေကောင်းစပြုလာ၏။ ထူထူထောင်ထောင် ပြန်ဖြစ်လာသည်။ အိပ်ရာမှထကာ ဒယီးဒယိုင်ဖြင့် လမ်းလျှောက်နိုင်လာသည်။

နလန်ထစဖြစ်၍ အစားကိုလည်း နှစ်ခြိုက်၍ စားနိုင်လာသဖြင့် ခန္ဓာကိုယ်သည် ပြန်လည်၍ ခွန်အားပြည့်ဖြိုးလာသည်။ သစ်တောကြီးထဲမှ အထီးကျန် တဲကလေးဆီသို့ သွားနိုင်လောက်အောင် အားမပြည့်သေး။

မိုခမ်းနှင့် မတွေ့မမြင်ရတော့မှ မိုခမ်းကို ဘယ်လောက်လွမ်းကြောင်း ကျွန်တော်သိလာရသည်။ အချိန်တိုင်း သူ့အရိပ်တွေသာ မြင်ယောင်လျက် သူ့စကားသံတွေသာ ကြားယောင်လျက်ရှိနေတော့သည်။

ကျွန်တော် သူ့ကို ချစ်မိနေပြီဟု အသေအချာ သိလိုက်သည်။

www.burmeseclassic.com



အလွမ်းစိတ်သည် ကျွန်တော့်ကို အလွန်အမင်း နှိပ်စက်လျက်ရှိနေ၏။ သွားနိုင်လာနိုင်အောင် အားအင်ပြည့်ဖြိုးလာတော့ ကျွန်တော် မိုခမ်း ဆီသို့ သွားရန်ပြင်မိသည်။

ကျွန်တော့်ကို တစ်ချိန်လုံး စောင့်ကြည့်အကဲခတ်နေသော ခမ်းထိက ကျွန်တော်သွားမည်ကို မလိုလားဟန်ဖြင့် ကြည့်နေ၏။ နောက်မှ မနေနိုင်မထိုင်နိုင်ဝင်ပြော၏။

“ဆရာ အဲဒီမိန်းမကြေကို သိပ်မယုံပါနဲ့၊ ကျွန်တော်စိုးရိမ်လို့ ပြောတာနော်”

“အေးပါကွာ အေးပါ”

ကျွန်တော်က သူ စိတ်ကျေနပ်အောင် ပြောလိုက်မိသည်။ သူဘာပြောပြော ကျွန်တော် ဂရုမစိုက်ပါ။ ယုံလဲ မယုံကြည်ပေ။ ကျွန်တော့်စိတ်သည် မိုခမ်းဟူသော မိန်းကလေးအပေါ်မှာသာ အပြည့်အဝ ယုံကြည်သက်ဝင်နေမိပါပြီ။

မိုခမ်းတို့ တဲဘက်သို့ နီးနီးလာလေ ကျွန်တော့်ရင်ခုန်သံတွေ မြန်မြန်လာနေသည်။ တံခါးဝရောက်တော့ မျက်လုံးစုံမှိတ်ပြီး စတ္တန့် အနည်းငယ်လောက်ကြာအောင် ရပ်နေမိသည်။ အတန်ကြာမှ ကျွန်တော်၏ တုန်ချည့်ချည့် လက်တစ်ဘက်က တံခါးကို ခေါက်မိသည်။

အထဲမှ လှုပ်ရှားသံများ ကြားလိုက်ရပြီး တံခါးပွင့်သွား



သည်။ ချစ်စရာ မျက်နှာလှလှကလေး ပေါ်လာ၏။ ကျွန်တော့်ကိုမြင်တော့ မိုခမ်း၏မျက်နှာသည် ဖြူရော်ရော်ဖြစ်သွားသည်။

မျက်နှာတွင် စိတ်ရှုပ်သွားခြင်း ထိတ်လန့်အံ့သြသွားခြင်းနှင့် သနားကြင်နာခြင်း စသော အရိပ်အငွေ့များ တပြိုင်တည်း ယှက်သန်းသာ၏။

အထဲမှ စကားပြောသံကို ကြားလိုက်ရ၏။ အဘွားကြီးပြောလိုက်တာဖြစ်မည်။ သူ ဘာပြောလိုက်မှန်း ကျွန်တော် သဲသဲကွဲကွဲ မကြားရပါ။

“ဘာဖြစ်လို့လဲ ဖျားလို့လား၊ အရမ်းပိန်သွားတယ်နော်”

ကျွန်တော် အချိန်တော်ကြာသည်အထိ အဖြေမပေးနိုင်ဖြစ်နေမိသည်။ နှစ်ဦးသား မျက်နှာချင်းဆိုင်၍ အကြည့်ချင်းဆုံနေမိကြသည်။ တစ်ဦး၏ နှလုံးသားကို တစ်ဦးက ထွင်းဖောက်မြင်လိုက်ရသလို။ ပြန်လည် ဆုံတွေ့ရသည့်အတွက် ဝမ်းမြောက်ကြည်နူးခြင်းဖြင့် နှစ်ဦးသား ခံစားနေရ၏။

မိုခမ်းသည် ရစ်ဝဲလာသော မျက်ရည်များကြောင့် မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း သူ့အဘွားကို လှမ်းကြည့်သည်။

အဘွားက မျက်စောင်းတချက် ဆောင့်ခနဲထိုးကာ သူလုပ်လက်စ ခြင်းယက်ခြင်းအလုပ်ကို ဆက်လုပ်နေလေ၏။

“ကျွန်တော် ဟိုတစ်ခေါက် မိုခမ်းတို့ဆီက ပြန်သွားပြီးက

www.burmeseclassic.com

www.burmeseclassic.com



တည်းက ဖျားနေတာ ငှက်ဖျားဖြစ်တာလေ၊ အဲဒါငှက်ဖျား ဆေးတွေသောက်တာလဲ မပျောက်ဘူး၊ နောက်မှ ရွာထဲက ဆေးဆရာနဲ့ခေါ်ကုတော့မှ လူက ထူထူထောင်ထောင် ပြန်ဖြစ်လာတာ”

တဲတွင်းရှိ ခုတန်းလျားလေးပေါ်တွင် ထိုင်ရင်း ကျွန်တော်က အဖျားအကြောင်း ပြောမိသည်။ မိုခမ်းက ကျွန်တော်ပြောတာကို နားထောင်နေရင်း သူ့နှုတ်ခမ်းများမှာ မဲ့ပြုံးပြုံးနေလေ၏။

“ရှင်ဖျားနေတယ်ဆိုတာ ကျွန်မသိရင် တစ်ရက်တည်းနဲ့ ပြန်ထလာအောင် ကျွန်မကုပေးနိုင်တယ်၊ ဘာမှမသိနားမလည်တဲ့လူတွေကို ရှင့်ကိုယ်ရှင် ဘာဖြစ်လို့ ယုံကြည်ပြီး ပုံအပ်ရတာလဲ၊ ရှင်ဘာဖြစ်လို့ ကျွန်မကို အခေါ်မခိုင်းတာလဲ”

ကျွန်တော် ရုတ်တရက် အဖြေမပေးနိုင်။

“မဟုတ်ဘူး မိုခမ်း မမျှော်လင့်ပဲ ဖြူနီးခနဲဖြစ်တာဆိုတော့ ဘာလုပ်လို့ လုပ်ရမှန်းမသိဘူး ပြီးတော့ မင်းကိုလဲ မနှောင့်ယှက်ချင်ဘူးလေ”

မိုခမ်းက ပြုံးလိုက်၏။ သနားကြင်နာတတ်သော မျက်လုံးလေးများဖြင့် ကျွန်တော့်ကို စိုက်ကြည့်နေသည်။

“နေမကောင်းတဲ့သူကို အားရှိအောင် ကျွေးဖို့ ကျွန်မ



မှာ ဘာမှလဲမရှိဘူး၊ ရှင်သောက်ချင်တယ်ဆိုရင်တော့ ဆန်ပြုတ်ပဲ တိုက်လို့ရမယ်”

“ရပါတယ်ဗျာ ကျွန်တော် ဘာမှမစားတော့ပါဘူး၊ စားလဲ စားချင်စိတ်မရှိလို့ပါ”

ကျွန်တော်က ငြင်းလိုက်သည်။ ကျွန်တော့်စိတ်ထဲ ဘာရယ်မဟုတ် အစိမ်းရောင် ချွဲကျိုကျိုအနံ့ဖက်များကို သွား၍မြင်ယောင်မိသည်။ ချက်ချင်း ပေါက်ကရအတွေးကို မောင်းထုတ်ပစ်လိုက်၏။

“ဒါဆိုရင်တော့ ကျွန်မရှင့်ကို ဆေးတစ်ခွက်တိုက်မယ်၊ ရှင် ချက်ချင်း လန်းဆန်းသွားမှာ”

ပြောပြောဆိုဆို မိုခမ်းက အနက်ရောင်ပိတ်စဖြင့် အုပ်ထားသော စားပွဲပေါ်မှ ပစ္စည်းတစ်ခုကို သွားယူသည်။ သူယူလာတာက ပုလင်းလေးတစ်လုံးဖြစ်၏။

“ကဲ ဒီပုလင်းထဲက အရည်ကိုသောက်လိုက်၊ ရှင် ချက်ချင်း နေလို့ထိုင်လို့ ကောင်းသွားလိမ့်မယ်”

သူခိုင်းသည့်အတိုင်း ကျွန်တော် ယုံယုံကြည်ကြည်ဖြင့် သောက်လိုက်၏။ အဆိပ်ပင်ဖြစ်စေဦးတော့ ကျွန်တော်သောက်မိမှာပါ ...မှာ ကျွန်တော်သူ့ကို ထက်ထက်သန်သန် ယုံကြည်နေမိပြီလေ။

ဆေးရည်သည် ခါးသက်သော်လည်း လည်ချောင်းတစ် ...ပတ် ပူနွေးရှိန်းမြကာ စီးဝင်သွား၏ တအောင့်ကြာတော့ သိသိ

www.burmeseclassic.com

www.burmeseclassic.com



သာသာပင် ကျွန်တော် ခံစားနေရသည့် ကိုယ်လက်ကိုက်ခဲ ညောင်းညာခြင်းတို့ တလှပ်လှပ်နှင့် ရင်တုန်ပန်းတုန်ဖြစ်ခြင်းတို့ တရိပ်ရိပ်မူးဝေနေခြင်းတို့ ယူပစ်သလို ပျောက်သွားကာ အားအင်ပြည့်ဖြိုးလန်းဆန်းလာသည်ဟု ထင်မိသည်။

"ဘယ်လိုလဲ ကောင်းသွားပြီမဟုတ်လား"

"အင်း"

"ကဲ ကောင်းသွားပြီဆိုရင်လဲ အိမ်ပြန်ပြီး အနားယူလိုက်ပါဦး၊ အဖျားက သိပ်စိတ်ချရသေးတာမဟုတ်ဘူး၊ အအေးမိရင် ချက်ချင်းပြန်ဖျားမှာ သိရဲ့လား ကဲထ ပြန်တော့"

မိုခမ်းက ခုံတန်းလျားပေါ်မှထကာ ကျွန်တော် လက်ကိုဆွဲပြီး ပြော၏။ ကျွန်တော်လည်း သူ့စကားကို မပယ်ရှားခဲ့ပဲ အိမ်ပြန်ရန် ပြင်မိသည်။ သူကလည်း ကျွန်တော့်နောက်မှ တပါတည်းလိုက်လာ၏။

"ဟဲ့... နင်ဘယ်သွားမလို့လဲ"

တဲထဲမှ အဘွားကြီးက လှမ်းမေး၏။

"သူ့နဲ့ ခဏလေး လမ်းလျှောက်လိုက်သွားမလို့"

မိုခမ်းက ပြန်ဖြေသည်။ သူ့ဖြေပုံမှာ ဂရုတစိုက် မရှိလှပေ။

"ဩော် ညည်းက တစ်ခါတည်း လိုက်သွားမလို့ပေါ့လေ"

အဘွားကြီးက ခလိုတမာ လေသံဖြင့် ငေါ့တော့တော့ပြော



သည်။ မိုခမ်းသည် သူ့အဘွားအား စူးစူးဝါးဝါး ပြန်လှည့်ကြည့်ကာ

"ဟုတ်တယ်၊ လိုက်သွားမှာ"

ဟု လေသံတင်းတင်းဖြင့် ပြန်ပြောလိုက်၏။

"ကျွန်မတို့နှစ်ယောက် ပြောဆိုပြီးပြီး ဒါက ကျွန်မကိစ္စပါ ဖြစ်လာသမျှ ကျွန်မတာဝန်ယူရုံပေါ့"

"အေး ဒီလိုဆိုလဲ ကြည့်ကြသေးတာပေါ့အေ"

အဘွားကြီးက ခေါသတကြီး အော်ပြောသည်။ နောက်တင် ဆက်ပြောရန် ဟန်ပြင်ပြီးမှ မပြောတော့ဘဲ မျက်နှာလွှဲကာ ခြင်းဆောင်းကို ဆက်ယက်နေလေ၏။

မြေးအဘွားနှစ်ယောက် အချီအချ ပြောခဲ့သည့်စကားများကြောင့် ကျွန်တော် စိတ်မကောင်းဖြစ်သွားမိရသည်။

"မင်းအဘွား ငါနဲ့သွားလာတာကို မကြိုက်ဘူးထင်တယ် ဟုတ်တယ်မဟုတ်လား"

လမ်းလျှောက်လာရင်း ကျွန်တော်မေးမိသည်။ မိုခမ်းက စိတ်ရှုပ်သည့်ဟန်ဖြင့် သက်ပြင်းဟင်းချနဲ့ချ၏။

"အင်း ဟုတ်တယ် သူကတော့ မကြိုက်ဘူး၊ မကြိုက်လဲ ဘယ်တတ်နိုင်မလဲ။ ကျွန်မကြိုက်တာ လုပ်ပိုင်ခွင့်တော့ ရှိရမှာပေါ့"

"ခုနက ပြောတဲ့အထဲမှာ ဖြစ်လာသမျှကို တာဝန်ယူမယ်ဆို

www.burmeseclassic.com



တာ ဘာကိုပြောတာလဲဟင်''

မိုခမ်း၏မျက်နှာသည် ဖျတ်ခနဲ နီရဲသွားသည်။

''အို… ဘာမှမဟုတ်ပါဘူး၊ ပါးစပ်ထဲရှိရာ ပြောလိုက်မိတာ မေ့လိုက်ပါ''

ဟု မိုခမ်းက ခေါင်းကိုတွင်တွင်ခါရင်း ပြော၏။ ကျွန်တော် သူ့ကို စိုက်ကြည့်မိသည်။ မိုခမ်းသည် အနည်းငယ် ပိန်သွားသယောင် ရှိသည်။ မျက်လုံးများအောက်တွင်လည်း ညိုမည်းနေ၏။ သူ့အား ကျွန်တော် စိုက်ကြည့်နေမှန်း သိသွားဟန်တူ၏။ ဖျတ်ခနဲ မော်ကြည့်လိုက်ပြီး ခေါင်းကို ပြန်ငုံ့လိုက်သည်။ သူ့မျက်နှာတွင် ရှက်ပြုံးဝင်လာသည်။

''ဘာဖြစ်လို့ မပြောချင်ရတာလဲ ကိုယ်မေးတာ ဖြေစမ်းပါ''

ကျွန်တော်က သူ့လက်များကို ဆုပ်ကိုင်ပြီး အတင်းအကျပ် မေးမိသည်။

''ကျွန်မမဖြေနိုင်ဘူး၊ ကျွန်မကြောက်တယ်''

မိုခမ်းက မျက်လွှာချ၍ တိုးတိုးလေး ဆက်ပြော၏။

''ကျွန်မလေ ကျွန်မကံကြမ္မာရဲ့ စီမံမှုဘေးကလွတ်အောင် ပြေးနိုင်လိမ့်မယ်လို့ ထင်ထားတာ အခုတော့ ကျွန်မ…''

သူသည် တစ်ချက်မျှ အားရပါးရ အသက်ရှူလိုက်ပြီး ကျွန်တော့်လက်များကို ခပ်တင်းတင်းပြန်ဆုပ်ထား၏။ ကျွန်တော့်ကို မျက်



ရည်ဝဲနေသော မျက်ဝန်းများဖြင့် မော်ကြည့်လာ၏။

''အခုတော့ ကျွန်မဘာကိုမှ ဂရုမစိုက်တော့ဘူး၊ ဖြစ်ချင်တာဖြစ်ပါစေတော့ ကျွန်မဂရုမစိုက်တော့ဘူး၊ ဘာဖြစ်လို့လဲ သိလား၊ ကျွန်မရှင့်ကို ချစ်တယ် ချစ်တယ် ရှင့်ကို သိပ်ချစ်တယ်''

မိုခမ်းသည် ကျွန်တော့်ကို အတင်းဖက်တွယ်ထား၏။ နွေးထွေးလှသော ခန္ဓာကိုယ်သည် ကျွန်တော့်ရင်ခွင်တွင်း၌ ရောက်နေသည်။

''ကိုယ်လဲ မင်းကိုချစ်ပါတယ် အသည်းနှင့်အောင် ချစ်တာပါ၊ ကိုယ် မင်းကိုချစ်နေတာ ကြာပါပြီ''

ကျွန်တော်တို့နှစ်ယောက်စလုံး နှလုံးသားခံစားမှုကို လွတ်လပ်စွာ ပေါက်ခွဲမိကြ၏။ တစ်ဦးကိုတစ်ဦး တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားရင်း ရင်ခုန်သံကိုတိုးတိတ်စွာ ခံစားနေမိကြသည်။

''ကျွန်မလေ ရှင့်ကိုချစ်ရလို့ ဘာတွေဖြစ်လာဖြစ်လာ ရင်ဆိုင်ဖို့အသင့်ပဲ ကျွန်မသိပ်ပျော်နေတယ် သိလား''

''ကိုယ်ရောပဲ''

''ကျွန်မ ရှင်ကိုပြောဖူးတယ်မှတ်လား ရှင့်ကို မိန်းမတစ်ယောက် ချစ်လာမယ်လို့လေ အဲဒါ ကျွန်မပဲပေါ့၊ ရှင့်ကို ချစ်ရတဲ့အတွက် ကျွန်မအတွက် ဂြိုဟ်ဆိုးမှုတွေ ကျရောက်လာမယ်ဆိုတာ ကြိုသိနေခဲ့တယ်၊ ဒါပေမယ့် ကျွန်မ ကံကြမ္မာ

www.burmeseclassic.com

www.burmeseclassic.com



ကို လွှတ်အောင် မရှောင်တိမ်းနိုင်ဘူး၊ ကျွန်မလေ ရှင်နဲ့ မတွေ့ရတဲ့ ရက်တွေမှာ သိပ်ကိုလွမ်းနေမိတာ၊ အထီးကျန် လိုက်တာရှင်၊ ရှင်နဲ့ ခဏလောက်သာ တွေ့ရရင် ဘာကိုပဲ စွန့်လွှတ်ရ စွန့်လွှတ်ရလို့ စိတ်ထဲမှာ အောက်မေ့မိခဲ့တယ်၊ အဲဒီအချိန်မှာ ဆုံးဖြတ်ချက်တစ်ခုချလိုက်တယ် သိလား၊ ဖြစ်ချင်တာဖြစ်ပါစေတော့ ငါရဲ့ စိတ်ချမ်းသာမှုကိုတော့ မစွန့်လွှတ်တော့ဘူးလို့''

''ကိုယ်လဲ မင်းလိုပါပဲ မိုခမ်းရယ်၊ မင်းနဲ့ခွဲရတော့မှ မင်းကို သိပ်ချစ်မှန်း သိလာရတာ သိပ်ချစ်တယ် မိုခမ်းရယ်''

ကျွန်တော်က သူ့နားထင်ကို နှုတ်ခမ်းများနှင့် အသာအယာ ထိ၍ ပြောမိသည်။

ချစ်သူ၏နှုတ်ခမ်းများ ပြုံးနေပေလိမ့်မည်ဟု မကြည့်ပဲ ကျွန်တော်သိနှင့်နေသည်။

ကျွန်တော်တို့နှစ်ယောက်သည် လမ်းကျဉ်းကလေး၏ အလယ်၌ ရပ်နေမိကြသည်။ လမ်းဘေးတစ်ဖက်တစ်ချက်တွင် မြင့်မားသော သစ်ပင်ကြီးများ၏ အကိုင်းအခက်များသည် တစ်ကိုင်းနှင့် တစ်ကိုင်း ယှက်နွယ်ကာ လမ်းပေါ်သို့ ကွေးညွတ်ကျနေကြသည်။ ဝင်လုဆဲဆဲ နေမင်းဆီမှ ရောင်ပြန်ဟပ်နေသည့် အလင်းရောင်ကြောင့် သစ်ပင် ပင်စည်များသည် အညိုရောင်သန်းနေကြလေ၏။

* * *

## အခန်း (၁၁)

ကျွန်တော်သည် မိုခမ်းအား တစ်နေ့ မမြင်ရလျှင် မနေနိုင်သည့်အဖြစ်သို့ ဆိုက်ရောက်နေပြီဖြစ်၏။ သူမ၏ ချစ်စရာ မျက်နှာကို မြင်ရဖို့ သူမ၏ ချိုမြသော စကားပြောသံနှင့် သာယာအေးမြသော ရယ်သံကို ကြားရဖို့အတွက် သူမဆီသို့ မသွားဘဲလည်း မနေနိုင်။ ကြာတော့လည်း ထိုအလေ့အထသည် ကျွန်တော့်တွင် အမြစ်တွယ် လာခဲ့သည်။ သူ့မျက်နှာကို မြင်ရခြင်းသည် ကျွန်တော့်ဘဝအတွက် မရှိမဖြစ်သည့် လိုအပ်ချက်တစ်ခုဖြစ်နေ၏။

ကျွန်တော် နေပြန်ကောင်းလာသည့် အချိန်မှစ၍ အတွားဆော ရှင်သည် ကျွန်တော့်အပေါ်၌ စိပ်ပူလျက်ရှိသည်။ ကျွန်တော့်အား မုန်းတီးကြောင်းကိုလည်း သိသိသာသာ ဖော်ပြသည်။ ကျွန်တော် တဲထဲ၌ ထိုင်နေလျှင် အိုးတွေခွက်တွေကို ရွှေ့လိုက်ပြောင်းလိုက် ဆောင့် လိုက်ချလိုက် လုပ်သည်။ ဤဆူဆူညံညံ အသံများကြောင့်လည်း

www.burmeseclassic.com



ကျွန်တော်နှင့် မိုခမ်းတို့ တောထဲမှာသာ ဆုံကြရသည်။

သစ်ပင်များ၏ စိမ်းမြမြအလှ၊ ကျိုကျိုကျာကျာ ငှက်အော်သံများ၊ ရဲရဲတောက်နေဝင်ချိန်များ နှင်းဥကလေးများတွဲခိုနေသည့် နံနက်ခင်းလေးများသည် ကျွန်တော်တို့၏ အေးမြတည်ငြိမ်သော ချစ်ပုံပြင်ကလေးအတွက် ကျက်သရေရှိသော နောက်ခံအပြင်အဆင် အခင်းအကျင်းလေး တစ်ခုဖြစ်နေပါသည်။

မိုခမ်းနှင့် အတော်အတန် ရင်းနှီးလာတော့မှ ကျွန်တော် အလွန်အမင်း သိချင်နေသည့် ကိစ္စကို ဖွင့်မေးဖြစ်တော့၏။

"ကိုယ်… မင်းကို မေးစရာတစ်ခုရှိနေတယ်"

မိုခမ်းက ကျွန်တော့်ရင်ခွင်ထဲ၌ ငြိမ်သက်စွာ နေနေရာမှ ကျွန်တော့်မျက်နှာကို မော့်ကြည့်လာပြီး

"မေးလေ ဘာမေးမလို့လဲ"

"အမှန်တော့ ကိုယ်ဒီကိုလာတာ ဒီရွာနားမှာရှိတယ်ဆိုတဲ့ မှော်ဝင်လိုဏ်ဂူကိုရှာမလို့ပဲ၊ ဒါပေမယ့် အဲဒီဂူကို ကိုယ် ရှာမတွေ့ဘူး ဖြစ်နေတယ်၊ အဲဒီဂူကို မိုခမ်းသိလားဟင်"

မိုခမ်း၏ မျက်နှာသည် ဟန်မဆောင်နိုင်စွာ ပျက်ယွင်းသွား၏။ ကျွန်တော့်ရင်ခွင်ထဲမှ ဆတ်ခနဲ ရုန်းထွက်ကာ အံ့သံတုန်တုန်ဖြင့် ထစ်ထစ်ငေါ့ငေါ့ မေး၏။

"အဲ… အဲဒီဂူကို တွေ့ရင် ဘာလုပ်မလို့လဲ"



"ဘာမှမလုပ်ပါဘူး၊ အဲဒီဂူထဲမှာ ထူးဆန်းအံ့ဩဖွယ်တွေ ရှိတယ်လို့ ကြားထားဖူးတော့ လေ့လာမလို့လေ၊ ပြီးတော့ အဲဒီဂူအကြောင်း ကိုယ်စာရေးပြီး မှတ်တမ်းတင်ထားမလို့ပေါ့"

"ဟင့်အင်း… အဲလိုလုပ်လို့မရဘူး"

"ဘာဖြစ်လို့လဲ မိုခမ်းရဲ့"

"အဲဒီဂူကို မိုခမ်းသိတယ်၊ အဲဒီထဲကို သာမန်လူတွေ ဝင်လို့ မရဘူး ဝင်ရင်လဲ အန္တရာယ်တစ်မျိုးမျိုးနဲ့တွေ့ပြီး သေတာပဲ၊ အဲဒီဂူက မှော်ဝင်နေတာ အရမ်းကြောက်စရာကောင်းတယ်"

"ကိုယ်နားလည်အောင်လဲ သေချာပြောပြဦးလေ"

"အဲဒီဂူအကြောင်း ပြောခွင့်မရှိပါဘူး၊ ဒါပေမယ့် ရှင်သိပ် သိချင်တယ်ဆိုမှတော့ ကျွန်မပြောပြရမှာပေါ့"

မိုခမ်းက သက်ပြင်းကို ဟင်းကနဲချ၏။

"အဲဒီဂူက လောကီပညာနဲ့ဆိုင်တဲ့ဂူလေ"

"ဩော်"

"ဟုတ်တယ် ဒါကြောင့် အဲဒီဂူကိုလည်း သာမန်လူများ မလာနိုင်အောင် အစီအမံတွေ လုပ်ထားကြတယ်၊ မတော် တဆ ရောက်လာမိတဲ့သူဆိုရင်တောင် အန္တရာယ်တစ်မျိုးမျိုး တွေ့ပြီး သေတာပါပဲ၊ ကဲ… ကျွန်မ ဒီထက်ပိုမပြောချင်

www.burmeseclassic.com



မသင့်တော်ဘူးထင်တယ်၊ အဲဒီဂူအကြောင်း မေ့လိုက်ပါတော့ ရှင် ရှင့်အတွက်လဲအကျိုးမရှိပါဘူး"

ဆက်မပြောချင်တော့ဟန်ဖြင့် မိုခမ်းက စကားကို ဖြတ်လိုက်သည်။

"ကောင်းပါပြီ ကိုယ်တို့ တစ်ခြားအကြောင်းပဲ ပြောရအောင် နော်"

"အင်း ဘာပြောမှာလဲ"

ကျွန်တော်က မိုခမ်း၏ဆံပင်ဖျားလေးများကို ဆွဲယူကာ ငုံ့နမ်းလိုက်သည်။

"အဲဒါ စကားပြောတာပဲပေါ့"

"ဟင်း မဟုတ်ပဲနဲ့"

မိုခမ်း၏ လက်ကလေးများကို ဆုပ်နယ်နမ်း ရှုတ်လိုက်၏။

"အဲဒါလဲ စကားပဲ"

မိုခမ်းက ကြည်နူးဟန်ဖြင့် ပြုံးစစဖြစ်လာ၏။ ကျွန်တော်က သူမ၏ နှုတ်ခမ်းလေးများကို ခပ်ဖွဖွ နမ်းလိုက်သည်။

"အဲဒါလဲ စကားပြောတာပဲ"

ချစ်သူရယ်သံ ချိုချိုလွင်လွင်လေး လေအဝေ့နှင့်အတူ ပျံ့လွင့်ရိုက်ခတ်သွားလေတော့၏။ ချစ်ခြင်းဖြင့် တည်ဆောက်ထားသော သုခဘုံလေးသည် သာယာမွေ့လျော်ဖွယ် ကောင်းလိုက်ပါဘိ။

* * *

## အခန်း (၁၂)

မိုခမ်းကို လက်ထပ်ဖို့အရေးကို ကျွန်တော် မကြာခဏ တွေးမိသည်။ သူနှင့် ကျွန်တော် လက်ထပ်မည့်အရေးတွင် အတားအဆီးဟူ၍ တစ်ခုသာရှိသည်။

မိုခမ်းအား ခေတ်ဆန်ဆန် အဝတ်အစားများ ဝတ်စားဆင်ယင်စေပြီး ကျွန်တော့် သူငယ်ချင်း အပေါင်းအသင်းများ၏ မိန်းမများနှင့် မိတ်ဆက်ပေးရမည့် အခြေအနေကို ကျွန်တော် မတွေးဝံ့မတွေးရဲဖြစ်နေသည်။

စွဲမက်စရာကောင်းလောက်အောင် လှပသော မိုခမ်းကို လှိုဏ်ဂူကဲ့သို့ကျယ်သော တောအုပ်ကြီးတွင်းမှ ပွဲထုတ်လာသည့်အတွက် သူမနှင့် အံဝင်ခွင်ကျ ဖြစ်ပါ့မလားဟု ကျွန်တော် တွေးပူနေခြင်းပင်။

"အစေခံမတွေ တောသူမတွေကို လက်ထပ်ယူခဲ့ကြတဲ့

www.burmeseclassic.com



လူကြီး လူကောင်းတွေနဲ့ ပညာတတ်တွေ အများကြီး ရှိနေတာပဲ၊ သူတို့တွေ သေတယ်သက်တဆုံး အတွတူနေလို့ ဖြစ်သွားကြတာပဲ၊ ငါ့ကံက အဆိုးကြီးတော့ ဖြစ်မယ် မထင်ပါဘူး''

ကျွန်တော်က ကိုယ့်ကိုကိုယ် အားပေးတွေးမိသည်။

ကျွန်တော်သည် မိုခမ်းနှင့် တွေ့နေကျ လှသွားလမ်းလေး၏ ထောင့်မှနေ၍ မိုခမ်းရောက်အလာကို စောင့်မျှော်နေမိသည်။

ခဏကြာတွင် ဖြည်းဖြည်းသာသာ လျှောက်လာနေသည့် သူ့ခြေသံကိုကြားလိုက်ရ၏။ အမောတကောဖြစ်နေသည်။

''စောင့်နေတာ ကြာပြီလား၊ အဘွားနဲ့ ရန်ဖြစ်နေတာနဲ့ နောက်ကျသွားတယ်''

''သူက အခုထက်ထိ စိတ်မပြေသေးဘူးလား''

''မပြေသေးဘူး၊ ဒီကောင်က နင့်ဘဝကို ဖျက်ဆီးပစ်မယ့်အကောင်လို့ သူကပြောတယ်၊ ဒီကောင်နင့်ကို အပျော်ကြံတာတဲ့ သူလိုဘပြည့်ရင် နင့်ကိုခွာသွားမှာ နင့်ကိုတကယ်ချစ်တာမဟုတ်ဘူးလို့လဲ ပြောတယ်''

''ဒီအကောင်ဆိုတာ ကိုယ့်ကိုပြောတာပေါ့နော်''

''ဟုတ်တယ်လေ သူ တခြား ဘယ်သူ့ကိုပြောစရာရှိလို့လဲ၊ ဒါပေမယ့် သူဘာပြောပြော ကျွန်မ မယုံပါဘူး''



''ကိုယ် မင်းကို တကယ်ချစ်တာပါ မိုခမ်းရယ်၊ မင်းကို လက်ထပ်မယ်လို့ ကိုယ်ဆုံးဖြတ်တယ်၊ ဒီည မင်းအဘွားဆီမှာ မင်းကိုလက်ထပ်ဖို့ ခွင့်တောင်းမလို့ စဉ်းစားထားတာ ပြီးတာနဲ့ မနက်ဖြန်ကျရင် မြို့ကိုသွားပြီး ကိုယ်လက်ထပ်မယ့် အကြောင်း အလုပ်ကို ကြေးနန်းသွားရိုက်မယ်''

''လက်ထပ်မယ်''

မိုခမ်းက အံ့အားသင့်ဟန်ဖြင့် ရေရွတ်သည်။ ပြီးနောက် ခေါင်းကို ဖြည်းညင်းစွာ ယမ်း၏။

''မဖြစ်ဘူး၊ ဒါ လုံးဝမဖြစ်နိုင်တဲ့ ကိစ္စပဲ''

''ဘာဖြစ်လို့လဲ မိုခမ်းရယ်''

''မဖြစ်လို့ပါ ဒီကိစ္စကို စဉ်းစားဖို့တောင် မသင့်ဘူးဆိုတာ ရှင်လဲ သိမှာပါ၊ ရှင့်မယားဖြစ်လာရင် ကျွန်မက ဘယ်လိုမယားမျိုးဖြစ်လာမလဲ၊ ရှင်က လူကြီး လူကောင်း ဂုဏ်သရေရှိ လူတစ်ယောက်၊ တော်လဲသိပ်တော်တယ်၊ ပညာလဲ တတ်တယ်၊ ကျွန်မက ဘယ်လိုအဆင့်မှာရှိသလဲ ကျွန်မက စာလဲမတတ်ဘူး၊ ဘယ်လိုနေရထိုင်ရမယ်ဆိုတာလဲ မသိဘူး ရှင်ပဲ အရှက်ရမှာ''

''မင်းပြောနေတာတွေက အဓိပ္ပာယ်မရှိဘူး၊ မိုခမ်း မင်းကိုယ်မင်း မသိလို့ပါ မင်းဟာ ဉာဏ်ကောင်းတယ်၊ ဖြတ်ထိုးဉာဏ်

www.burmeseclassic.com

www.burmeseclassic.com



လဲ ရှိတယ်၊ ကိုယ်တို့ နှစ်ယောက် အတူတူစားအုပ်တွေ ဖတ်ကြမယ်၊ မင်းကို ပညာလဲသင်ပေးမယ် အဲဒါဆို မင်းတော်လာမှာပါ၊ မင်းကြောင့် ကိုယ့်မှာ ဘာမှ အရှက်ရစရာ မရှိပါဘူး၊ ကိုယ်တို့နှစ်ယောက် တစ်သက်လုံး အတူတူနေသွားကြမယ်ဆိုရင် ဘာများ လိုသေးလို့လဲ”

ကျွန်တော်က လှိုက်လှိုက်လှဲလှဲ ပြောမိသည်။ မိုခမ်းက စိတ်ထိခိုက်သွားဟန်ဖြင့် ကျွန်တော့်ကိုကြည့်နေသည်။

“ဒါတွေဟာ မဖြစ်နိုင်ပါဘူး၊ ရှင်စိတ်ကူးယဉ်နေတာတွေပါ၊ ကျွန်မ ရှင့်ကို ဖွင့်မပြောသေးတာ တစ်ခုရှိတယ်၊ ကျွန်မဟာ ဖအေမရှိတဲ့ မိန်းမတစ်ယောက်ပါ၊ အို ရှင်းရှင်းပြောရရင် လင်ကောင်မဖော်နိုင်ဘဲ တိတ်တိတ်ပုန်း မွေးလာရတဲ့ သူပါ”

“ဒါတွေမပြောပါနဲ့ မိုခမ်းရယ် ကိုယ် မကြားချင်ဘူး၊ မင်းကိုယ့်ကို ချစ်နေရင် ပြီးတာပဲလို့ ကိုယ်ယုံကြည်ထားတယ် အခုမင်းပြောနေတဲ့ စကားတွေက လုံးဝအဓိပ္ပာယ်မရှိတဲ့ ဆင်ခြေဆင်လက်တွေပါ”

“မဟုတ်သေးပါဘူး ရှင်၊ ဒီလိုပြောလို့ ဘယ်ဖြစ်မလဲ၊ ရှင်ဟာ အသက်ငယ်ငယ်ပဲရှိပါသေးတယ်၊ ကျွန်မက ရှင့်ခြေတွေလက်တွေကို ကြိုးနဲ့ တုပ်ထားသလို ဖြစ်နေမှာပေါ့၊



နောက်ထပ် ရှင်သဘောကျတဲ့ မိန်းမတစ်ယောက်ကို တွေ့မယ်ဆိုရင် ရှင် ဘယ်လိုဖြစ်လာမလဲ ကျွန်မကို ရှင် မုန်းလာမယ်၊ ကျွန်မကို လက်ထပ်ခဲ့ရတဲ့အဖြစ်ကို စဉ်းစားမိပြီး ဒေါသဖြစ်မယ်”

“တော်ပါတော့ မင်းထင်တာတွေ လုံးဝဖြစ်မလာဘူး”

ကျွန်တော်က ဒေါသသံဖြင့် သူ့စကားကို ဖြတ်ပြောလိုက်၏။

“ရှင့်ကို စိတ်ထိခိုက်အောင် မလုပ်ချင်ပါဘူး၊ ရှင့်ရဲ့ အနာဂတ်ဘဝ သာယာမှုကိုကြည့်ပြီး ပြောနေတာပါ၊ ရှင် အဘွားကိုလဲ မေ့နေတယ်ထင်တယ်၊ စဉ်းစားကြည့်လေ ခုလိုအချိန်ကျမှ အဘွားကိုတစ်ယောက်တည်းထားပြီး ထွက်သွားလို့ သင့်တော်ပါ့မလား”

“သူ ကိုယ်တို့နဲ့ လိုက်နေလို့ ရတာပဲ”

အမှန်အတိုင်း ဝန်ခံရလျှင် ထိုစိတ်ကူးသည် ကျွန်တော့်ကို တုန်လှုပ်ချောက်ခြားစေပါ၏။

“တကယ်လို့ သူက ကိုယ်တို့နဲ့ မနေချင်ဘူးဆိုရင်လဲ မြို့မှာ ဂေဟာတွေရှိပါတယ်၊ ဘိုးဘွားရိပ်သာလို့ခေါ်တဲ့ ဂေဟာတွေကို ပြောတာပါ၊ အဲဒီမှာ သူ သွားနေရင်ရတာပဲ”

“မဖြစ်နိုင်ပါဘူးရှင်၊ ဒီသစ်တောထဲကနေပြီး သူဘယ်ကိုမှ သွားမှာမဟုတ်ဘူး၊ အဘွားက လူတွေကို သိပ်ကြောက်

www.burmeseclassic.com

www.burmeseclassic.com



တာ''

''ဒါဆိုရင်တော့ မင်း ပြတ်ပြတ်သားသား စဉ်းစားဖို့လိုလိမ့်မယ်၊ အဘွားနဲ့ ကိုယ့်ကို ဘယ်သူ့ရွေးမလဲ၊ မင်းမရှိရင် ကိုယ့်ဘဝဟာ ပျော်ရွှင်မှုရှိတော့မှာ မဟုတ်ဘူးဆိုတာလဲ ထည့်စဉ်းစားပါ''

မှိုခမ်းက စိတ်ထိခိုက်သွားဟန် မျက်ရည်များကြားမှ ကျွန်တော့်ကို လှမ်းကြည့်သည်။

''ကျွန်မကို လက်ထပ်မယ်လို့ ပြောတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်မကို စဉ်းစားခွင့်ပေးပါဦး အဘွားကိုလဲ တိုင်ပင်ရဦးမယ်လေ''

''ကောင်းပြီလေ မနက်ဖြန် ကိုယ် မြို့ကိုသွားဖို့ရှိတယ်၊ မြို့ကပြန်လာရင်တော့ မင်းရဲ့ဆုံးဖြတ်ချက်ကို ကိုယ်ကြားချင်တယ်''

သူက ရုတ်တရက် အဖြေမပေးနိုင် ဆုတ်ဆိုင်းဆိုင်းဖြစ်နေ၏။

''အင်းပါ ပြက်သားတဲ့ အဖြေတစ်ခုကို ရှင်ကြားရစေမှာပါ'' ဟု တီးတိုးပြောလိုက်လေတော့၏။

* * *

## အခန်း (၁၃)

မှိုခမ်းနှင့် ထိုနေ့က တွေ့ဆုံပြီး နောက်တစ်ရက်တွင် ကျွန်တော် တန့်ယန်းမြို့ကို ခရီးထွက်ရသည်။ မှိုခမ်းနှင့် လက်ထပ်မည့်အကြောင်းကို ကျွန်တော့်အလုပ်တိုက်သို့ ကြေးနန်းပို့ အကြောင်းကြားရန်ဖြစ်၏။

အဲဒီနေ့က ကြေးနန်းပို့ပြီးတာနှင့် ပြန်ဖို့လုပ်သော်လည်း ကားကြုံမရှိ၍ ချက်ချင်းပြန်လာလို့ မရပေ။ တည်းခိုခန်းတွင် တစ်ညအိပ်ပြီးမှ နောက်နေ့ မနက်စောစော ကားကြုံဖြင့် ကျွန်တော်ပြန်လာခဲ့၏။

တောလမ်းလေးတစ်လျှောက် ဖြတ်ကျော်လာခဲ့ပြီး ရွာထဲသို့ ဝင်လာခဲ့လိုက်သည်။ ရွာလမ်းတစ်လျှောက်တွင် လူများ သောသော အုပ်အုပ် ဖြစ်နေကြသည်။ ဟိုနေရာတစ်စု သည်နေရာမှာတစ်စုနှင့် အချင်းချင်း တီးတိုးပြောလျက်ရှိနေကြ၏။

နေရာတိုင်းတွင် ကျွန်တော့်အား ရန်လိုသည့် အကြည့်များကို

www.burmeseclassic.com

www.burmeseclassic.com



သာ မြင်နေရသည်။ ရုတ်တရက် လူတစ်ယောက်၏ အော်ဟစ်ပြောဆိုသံကို ကြားလိုက်သည်။ လူအုပ်တစ်အုပ်၏ အလယ်က လာသည့်အသံဟုထင်သည်။ စကားလုံးများကို သဲသဲကွဲကွဲ မကြားရပါ။

သို့သော်လည်း လူအော်သံအဆုံး၌ လူအများ ဝိုင်းရယ်လိုက်သည့် အသံကိုတော့ သတိထားမိလိုက်၏။ တဆက်တည်းဆိုသလိုပင် ထိတ်လန့်တကြား ဟန့်တားလိုက်သည့် မိန်းမတစ်ယောက်၏ အသံကိုပါ ကျွန်တော်ကြားလိုက်ရ၏။

စိတ်လက်ရှုပ်ထွေးစွာဖြင့်ပင် အိမ်သို့ ကျွန်တော် အမြန်ပြန်လာခဲ့တော့၏။

ခမ်းထီသည် မီးဖိုခန်းထဲမှ ထွက်လာပြီး ကျွန်တော်ဝယ်လာသည့် စားစရာထုတ်ကိုလှမ်းယူကာ

"ဆရာ စဝ်ခွန်နောင် ဆရာ့အခန်းထဲမှာ ရောက်နေတယ်"

ဟု ဆောင့်ကြီး အောင့်ကြီးအသံဖြင့် လှမ်းပြော၏။

ကျွန်တော့်စိတ်က ခမ်းထီတွင် နောက်ထပ် ပြောစရာတစ်ခု ရှိနေသေးသည်ဟု အလိုလိုသိနေသည်။ သူ့မျက်နှာတွင် အသိရခက်သည့် အပြုံးရိပ်ကို တွေ့နေရ၏။ သူဘာပြောမလဲဟု ကျွန်တော်က တံခါးပေါက်နားတွင် တစ်ခဏလောက် ယောင်လည်လည်လုပ်ကာ စောင့်ကြည့်နေသေးသည်။ သို့သော် သူက ဘာမှ မပြောပဲ အိမ်ထဲ ဝင်သွား၏။



အိမ်ထဲရောက်တော့ ဧည့်ခန်းတွင် ထိုင်နေသော စဝ်ခွန်နောင်ကို တွေ့ရ၏။ ကျွန်တော့်ကိုမြင်လိုက်သည်နှင့် ထိုင်ရာမှ ထလိုက်ပြီး ပြုံးရယ်ကာ ဆီးကြိုသည်။

"ခင်ဗျား အဆင်ပြေရဲ့လားလို့ လာကြည့်တာ၊ ကျွန်တော် လည်း တန့်ယန်းကို အလည်လာတာနဲ့ ဒီကိုတစ်ခါထဲ ဝင်လာလိုက်တာ၊ ဘယ်လိုလဲ နေရထိုင်ရတာ အဆင်ပြေ တယ်မလား"

"အင်း… ပြေပါတယ်"

"ခင်ဗျားပြန်ရင်လဲ တန့်ယန်းက ကျွန်တော့်အမျိုးတွေဆီ ဝင်လည်ဦးလေ၊ ခင်ဗျားကို သူတို့လက်ဆောင်တွေ ပေးကြမှာဗျ ကျွန်တော်မှာထားတယ်၊ ကျွန်တော်လဲ ဒီကိုခဏလေး ပဲလာတာ မနက်ဖြန်ဆိုပြန်တော့မှာလေ မပြန်ခင် ခင်ဗျားကို လာဝင်ကြည့်တာ"

စကားကို အဆက်မပြတ် ပြောနေရာမှ ရုတ်တရက် တစ်စုံတစ်ခုကို သတိရလိုက်သလို စဝ်ခွန်နောင်က အားရပါးရရယ်သည်။

"ကျွန်တော် ဒီကိုလာတော့ ရယ်စရာအဖြစ်တစ်ခုနဲ့ ကြုံရသေးတယ်၊ ခင်ဗျားကိုပြောရဦးမယ်"

သူက အရယ်မရပ်ဘဲ ဆက်ပြော၏။

"အဖြစ်က တော်တော်ကို ရယ်စရာကောင်းတာဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာများတွေ့လာလို့လဲ"

"ဪ... မနက်ကလေ ကျွန်တော်ကားပေါ်ကအဆင်း ကားဂိတ်မှာ ရန်ပွဲတစ်ခုဖြစ်သွားတယ်လေ၊ ဒီရွာက ကောင်မလေးတွေပေါ့ ကောင်မလေးတစ်ယောက်ကို အဲလိုလဲမဟုတ်သေးဘူး၊ သူတို့အပြောအရတော့ စုန်းမတဲ့၊ အဲဒီမိန်းကလေးကို ဝိုင်းပြီးတီးကြတာ၊ ဟိုကောင်မလေးက လွတ်သွားပါတယ်"

ကျွန်တော် တစ်ကိုယ်လုံး ဆတ်ကနဲတုန်သွားတယ်။

"ဘာ... မင်း ဘာပြောနေတာလဲ၊ စုန်းမဆိုတာ မင်းဘယ်သူ့ကို ပြောတာလဲ"

ကျွန်တော်က ဒေါသသံဖြင့် အော်ကြီးဟစ်ကျယ် မေးမိသည်။ စဝ်ခွန်နောင်သည် အရယ်ရပ်သွားပြီး ကျွန်တော့်မျက်နှာကို ပြူးတိပြူးကြောင် မျက်လုံးများဖြင့် အလန့်တကြားကြည့်နေ၏။

"ကျွန်... ကျွန်တော် ဘယ်သူ ဘယ်ဝါဆိုတာတော့ မသိဘူးဗျ၊ တကယ်ပြောတာပါ"

ထစ်တီးထစ်ငေါ့ဖြင့် ဖြေ၏။

"သူ့နာမည်က ဘာတဲ့ ဟို... နန်းရှင်ဆိုလား စောရှင်ဆိုလား ဪ ဟုတ်တယ် စောရှင်ရဲ့ သမီးတဲ့"

"မင်းမြင်ခဲ့တာတွေ ကြားခဲ့တာတွေ အကုန်ပြန်ပြောစမ်း"



ကျွန်တော်က သူ့အား မြင်ခဲ့ကြားခဲ့သမျှကို အစအဆုံး ပြန်ပြောခိုင်း၏။ သူကလည်း အတိအကျကြောင်ဖြင့် ပြန်၍ဖောက်သည်ချသည်။ သူပြောနေပုံမှာ ရှေ့နောက်အစီအစဉ်မတည့်၊ အဆက်အစပ်လည်းမရှိ၊ ရှေ့ကဟာနောက်ရောက်၊ နောက်ကဟာရှေ့ရောက်နှင့် ကပေါက်ချာ ဖြစ်ရသည်။ ဒီကြားထဲ ကျွန်တော်က စိတ်မရှည်ဖြစ်ကာ မကြာခဏဖြတ်၍ မေးခွန်းတွေထုတ်လိုက်၊ စိတ်မရှည်သဖြင့် အော်လိုက် ငေါက်လိုက် လုပ်နေသဖြင့် ပို၍ရှုပ်ကုန်သည်။

သူပြောသမျှကို ခြုံငုံ၍ စဉ်းစားလိုက်သည့်အခါမှ အနည်းငယ်သဘောပေါက်လာရ၏။

*

www.burmeseclassic.com

ဖြစ်ပုံမှာ ...

မိုခမ်းသည် ကျွန်တော်မြို့ကိုသွားမည့်အကြောင်းကို သိသောကြောင့် ကျွန်တော်ပြန်အလာကို ကားဂိတ်တွင် လာစောင့်နေခြင်းဖြစ်မည်။ ကားဂိတ်တွင် မြို့ကို ကားကြုံလိုက်မည့် မိန်းမများက မိုခမ်းကို သတိပြုမိသွားတော့ သူမကိုဝိုင်း၍ ရန်စကြပေလိမ့်မည်။

ပထမတွင် မိန်းမများသည် သူမကိုစောင်းမြောင်းပြောဆိုကြ၏။ နောက်တော့ စိတ်တိုလာကြသဖြင့် မိုခမ်းကို ဝိုင်းရံထားကြ၏။ ကူညီမှုမဲ့နေသော မိန်းကလေးက မိန်းမများက ရိုင်းရိုင်းစိုင်းစိုင်း ဝိုင်းကြည့်နေကြသည်။

မိုခမ်းသည် ဘာလုပ်ရမှန်းမသိ၊ ယောင်ချာချာဖြစ်နေမိသည်။ ထို့နောက် မိန်းမများက ဆဲကြဆိုကြ ကျိန်ဆဲကြသည်။ ထွီခနဲ ထွေး



ခနဲ တံတွေးထွေးကြသည်။ ပြီးနောက် ဝိုင်း၍ရိုက်ပုတ်ကြသည်။ မိုခမ်းသည် မိန်းမများအလယ်မှ ထိုးထွက်နိုင်ရန် အကြိမ်ပေါင်းများစွာ အားထုတ်သည်။ သို့သော်လည်း ဝိုင်းအုံပြီး တွန်းပစ်နေသဖြင့် ထွက်၍မရပဲဖြစ်နေသည်။ အလယ်ကိုပင် ပြန်ပြန်ရောက်သွား၏။

နောက်ဆုံးတွင် မိုခမ်းသည် ဒေါသဖြစ်ဖြစ်နှင့် ဝိုင်းထားသူများထဲမှ တစ်ဦးဆီပြေး၍ အားကုန်တွန်းပစ်လိုက်၏။ အတွန်းခံရသူမှာ ပက်လက်လန်လဲကျသည်။

မိန်းမများက မိုခမ်းကို ဝိုင်း၍ဆွဲကြလွှဲကြ ရိုက်ကြနှက်ကြ ကုတ်ဖဲ့ကြသည်။ မိုခမ်းကလည်း ပြန်၍ခုခံ၏။ နောက်ဆုံးတွင် လွတ်မြောက်သွားသည်။ ဘေးမှရပ်ကြည့်နေသူများကလည်း ဝိုင်း၍ဆဲကြဆိုကြ ပြောင်လှောင်ရယ်မောကြသည်။ ကျောက်ခဲများနှင့် ဝိုင်းပေါက်ကြသည်။

မိုခမ်း လမ်းအတိုင်းပြေးသည်။ လူအချို့က ဝိုင်းလိုက်ကြ၏။ မမှီလောက်တော့မှ မိုခမ်းကနောက်ကိုလှည့်ကြည့်ကာ လူအုပ်အား မျက်နှာချင်းဆိုင်၍အော်ပြော၏။

"နင်တို့အားလုံး ငါ့အကြောင်းသိစေရမယ်၊ အခုလုပ်တာကို နင်တို့မှတ်ထားကြ နင်တို့မျက်လုံးတွေ ထွက်ကျလာတဲ့အထိ ငိုရစေမယ်"

သူအော်ပြောသံကို လူတိုင်းကြားကြသည်။ မိုခမ်း၏ ခံစားမှု

www.burmeseclassic.com

www.burmeseclassic.com



အပြည့်ပါသော ကြိမ်းဝါးမှုကြောင့် လူအုပ်ကြီး ငြိမ်ကျသွား၏။ ကိုနိုစာ တစ်ခုဟူသော အစွဲအလန်းကြောင့် အားလုံး ထိတ်လန့်ကုန်ကြလေ၏။

ကျွန်တော်သည် စဝ်ခွန်နောင်ပြောပြပြီးတာနှင့် နေရာမှ ဝုန်း ခနဲထကာ အိမ်ပြင်သို့ ပြေးထွက်လာခဲ့သည်။

စဝ်ခွန်နောင်သည် ကျွန်တော့်အဖြစ်ကို နားမလည်စွာ ကြောင် တိကြောင်ငေးကာ ကျန်ရစ်ခဲ့လေ၏။

* * *

## အခန်း (၁၄)

ကျွန်တော်သည် မိုခမ်းတို့တဲဘက်သို့ ဦးတည်၍ အပြေးလာ ခဲ့လိုက်၏။ ကျွန်တော့်ရင်တစ်ခုလုံးမှာစိုးရိမ်ထိတ်လန့်မှုများဖြင့် ပွထူနေ၏။

တဲထဲသို့ဝင်လိုက်၏။ အိပ်ရာထက်၌ နံရံဘက်မျက်နှာပြု၍ လှဲနေသော မိုခမ်းကို တွေ့ရသည်။ အိပ်ရာဘေးကြမ်းပြင်၌ ဘွားစော ရှင်ထိုင်နေ၏။ ကျွန်တော့်ကိုမြင်သောအခါ အားယူ၍ထလာပြီး

"မင်းလာသေးတယ်၊ ဒီမှာ မင်းကြောင့် ဘာတွေဖြစ်ကုန် ပြီလဲဆိုတာ မြင်ပြီမဟုတ်လား"

"ကျွန်တော်ပြောပါရစေဦး အဘွားရယ်၊ ခုနိုမှ်က နောက် ကြောင်းတွေ ပြန်ပြောပြီး အပြစ်ရှာနေဖို့ မဟုတ်ဘူး၊ အခု မိုခမ်း ဘယ်လိုနေသေးလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



"သူသတိမေ့နေတယ်၊ ငါ့မြေးလေးကို ဒုက္ခရောက်အောင် မင်းလုပ်တာပဲ၊ အစောကြီးကတည်းက ငါသိနေတယ်၊ ငါ့တဲထဲ မင်းဝင်လာကတည်းက ဒုက္ခတွေပါလာပြီဆိုတာ ငါကသိပြီးသားပါ၊ ငါတို့ရှေ့မှာ ဒုက္ခတွေစောင့်နေပြီဆိုတာ ငါကောင်းကောင်းကြီးသိနေတယ်၊ မင်းက အလကားလူပဲ၊ အလုပ်မရှိအလုပ်ရှာပြီး ငါတို့ကို ဒုက္ခလာပေးနေတယ်"

"မဟုတ်ပါဘူး အဘွားရယ်၊ ကျွန်တော် အဘွားတို့ကို ဒုက္ခပေးတာမဟုတ်ပါဘူး"

"တော်စမ်းပါ"

"အခု မင်းကြည့်စမ်း၊ ငါ့မြေးတစ်မျက်နှာလုံး ရစရာမရှိ ဒဏ်ရာတွေနဲ့ပြည့်နေတာပဲ၊ ဟိုကောင်မတွေ လုပ်လွှတ်လိုက်တာလေ၊ မင်းကြောင့်သာမဟုတ်ရင် သူ အဲဒီကို ဘယ်သွားလိမ့်မလဲ၊ သူ ခုလိုဖြစ်ရတာ မင်းကြောင့် သိလား မင်းကြောင့်"

အဘွားကြီးက လက်ညှိုးငေါက်ငေါက်ထိုး၍ ဒေါသတကြီး ရန်တွေ့နေ၏။ အဘွားကြီး၏မျက်နှာသည် ငိုတော့မည့်ဟန် ပေါက်နေသည်။ အရေများ တွန့်လိမ်နေသည့် မျက်နှာသည် ပို၍ပင်ရှုံ့တွလာသည်။ မျက်လုံးအစုံမှ မျက်ရည်ပေါက်ကြီးများ ပါးနှစ်ဘက်သို့စီးဆင်းလာနေသည်။ တစ်ကိုယ်လုံး သိမ့်သိမ့်တုန်လာကာ ငိုရှိုက်သံ



များထွက်လာ၏။

"ဘွားဘွား"

မိုခမ်းထံမှ ခေါ်သံသဲ့သဲ့ကြားရသည်။

"ဘယ်သူရောက်နေတာလဲဟင်"

"ကိုယ်ပါ မိုခမ်း"

ကျွန်တော် အသာခြေဖျားထောက်ကာ ကုတင်နားသို့ သွားလိုက်၏။

"ကိုယ် အခုမှ မြို့ကပြန်လာရတာ သတင်းကြားကြားချင်း ဒီကိုအပြေးလာခဲ့တာ"

မိုခမ်းသည် ကျွန်တော့်မျက်နှာကို လှည့်မကြည့်ပေ။

"ရှင့်မျက်နှာကို ကျွန်မ ကြည့်ချင်ပါတယ်၊ ဒါပေမယ့် ကြည့်လို့မဖြစ်ဘူး၊ သူတို့က ကျွန်မရဲ့မျက်နှာကို အရုပ်ဆိုး အကျည်းတန်အောင် လုပ်လိုက်ကြတယ်၊ ရှင်ချစ်ခဲ့တဲ့ မျက်နှာဟာ ခုဆို ရွံစရာစိတ်ပျက်စရာ ဖြစ်သွားပြီ၊ ရှင် ကြည့်ချင်တော့မှာ မဟုတ်ဘူး"

"မိုခမ်းရယ်၊ ကိုယ် စောစောစီးစီးသာ ပြန်ရောက်လာခဲ့ရုံ ဒီလိုဖြစ်မှာ မဟုတ်ဘူး"

ကျွန်တော် အသံများတုန်ရင်ကာ မျက်ရည်ဝဲလာ၏။

"ဟင်... ရှင်ငိုနေတာလား၊ မငိုပါနဲ့၊ ဘာဖြစ်လို့ငိုရတာလဲ"

www.burmeseclassic.com



မိုခမ်း၏ ခေါင်းလေး ကျွန်တော့်ဘက်သို့ တဖြည်းဖြည်း လှည့်လာ၏။ သူ့မျက်နှာတွင် ကုတ်ရာခြစ်ရာ အစင်းများနှင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည်။ ကျွန်တော်က သူ့ လက်ဖဝါးလေးကို ဆုပ်ကိုင်မိသည်။ လက်များသည် ခြစ်ခြစ်တောက်ပူနေလေ၏။

"မငိုပါနဲ့ကွယ် ဘာဖြစ်လို့ ကိုယ့်စိတ်ကို ညှင်းဆဲချင်ရတာလဲ၊ ရှင် ကျွန်မအနားရှိရင် ကျွန်မ အရမ်းပျော်တယ်၊ ရှင်နဲ့ ကျွန်မ ဆုံရတဲ့ အချိန်လေးမှာမငိုတာပဲ ကောင်းပါတယ်၊ အခုလို နောက်ဆုံးရက်တွေမှာ ကျွန်မတို့ ပျော်ပျော်ပဲနေသွားကြရအောင်ပါ၊ ဒါမှလဲ ခွဲကြရတဲ့အခါမှာ ကျွန်မတို့အတွက် စိတ်သက်သာရာရမယ် မဟုတ်လား"

ကျွန်တော် ဆွံ့အနဲ့ဖြစ်သွား၏။

"နောက်ဆုံးရက်တွေ၊ ဟုတ်လား ဘာကြောင့် နောက်ဆုံးရက်တွေလို့ ပြောနေတာလဲ၊ ကိုယ်တို့ဘာဖြစ်လို့ ခွဲရမှာလဲ"

မိုခမ်းသည် မျက်လုံးအစုံကို မှိတ်ကာငြိမ်သက်နေ၏။ အတန်ကြာမှ

"ကျွန်မတို့ မခွဲလို့မဖြစ်ပါဘူး၊ ခွဲကြရမှာပါ၊ ကျွန်မနေကောင်းတာနဲ့ ဒီနေရာက ဝေးရာကိုသွားကြမယ်၊ ဒီမှာဆက်နေလို့ မဖြစ်တော့ဘူး"

"ကြောက်စရာရှိလို့လား"



"မရှိပါဘူး၊ ကျွန်မတို့ဘာကိုမှ မကြောက်ပါဘူး၊ ဒါပေမယ့် လူတွေက ကျွန်မတို့ကို ဒုက္ခပေးလာတော့မှာကို ကြိုသိနေတယ်၊ သူတို့ ဝိုင်းပြီး အနိုင်ကျင့်ကြတော့ ကျွန်မ သူတို့ကို ကျိန်ပစ်ခဲ့မိတယ်၊ ရှက်လဲရှက်၊ ဒေါသလဲဖြစ်လို့ ကျိန်မိတာပါ၊ အခုတော့ သူတို့က တစ်ခုခုဖြစ်လာရင် ကျွန်မတို့အပေါ် ပုံချတော့မှာ၊ ကျွန်မတို့ကြောင့်လို့ စွပ်စွဲကြတော့မှာ"

"ဟုတ်တယ် အဲဒါအမှန်ပဲ ဘာပဲဖြစ်လာဖြစ်လာ တို့မြေး အသွားကြောင့်လို့ စွပ်စွဲကြမှာပဲ၊ သူတို့က ငါတို့ကို အမြဲအပြစ်ရှာနေတာလေ၊ ဟိုတုန်းကလဲ ငါက မိန်းမတစ်ယောက်ကို ကျိန်လိုက်မိခဲ့ဖူးတယ်၊ သူကလေးလဲသေရော ငါ့ကို ရန်ရှာကြတာပဲ၊ ငါ့ကိုကျောက်ခဲတွေနဲ့ ဝိုင်းပေါက်ကြလို့မြေးလေး ကိုချီပြီး ငါထွက်ပြေးခဲ့ရတယ်၊ ငါ့မြေးက ကလေးပဲရှိသေးတယ်၊ ငါ့ကို မုန်းချင်မုန်းပါစေ၊ ဘာမှမသိနားမလည်တဲ့ ငါ့မြေးလေးကိုတော့ အထိမခံနိုင်ဘူးဆိုပြီး အသွားလွှတ်အောင် ပြေးလာခဲ့တာ၊ ဒီလူတွေက အရူးတွေ၊ တကယ့်ကို စဉ်းစားတွေးခေါ်တတ်တဲ့ ဦးနှောက်မရှိတဲ့ သူတွေပဲ"

"ဒါပေမယ့် မင်းတို့ဘယ်မှာသွားနေမှာလဲ၊ မင်းတို့မှာ ဆွေမျိုး ညာတိလဲမရှိဘူး ပြီးတော့ နေရာသစ်တစ်ခုမှာ အခြေကျတော့မယ်ဆိုရင် မင်းတို့မှာ ငွေကလိုလာဦးမှာ"

www.burmeseclassic.com

www.burmeseclassic.com



“ကျွန်မတို့ စီစဉ်နိုင်မှာပါ၊ ဒီအတွက် မပူပါနဲ့၊ အဘွားမှာ စုဆောင်းထားတဲ့ ငွေတွေရှိပါတယ်”

“ကိုယ့်အတွက်ရော မစဉ်းစားတော့ဘူးလားဟင်”

“ရှင့်ကို တခြားအရာတွေထက် ဦးစားပေးပြီး စဉ်းစားပါတယ်၊ ဒါပေမယ့် ရှင်သိတဲ့အတိုင်းပဲ ကျွန်မနဲ့ ရှင့်ရဲ့ကံကြမ္မာဟာ အတူတူနေရဖို့ မဖြစ်နိုင်ဘူးလေ”

“ကံကြမ္မာအကြောင်း ပြောပြန်ပြီလား”

ကျွန်တော်က စိတ်တိုတိုဖြင့် ပြောမိသည်။

“ကံကြမ္မာဆိုတာကို ကိုယ်မယုံချင်တော့ဘူး၊ အိုကွာ လုံးဝကို မယုံတော့ဘူး”

“မဟုတ်သေးဘူး၊ ဒီလိုလဲ မဟုတ်သေးပါဘူး၊ ကျွန်မ အားလုံးမြင်ထားပြီးပါပြီ၊ ကျွန်မတို့ အတူတူနေကြရင် ဝမ်းနည်းကြေကွဲစရာကလွဲပြီး တခြားဘာမှ ရနိုင်မှာမဟုတ်ဘူး”

သူမ၏ အယူသည်းမှုကြောင့် ကျွန်တော့်မှာ စိတ်ပျက်ရသည် ခေါင်းရှုပ်ရသည်။ နောက်ဆုံးတွင် ကျွန်တော် သူမဆီက ကတိတစ်ခုတောင်းမိသည်။

“ဒါဆိုရင် မိုခမ်းတို့မသွားခင် သွားမယ့်ရက်ကို ကြိုပြောမယ်လို့ ကတိပေးပါ”

“ရှင် ကျွန်မကို သိပ်ချစ်တာပဲလား”



“ဘယ်လိုပြောလိုက်တာလဲ ချစ်တာပေါ့၊ မင်းနဲ့ခွဲရမှာကို ကိုယ်သေမလောက်အောင် ခံစားနေရတယ်ဆိုတာ မင်းမသိနိုင်ပါဘူး”

“ကျွန်မကျေနပ်ပါတယ်၊ ရှင့်အချစ်ကိုသိရလို့ ဝမ်းလဲသာမိတယ်၊ ကျွန်မက ရှင့်ကိုခွဲသွားတဲ့အချိန်မှာ ရှင် စိတ်မချမ်းမသာဖြစ်မှာပဲပေါ့၊ ဒါတွေကို ကျွန်မသိပါတယ်၊ ဒါပေမယ့် နောက်ပိုင်း အချိန်တွေကြာလာတဲ့အခါ ဒါတွေအားလုံးဟာ ပျောက်သွားမှာပါ၊ နောင်တစ်ချိန် ကျွန်မအကြောင်း တွေးမိတဲ့အခါမှာ ဝမ်းနည်းတာတွေ ကြေကွဲတာတွေတောင် ရှိမှာ မဟုတ်တော့ပါဘူး၊ ဒီလိုပါပဲ တွေ့ဆုံကြပြီး ရင်ခွဲခွာကြရမှာပဲ၊ အနေးနဲ့အမြန်သာ ကွာချင်ကွာမယ်၊ နောက်ဆုံးတော့လည်း ဒီလိုဖြစ်ကြရမှာပဲလေ”

မိုခမ်းက ကျွန်တော်နားဝင်အောင် လေသံအေးအေးလေးလေးဖြင့် ရှင်းပြနေ၏။

“ကဲ... ရှင်ပြန်တော့နော်”

သူခိုင်းသည့်အတိုင်း ကျွန်တော် တဲထဲမှပြန်ထွက်လာသည်။ အဘွားစောရှင်သည် ကျွန်တော့်ကို အိမ်ပြင်ထိ လိုက်ပို့ပေးသည်။

တိမ်ဝုပ်တိမ်မည်းတစ်ခုသည် ကောင်းကင်ပြင်တစ်ဝက်ကို ဖုံးအုပ်ထားသည်။ ဝင်လုဆဲနေရောင်သည် တောက်ပပျက်ပင် ရှိသေး

www.burmeseclassic.com

www.burmeseclassic.com



၏။ အမှောင်ရိပ်နှင့် နေရောင်တို့ကြားတွင် မကြာမီ ကျရောက်လာရန် တာဆူနေသည့် နိမိတ်လက္ခဏာမကောင်းသည့် အရာတစ်ခုတည်ရှိနေ၏။

အဘွားကြီးက လက်တစ်ဘက်ဖြင့် မျက်စိကိုကာ၍ ကောင်းကင်သို့ မော့ကြည့်ပြီး ခေါင်းယမ်းသည်။

"ဒီနေ့တော့ မိုးမှန်တိုင်းကျတော့မယ် ထင်တယ်"

ဟု ရေရွတ်လေ၏။

* * *

အခန်း (၁၅)

နမ်စစ်ဆွမ်ရွာနားသို့ ရောက်ခါနီးတွင် ရုတ်တရက် လေပွေမုန်တိုင်းတစ်ခု တိုက်ခတ်လာသည်။ လမ်းမတစ်လျှောက် ဖုန်များတထောင်းထောင်းထလျက်ရှိ၏။ ထို့နောက် မိုးပေါက်များကျလာသည်။ များများစားစားမဟုတ်သော်လည်း မိုးပေါက်ကြီးများဖြစ်၏။

ဘွားစောရှင်၏စကားက ဒက်ထိကိုမှန်နေ၏။ ပူပြင်းသောနေ့တွင် နမ်စစ်ဆွမ်ရွာပေါ်သို့ ထူးထူးခြားခြား ပြင်းထန်သော မိုးမုန်တိုင်းကျရောက်လာသည်။

လျှပ်စီးများတဝင်းဝင်း၊ မိုးခြိမ်းသံများ တဂျိုးဂျိုး တဂျင့်ဂျင့်နှင့်။

ကျွန်တော် အိမ်ပြတင်းပေါက်များသည် တုန်ခါလှုပ်ခတ်နေကြသည်။ ရုတ်တရက် အိမ်ခေါင်မိုးပေါ် ကျရောက်လာသည့်

www.burmeseclassic.com

www.burmeseclassic.com



တချောင်းချောင်း မြည်သံများ၊ နံရံများဆီသို့ ပြေးရိုက်ထိတွေ့နေသည့် အသံများ ဆူညံလျက်ရှိနေ၏။ ကျွန်တော် ပြတင်းပေါက်ဆီ ပြေးသွားပြီး ပိတ်လိုက်ရ၏။

ပင်ပန်းနွမ်းနယ်လှသဖြင့် ကျွန်တော်သည် အဝတ်ကိုပင် မလဲတော့ပဲ အိပ်ရာပေါ်လှဲချလိုက်သည်။

✸

ကျွန်တော့်အဖို့တော့ မျက်လုံးများကို မှိတ်ထားလိုက်ခြင်းသည် တစ်ခဏမျှသာကြာသည်ဟု ထင် သည်။ သို့သော်လည်း မျက်လုံးများ ပြန်ဖွင့်လာတော့ မိုးစင်စင်လင်း ၍နေပေပြီ။

နေရောင်ပင် ပြတင်းဝမှ တိုးဝင်ရောက်နေပြီဖြစ်၏။

ခမ်းထီသည် စိုးရိမ်သောကကြီးနေသည့် မျက်နှာထားဖြင့် ကျွန်တော့် အိပ်ရာဘေးတွင် ရပ်နေသည်။ ကျွန်တော် အိပ်ရာမှ နိုးအလာကို စောင့်စားနေပုံရ၏။

"ဆရာ"

အထိတ်တလန့်ဟန်ဖြင့် ခေါ်၏။

"ဆရာ ခင်ဗျား ရွာကမြန်မြန်ထွက်သွားမှဖြစ်မယ်"

"ဘာ ထွက်သွားရမယ်၊ ဘာဖြစ်လို့ ထွက်သွားရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အိပ်ရာပေါ်မှ ကမန်းကတန်းထထိုင်ကာ သူ့ကို မေးမိ၏။

“မနေ့ညက ကျတဲ့ မုန်တိုင်းကြောင့် ရွာထဲမှာ ဘာတွေ ဖြစ်ကုန်ပြီထင်သလဲ၊ သီးနှံပင်တွေ စုတ်ပြတ်ကြေမွကုန်ပြီ၊ ဟိုကောင်မကြောင့် ဒီလိုဖြစ်ရတာ၊ အခုဆိုရင် တစ်ရွာလုံး ဆူကုန်ပြီ ဆရာသိရဲ့လား”

ခမ်းထီက ဒေါသတကြီးနှင့်ပြောနေ၏။

“ရွာသားတွေ မနက်အစောကြီးထဲကသပြီး သောင်းကျန်းနေကြတယ် ဆရာ့ကိုလဲ အော်ဆဲနေကြတယ်၊ ကျုပ်တို့ရွာက လူတွေအကြောင်း ဘာသိလို့လဲ၊ ဟိုစုန်းမကို သူတို့ဘာ ပြောပြော ဘာလုပ်လုပ် အကြောင်းမဟုတ်ဘူးဗျ၊ တရားတယ်လို့ပြောလို့ရတယ်၊ ခင်ဗျားကိုလုပ်ရင်တော့ ခုကျတယ် ကျုပ်ကခက်တယ်၊ ခင်ဗျား ရွာက မြန်မြန်သွားမှဖြစ်မယ်”

သူ့စကားကြားမှ မနေ့က ဘာတွေဖြစ်ခဲ့သည် သတိရမိတော့သည်။ မိုခမ်းတို့၏ ထိတ်လန့်စိုးရိမ်နေမှုများသည် မှန်နေပေပြီ။ သူတို့ ခြိမ်းခြောက်သွားပြီး ကျရောက်လာမည့် ဘေးအန္တရာယ်ကို ပြောပြမှ ဖြစ်တော့မည်။

ကျွန်တော် ကပျာကယာထသည်။ မျက်နှာ ကပျာကယာ သစ်သား၏ အထက်အပိုင်းကို အလျင်အမြန်ထုတ်သည်။ မှာရိဝတ်



လောက်ကြာတော့ ကျွန်တော်သည် မိုခမ်းတို့ရှိရာသို့ ဦးတည်ပြီး အပြေးလာခဲ့မိတော့၏။

✸

www.burmeseclassic.com

www.burmeseclassic.com

တဲဆီသို့ ဂမူးရှူးထိုး ပြေးတက်လာခဲ့ပါသည်။ တဲပြတင်းပေါက်များသည် ပွင့်လျက်၊ တံခါးသည်လည်း ဟလျက်သား။

"ဘုရား ဘုရား ဒီမှာ ဘာတွေဖြစ်ကုန်ပါလိမ့်"

စိုးရိမ်သောကစိတ်သည် အဆမတန်ကြီးထွားလာ၏။ ကျွန်တော် တဲအတွင်းသို့ ဝင်လာခဲ့၏။ တဲထဲတွင် ဘာမှ မရှိတော့ပါ၊ အရေးတကြီး ထွက်ခွာသွားရသည့် အရိပ်လက္ခဏာများ မြင်နေရ၏။ အမှိုက်များနှင့် အဝတ်စုတ်များသည် ကြမ်းပေါ်တွင် ဟိုတစ်စ သည်တစ်စ ပုံပြန့်ကြဲလျက်။

ကျွန်တော့်စိတ်တစ်ခုလုံး လေးလံထိုင်းမှိုင်းလာကာ နလုံးသားမှ နာကျင်မှုဝေဒနာသည် ပြင်းထန်လာ၏။

တဲထဲမှ ထွက်တော့မည်အပြုတွင် ပြတင်းပေါက်ဘောင်



ပေါ်မှ တလက်လက် ဖြစ်နေသည့် ပစ္စည်းတစ်ခုကို ရိပ်ခနဲတွေ့လိုက်ရ၏။ အနီရောင် ပုတီးကုံးလေးတစ်ကုံးဖြစ်၏။

မိုခမ်းနှင့် သူမ၏ သိမ်မွေ့နူးညံ့ပြီး ဖြူစင်မှန်မြတ်လှသည့် အချစ်အတွက် ကျွန်တော့်ဘဝတစ်သက်တာပတ်လုံး သိမ်းဆည်းထားရမည့် တစ်ခုတည်းသော အမှတ်တရ ပစ္စည်းလေးပင်ဖြစ်ပါချေတော့သည်။



* * *

www.burmeseclassic.com

## ပွင့်ပွင့်လင်းလင်းစကားခမျာ

ခုဆိုရင် ကျွန်တော့်စာအုပ်အမှတ်စဉ်-၁၃ တိုင်ခဲ့ပါပြီ။ ပရိသတ်ရဲ့ အားပေးမှုကြောင့် စာပေလောကမှာ ကျွန်တော့်နေရာလေး တစ်ခု အခိုင်အမာရလာတဲ့အတွက် နောက်ထပ်သော ကျေးဇူးစကားကို နောက်ထပ်လေးမြွက် ကြည်နူးစွာဆိုပါရစေ။

ကျွန်တော့်ကို အားပေးနေတဲ့ပရိသတ်တွေအတွက် ကျေးဇူးတုံ့ ပြန်တဲ့အနေနဲ့ ထွက်ရှိပြီးတဲ့ ကျွန်တော့်စာအုပ်တွေကို အခမဲ့ဖတ်နိုင် အောင် ကျွန်တော်စီစဉ်ထားပါတယ်။

ကျွန်တော့်မိတ်ဆွေများလုပ်ကြတဲ့ myanmarghost.com ဆိုတဲ့ Website မှာ ကျွန်တော့်ထွက်ရှိပြီး စာအုပ်တွေကို တင်ပေးထား ပါတယ်။ ပြီးတော့ အဲဒီ Website ကနေတစ်ဆင့်လဲ ကျွန်တော့်ကို ပရိသတ်များ ပြောလိုရာပြောနိုင်ဖို့ လုပ်ဆောင်နေပါတယ်။

ကျွန်တော့် Mail ကတော့ အခါခါကြေငြာဖူးတဲ့အတိုင်း kyawswarthedeath@gmail.com ပါ။ FaceBook ပေါ်မှာလဲ Dattha Kyawswar ဆိုတဲ့နာမည်နဲ့ စာမျက်နှာတစ်ခုလုပ်ထားပါ တယ်။ မင်းသားမင်းသမီးတွေလုပ်ကြတဲ့ Fanbook မျိုးမဟုတ်ပါ။ အများသူငါသုံးကြသလို ရိုးရိုး Facebook စာမျက်နှာသာလျှင် ဖြစ်ပါ တယ်။



ဒီ၁၃အုပ်မြောက်မှာ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်သုံးသပ် ကြည့်တဲ့အခါ ပျမ်းမျှခြင်းအားဖြင့် ၃,၄လနေမှတစ်အုပ်လောက် ထွက် နှုန်းရှိတာကို အရင်ဆုံးသတိထားမိပါတယ်။

ဘာပဲဖြစ်ဖြစ် ပရိသတ်အားပေးမှုရှိတဲ့ စာရေးဆရာတစ် ယောက်အနေနဲ့ ကျွန်တော်တစ်လတစ်အုပ်ထုတ်လို့ ရပါတယ်။ အဲဒီလို ဆို ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော် ပိုက်ဆံပိုရတာပေါ့။ ဒါပေ မယ့် ဒဿကျော်စွာဆိုတဲ့နာမည်လေးတစ်ခုကိုတော့ ကျွန်တော်ရေရှည် တည်တံ့ချင်ပါတယ်။ ဒါကြောင့် တော်ရုံလျှော်ရုံ သဘောမထားပဲ တစ်အုပ်နဲ့ တစ်အုပ် ထူးထူးခြားခြားကွဲကွဲပြားပြားလေး ဖြစ်နေစေချင် ပါတယ်။ အဲဒီလိုဖြစ်အောင် အားထုတ်နေလို့လဲ အတွက်ကျဲရတာပါ။

ကျွန်တော်ရေးသုံးစာမျက်နှာမှာ ကြော်ငြာထားတာတွေ ပါလိမ့် မယ်။ အုပ်တိုင်းဟာ အထူးထုတ်ဆိုတာလေ။ အဲဒါဟာ ကြော်ငြာသက် သက်မဟုတ်တဲ့ တကယ်ကို အဲဒီအတိုင်းကျွန်တော်ယုံကြည်လုပ်ဆောင် နေတာကြောင့်ပါ။

နောက်ပြီးတော့ ယနေ့ထိ ကျွန်တော်ထုတ်ဝေလာခဲ့တဲ့စာအုပ် ၁၃အုပ်လုံးကို ပုံစံအမျိုးတကျဖြစ်နေအောင် စီစဉ်ထားပါတယ်။ မျက်နှာ ဖုံး၊ စာလုံးဒီဇိုင်း စတာတွေဟာ ဟိုးမဖဲ၀ါစာအုပ်ကနေ ယနေ့ထိ ကျွန်တော့်ပုံစံလေးနဲ့ သီးသန့်ရှိနေတာကို သတိပြုမိမယ်ထင်ပါတယ်။

ဒါပေမယ့် ရှေ့ပိုင်းကာလစာအုပ်တွေမှာ ကျွန်တော်လက်

www.burmeseclassic.com



ဆောင်သဘောထည့်ပေးခဲ့ပေမယ့် နောက်ပိုင်းမပါတော့တာကိုလည်း သတိပြုမိကောင်းပြုမိပါလိမ့်မယ်။

ပုဏ္ဏကတိုက်တဲ့အိမ် စာအုပ်မှာဆိုရင် ကစားနည်းဆန်းဆန်းလေးတစ်ခုတောင် ပါခဲ့ပါသေးတယ်။ ဒါပေမယ့် ပရိသတ်က အဲဒါတွေကို သိပ်မနှစ်သက်လှဘူးထင်တာနဲ့ ကျွန်တော်ဆက်မထည့်တော့တာပါ။ ဒါပေမယ့် နောက်ပိုင်း တစ်ချို့ပရိသတ်ဆီက ကြားရတယ်။ ကျွန်တော်အဲဒီတုန်းကထည့်ခဲ့တဲ့ လက်ဆောင်လေးတွေကို မက်မက်စွက်စွက်ရှိခဲ့တာ ကျွန်တော်ထည့်ပေးခဲ့တဲ့ ဂိမ်းကလေးကို သဘောကျကြတာတွေပါ။ ဒါကြောင့် နောက်ပိုင်းတွေမှာ အဲဒါလေးတွေ ကျွန်တော် ပြန်ထည့်ပေးသွားဖို့ရှိပါတယ်။ လောလောဆယ်အနေနဲ့တော့ myanmarghost.com ဆိုတဲ့ Website လေးမှာ အရင်ထည့်ထားပေးပါဦးမယ်။

နောက်ဆုံးပြောစရာကတော့ ကျွန်တော့် ကလောင်ခွဲတွေနဲ့ ပတ်သက်ပါတယ်။ ကျွန်တော်ဟာ ဒီဗကျော်စွာ၊ ဒဏ္ဍကျော်စွာစတဲ့ ကလောင်ခွဲတွေနဲ့လည်း ရေးမယ်လို့ ကြော်ငြာပြီး အဲဒီနာမည်တွေနဲ့ စာအုပ်တော်တော်လေးလဲ ထုတ်ဝေခဲ့ပါတယ်။

အဲဒီအကြောင်းကိုလည်း ပွင့်ပွင့်လင်းလင်းပြောရရင်တော့ လိုင်းမတူတာလေးတွေကို ရေးချင်တာရယ်၊ ဆင်တူယိုးမှားလုပ်လာနိုင်တဲ့ အတုအပကို ကြိုကာထားချင်တာရယ်ကြောင့်ပါ။ ဂီတမှာ ကိုလေး



ဖြူ ထွက်သမျှ စီးရီးအားလုံး ရသတစ်ခုပေးနိုင်သလို၊ ရွှေပုဇွန်က ကိတ်မုန့်အမျိုးအစားအားလုံး စားကောင်းသလို ကျွန်တော်လည်း ဒဿကျော်စွာဆိုတဲ့ အမှတ်လက္ခဏာလေးဟာ စာပေမှာ ဖတ်ကောင်းတယ်ဆိုတဲ့ သင်္ကေတအမှတ်အသားလေးတစ်ခုကို ရအောင်ကြိုးပမ်းနေပါတယ်။ ဒီလိုလုပ်နေစဉ်အခိုက် ပရိသတ်က ကိုယ့်လက်ရာကို မရင်းနှီးသေးခင် ဆင်တူယိုးမှားတွေကြောင့် ဒီနာမည်ရဲ့တံဆိပ်လက္ခဏာအပေါ် အထင်အမြင်မှားယွင်းသွားမှာစိုးတာရယ် မတူကွဲပြားတဲ့လိုင်းတွေကို ရေးချင်တာရယ်ကြောင့် ကလောင်တွေခွဲခဲ့တာဖြစ်ပါတယ်။

အခုလောက်ဆိုရင်တော့ ပရိသတ်အနေနဲ့ ကျွန်တော့်လက်ရာကို ရင်းနှီးနေလောက်ပြီလို့ ယူဆတာကြောင့်ရော၊ ကျွန်တော်ရေးချင်တဲ့ လိုင်းကွဲလေးတွေကို အတန်အသင့် ရေးပြီးတာကြောင့်ရော ကလောင်ခွဲတွေထားစရာ မလိုတော့ဘူးလို့ ယူဆပါတယ်။

**ဒဿကျော်စွာ**နာမည်တစ်ခုကိုသာ အားပြည့်အင်ပြည့် နိုင်နိုင်မာမာ ရေးဆက်သွားပါမယ်။

ဒါကြောင့် ...

ပထမဆုံးအနေနဲ့

**ဒီဗကျော်စွာ**ဆိုတဲ့ ကလောင်ခွဲကို ပြန်ရုတ်သိမ်းတော့မှာဖြစ်ကြောင်း ကြော်ငြာအပ်ပါတယ်။

အဲဒီနာမည်နဲ့ ကျွန်တော်ထပ်မရေးတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဝေသူဆီမှာတော့ အဲဒီနာမည်နဲ့ ပေးထားတာလေးတွေ နည်းနည်းရှိပါသေးတယ်။ သူ့ဆန္ဒအရ အဲဒါတွေကို သူထုတ်ချင်လဲ ထုတ်ပါလိမ့်ဦးမယ်။ အဲဒါတွေပြီးရင်တော့ အဲဒီနာမည်နဲ့ ထပ်ထွက်တော့မယ် မဟုတ်ပါ။

**ဒတ္တကျော်စွာ**ဆိုတဲ့ နာမည်နဲ့ကတော့ တော်တော်များများကို ရေးထားပြီးသား ရှိနေပါတယ်။ ဒါပေမယ့် အဲဒါတွေကုန်သွားတာနဲ့ ထပ်ရေးတော့မယ် မဟုတ်ပါ။

ကျွန်တော့်မိတ်ဆွေ **သင်တိုင်းညွှန့်**ဆိုတဲ့ စာရေးဆရာနဲ့ ပူးတွဲရေးတာကတော့ ရှင်းပါတယ်။ ကျွန်တော့်ပရိသတ်က ပေးပို့လာတဲ့ ထူးထူးခြားခြားဇာတ်လမ်းတွေကို သူနဲ့အတူရေးကြတာပါ။ ဥအုပ်တော့ သူ့နာမည်လေးနိုင်မသွားအောင်ရယ်၊ ကျွန်တော့်ပရိသတ်နဲ့ သူအဆက်ရသွားအောင် ကူရေးပေးမယ်လို့ သဘောတူထားတယ်။ အဲဒါပြီးရင်တော့ သူ့ဘာသာရှေ့ဆက်သွားမှာဖြစ်သလို ပရိသတ်ဟာလည်း ပေးပို့မြဲအတိုင်း သူ့ဆီတိုက်ရိုက် ပေးပို့နိုင်ကြပါပြီ။

ဒီလို ကလောင်ခွဲတွေအပေါ်မှာ ဖြန့်ခွဲထားရတဲ့ အားအင်တွေအကုန်လုံးကို စုစည်းပြီး **ဒဿကျော်စွာ**နာမည်တစ်ခုတည်းသာ အားစိုက်ထုတ်ခြင်းအားဖြင့် **ဒဿကျော်စွာ** ဝတ္ထုတွေဟာ အရည်အသွေး ပိုတောက်ပြောင်လာမယ်လို့ ရည်ရွယ်သလို စဉ်ဆက်မပြတ်လည်း ထွက်ရှိလာနိုင်တော့မယ်လို့ ထင်ပါတယ်။



အဲဒီလိုဖြစ်အောင်လည်း ကျွန်တော်အစွမ်းရှိသမျှ အားထုတ်သွားမှာပါ။ အရင် **ဒိဗ္ဗကျော်စွာ**၊ **ဒတ္တကျော်စွာ** နာမည်တွေကိုဖြန့်ခွဲအားပေးခဲ့ကြတဲ့ ပရိသတ်အနေနဲ့လည်း **ဒဿကျော်စွာ** နာမည်တစ်ခုတည်းသာ စုရုံးအားပေးကြစေဖို့ ကြိုတင်မေတ္တာရပ်ခံလိုက်ပါရစေ။

ပြန့်ကြဲနေတဲ့ တပ်စုအားလုံးကို စုပေါင်းလိုက်သလို၊
ခွဲဖြာနေတဲ့ မြားအားလုံးပစ်မှတ်တစ်ခုထဲ ဦးတည်လိုက်သလို၊
ငြိမ်သက်နေတဲ့ ရေပြင်ကျယ်ကြီးကို ဆွဲပေါင်းစုရုံးလိုက်သလို၊

ဒဿကျော်စွာဆိုတဲ့ ရေတံခွန်လေးတစ်ခုဟာ ပရိသတ်ရဲ့ခံစားတတ်တဲ့ နှလုံးသားများဆီအရောက် အရှိန်ပြင်းပြင်း တစ်ဟုန်ထိုးစီးဝင်ပါတော့မယ်။ မြတ်နိုးတတ်သောစိတ်နဲ့ လက်ခံပေးပါလို့ လေးမြတ်စွာ ပန်ကြားလိုက်ပါရစေ။

**ဒဿကျော်စွာ**

BURMESE CLASSIC

www.burmeseclassic.com